မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၂၆၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

၂၀၁၃ ခုနှစ်၊ ဇွန် ၃၀ ရက်၊ တနင်္ဂနွေနေ့။

ထစ်ချုန်းမိုး

၃၀-၆-၂၀၁၃

နေပြည်တော် နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အစိုးရသစ်လက်ထက်တွင်လည်း လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအတွက် ဥပဒေများကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ရန် လွှတ်တော်တွင် ဆွေးနွေးလျက်ရှိ

နေပြည်တော် ဇွန် ၂၉

အဂတိလိုက်စားမှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန် နည်းပညာနှင့် အကူအညီများ ပေးလျက်ရှိရာ Spectrum အဖွဲ့နှင့် Gopac အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ် Meeting Room ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ အမြဲတမ်းကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ Spectrum အဖွဲ့နှင့် Gopac အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ယခင်ကတည်းက လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအတွက် ဥပဒေများရေးဆွဲပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း၊ ယနေ့ အချိန်အထိ အသက်ဝင်နေသည့် ဥပဒေများလည်းရှိနေပါကြောင်း၊ အစိုးရသစ်လက်ထက်တွင်လည်း လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးအတွက် ဥပဒေများကို ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရန် လွှတ်တော်တွင် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ○

အစိုးရကို လက်ခုပ်တီးပြီး အားလုံးကောင်းပါသည်ခင်ဗျားလို့ လုပ်ဖို့မဟုတ် အစိုးရမှားရင် အစိုးရကိုပြော၊ လွှတ်တော်မှားရင် လွှတ်တော်ကိုပြော အားလုံးကိုထောက်ပြနိုင်

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ပြည်တွင်းပြည်ပသတင်းမီဒီယာများ၏ ပုံမှန်တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးခင်ရီနှင့် ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် ဦးပွင့်ဆန်းတို့တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပဏာမရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များက ပြည်တွင်းပြည်ပသတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြား**(ယာပုံ)**ကြပြီး တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်တွင်းပြည်ပသတင်းမီဒီယာအချို့နှင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းတို့အား မြန်မာနိုင်ငံ၏ မီဒီယာလောကအခြေအနေနှင့် နိုင်ငံတည်ဆောက်ရေးအတွက် မီဒီယာများ၏ အရေးပါမှုနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခဲ့ပါသည်-

7 daysnews ဂျာနယ်မှ ကိုအောင်သူရက "တကယ်တမ်း မြန်မာနိုင်ငံရဲ့ မီဒီယာလောက ပွင့်လင်းလာတာဆိုရင် အခုအစိုးရလက်ထက်မှာ ဖွံ့ဖြိုးလာတယ်လို့ ပြောရပါမယ်။ တစ်ချိန်က ကျွန်တော်တို့ ထိုင်းနိုင်ငံမှာ မီဒီယာသင်တန်းသွားတက်ရောက်တာတောင် ခိုးကြောင်ခိုးဝှက် တက်ရောက်ခဲ့ရပါတယ်။ အိမ်ပြန်ရောက်ချိန်မှ သက်ပြင်းချနိုင်ခဲ့ပါတယ်။ အဲဒီလိုအခြေအနေမျိုးကနေ ဝုန်းဒိုင်းဆိုသလို မီဒီယာက ပွင့်သွားတယ်။ ပွင့်သွားတဲ့အခါမှာ တချို့ဟာတွေမှာ ကျွန်တော်တို့ရဲ့ Capacity ပိုင်းမှာလည်း ပြဿနာတွေရှိတယ်။ အဲဒီလို အခြေအနေမျိုးဖြစ်နေတဲ့အချိန်မှာ

လိုက်ဖြည့်ဆည်းနေရာကနေ ဒီဘက်ကတိုးတက်တဲ့နှုန်းက အလွန်မြန်နေတဲ့အတွက် လိုက်မမီနိုင်ပါဘူး။ လိုက်မမီတဲ့အချိန်မှာ ပဋိပက္ခတွေကဖြစ် Conflict Sensitive Reporting အပိုင်းတွေကို ပြည်တွင်းရော ပြည်ပမှာပါလုပ်တဲ့အတွက်

စာမျက်နှာ ၅ ကော်လံ ၁ ◆

ယနေ့ မာတိကာ

သိမ်မွေ့နက်နဲသည့် မြန်မာ့အနုသုခုမပညာ
ခေါင်းကြီး
စာ - ၂

ရုရှားနှင့်အီရန်ပူးတွဲ စစ်ရေးလေ့ကျင့်မည်
စာ - ၄

သတ်ပုံသတိဖြင့် ယှဉ်တွဲမှတ်စရာ
ဆောင်းပါး
စာ - ၆

ရန်ကုန်တိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အားများ ပိုမို ဖြန့်ဖြူးပေးနိုင်တော့မည်
စာ - ၇

တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကြမ်း
စာ - ၈၊ ၉

ထမံသီ တောရိုင်း တိရစ္ဆာန် ဘေးမဲ့တောတွင် ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးပညာပေး
စာ - ၁၀

မိုးတွင်းကာလ ကျော်လွှားရမည့် စိန်ခေါ်မှုများ
စာ - ၁၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

သိမ်မွေ့နက်နဲသည့် မြန်မာ့အနုသုခုမပညာ

မြန်မာတို့၏ အနုသုခုမပညာရပ်များသည် ခက်ခဲနက်နဲ သိမ်မွေ့သည်။ မြန်မာ့အနုပညာနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီး၊ ပန်းချီ၊ ပန်းပုစသည့်ပညာအားလုံးသည် ရသ မြောက်အောင် ဖန်တီးသောပညာရပ်များဖြစ်သည်။ လူတို့၏ စိတ်ကို သဘာဝ၏အလှအပ ရသနှင့် အနုပညာ၏ ရသတို့က နူးညံ့ပျော့ပျောင်းစေသည်။ ကြမ်းတမ်းသောသူတို့၏စိတ်ကို နူးညံ့ပျော့ပျောင်းအောင် ဖန်တီးပေးနိုင်စွမ်းရှိသည်။ ရိုင်းပျသော ဘဝမှ ယဉ်ကျေးသိမ်မွေ့သောဘဝကိုရောက်အောင် ပို့နိုင်သည်။

ရသသည် လူကိုမဆိုထားနှင့် အလွန်ကြမ်းတမ်း ရိုင်းစိုင်းသော တောရိုင်းတိရစ္ဆာန်တို့ကိုပင် နူးညံ့ပျော့ပျောင်းလာစေနိုင်သည်ဟု ပညာရှိတို့က ရသ၏ဂုဏ်သတ္တိကို ဖော်ကျူးကြသည်။ အဆို၊ အက ပညာ၊ ကဗျာ၊ ဂီတပညာ၊ ပန်းချီ၊ ပန်းပုပညာ၊ ဗိသုကာပညာစသည်တို့သည် ပညာရပ်ချင်း၊ ပစ္စည်းချင်း၊ အသုံးပြုပုံချင်း ကွဲပြားခြားနားသော်လည်း ရသတွင်မူကား တစ်မျိုးတည်းဖြစ်သည်။ မြင်ရသူ၊ ကြည့်ရှုသူ၊ ခံစားနားထောင်ရသူတို့အတွက် စိတ်ဝင်စား နှစ်သိမ့်ပီတိဖြစ်ရခြင်းသည် ထိုပညာ၏ ရသမြောက်မှုကိုဖော်ပြလျက်ရှိ၏။

ရှေးမဇ္ဈိမဒေသ အိန္ဒိယပြည်ရှိ ပညာရှိကြီးများသည် ရသကို အလေးပြုလျက် ခမ်းနားဆန်းကြယ်သော ကျမ်းကြီးများကို ရေးသားပြုစုခဲ့ကြသည်။ ကဗျာ၌ ရသကို အလင်္ကာကျမ်းတွင် သက္ကတဘာသာဖြင့်သာ ရေးသားထား၏။ မြန်မာနိုင်ငံတွင် သက္ကတဘာသာ အလေ့အကျက်နည်းပါးလျက် ပါဠိဘာသာကိုသာ လေ့လာသင်ကြားကြခြင်းကြောင့် အလင်္ကာကျမ်းကိုသာ လေ့လာကြရသည်။ မြန်မာနိုင်ငံတွင် သျှင်ဥတ္တမကျော် သီဆိုခဲ့သော "စက်ဆယ့်နှစ်လီ" အစချီသော တောလားလင်္ကာစသည့် ကဗျာကြီးများက ဖော်ကျူးသော ရသသည် ရှေးပုဂံလိုဏ်ဂူ ဘုရားပုထိုးများအတွင်း ရှေးပန်းချီဆရာကြီးများ ရေးခြယ်ခဲ့သော နံရံဆေးပန်းချီပုံများ၊ ကျောက်သားဖြင့် ထုလုပ်ထားသည့် နိပါတ်တော်ပုံများက ဖော်ပြသော ရသနှင့် အတူတူပင်ဖြစ်သည်။ မည်သည့်အနုပညာမဆို ရသမမြောက်လျှင် တန်ဖိုးမရှိချေ။

အဆို၊ အက၊ အရေး၊ အတီး၊ ကဗျာ၊ လင်္ကာ၊ ပန်းချီ၊ ဗိသုကာစသည်တို့ကို ဖန်တီးပုံဖော်ရာတွင် ရသမပါလျှင် အချည်းအနှီးပင်ဖြစ်သည်။ ထိုအတတ်ပညာကို ကြည့်ရှုခံစားရသူသည် ရသကို ဂရုမပြုမိလျှင်လည်း အကျိုးမရှိ။ ဖန်တီးပုံဖော်သည့် အနုပညာသည် ကြည့်ရှု၊ နားထောင်သူတို့အတွက် ရသမြောက်လျှင် တန်ဖိုးရှိပြီး အကျိုးလည်းရရှိသည်။ ရသသည် အနုပညာ၏ အချုပ်ဖြစ်သည်။

ယနေ့အခါ လူတို့တွင် လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းနေကြသည်။ ယင်းဒေါသ၊ မောဟတရားများကြောင့် တစ်ဦးနှင့်တစ်ဦး အမုန်းတရားများ ပွားများကြရသည်။ သို့သော်လည်း ဒေါသအမျက်ထွက်နေပြီး သတ်မည်ဟုကြုံးဝါးနေသောသူသည် ချိုးကူ သံလေးကိုကြားမိ၍ မသတ်ဖြစ်ခဲ့သော လူသတ်မှု၊ ဓားပြတိုက်မည်ဟု လက်နက်အစုံဖြင့်သွားစဉ် သွားရာလမ်းတွင် ယာခင်းထဲမှရွတ်ဆိုလိုက်သော ဘုရားဝတ်ပြု သံကိုကြား၍ မတိုက်ဖြစ်သော ဓားပြမှု၊ မြင်မြင်သမျှ အကြမ်းဖက်ချင်လောက်အောင် အသည်းနှလုံးတွင်းသို့ အမိုက်မှောင်ကြီးတိုးဝင်လာခိုက် ဖြူဖွေးသော တိမ်တိုက်လေးကို မြင်မိသဖြင့် အလင်းရောင်ကိုရရှိခဲ့သည့်ဖြစ်စဉ် စသည်ဖြင့် ဖြစ်စဉ်ပေါင်း များစွာရှိခဲ့ပေသည်။ ထို့ကြောင့် ရသကို အနုပညာ ပုံဖော်သူအားလုံးက ဖော်ပြနိုင်ကြရမည်ဖြစ်ပြီး လူတိုင်းကလည်း မိမိဖတ်သောစာ၊ ကြည့်ရှုသောပန်းချီ၊ အနုပညာ၏ ရသကို ခံစားရရှိပါက ဖန်တီးသူနှင့် ဖန်တီးမှု အနုပညာများ တန်ဖိုးမြင့်လာမည်ဖြစ်ပါကြောင်း။ ။

စီးပွားရေးဘာသာရပ်များနှင့်နည်းပညာဘာသာရပ်အကြောင်း ဆွေးနွေးပွဲ

[illegible] ၉ တန်းအောင်/၁၀ တန်းအောင် ကျောင်းသားများ [illegible] ကျောင်းသား/ကျောင်းသူများအတွက် [illegible] Edu - Trust ၄- [illegible]

နေ့ရက် : : ဇူလိုင်လ (၂)ရက် (အင်္ဂါနေ့)
အချိန် : : နေ့လည် (၃)နာရီမှ ညနေ (၅)နာရီအထိ
နေရာ : : Myanmar Search International (MSI) ရုံးခန်း

MSI ၊ KHEA သို့ [illegible] Myanmar Search International (MSI) ၏ [illegible]

MYANMAR SEARCH INT'L

အမှတ်(၂၃၄) ရွှေဘုံသာ(အလယ်)လမ်း ပုဇွန်တောင်(ညာ)။
၀၉ ၅၀၀၃၉၀၅၊ ၀၉ ၈၆၂၁၁၀၄၊ ၀၁ ၂၅၀၉၂၉

ပြည်တွင်းသတင်း

မြန်မာ-ဂျပန်ပညာရေးနီးနှောဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက်ဆွေးနွေး

နေပြည်တော် ဇွန် ၂၉

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီက ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ ဂျပန်နိုင်ငံနာဂိုယာတက္ကသိုလ်မှ President ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်တက္ကသိုလ်၌ မြန်မာ-ဂျပန် ဥပဒေသုတေသနဌာန (Myanmar- Japan Legal Research Center) ဖွင့်လှစ်နိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနနှင့် ဂျပန်နိုင်ငံနာဂိုယာတက္ကသိုလ်ဥပဒေပညာကျောင်းတို့အကြား ပညာရေး နီးနှောဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီမှု (Agreement) နှင့် ပညာရေးနီးနှောဖလှယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU)လက်မှတ်ရေးထိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညှိနှိုင်းဖလှယ်

အဆိုပါ နားလည်မှုစာချွန်လွှာနှင့် သဘောတူညီမှုတွင် စာသင်သားများ အပြန်အလှန်ဖလှယ်ခြင်း၊ ပါမောက္ခများ၊ သုတေသီများ၊ ဝန်ထမ်းများ အပြန်အလှန်ဖလှယ်ခြင်း၊ ပညာရေးဆိုင်ရာစာစောင် ပုံနှိပ်ထုတ်ဝေမှုများ၊ ဥပဒေနှင့်အခြားသော သုတေသနဆောင်ရွက်မှုများကို လဲလှယ်ခြင်း၊ ပူးပေါင်းသုတေသနလုပ်ခြင်း၊ ပညာရေးဆိုင်ရာ ညှိနှိုင်းဖလှယ်ပွဲနှင့် စာတမ်းဖတ်ပွဲများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရန်ကုန်တက္ကသိုလ်ဝင်း အတွင်း မြန်မာ-ဂျပန်နိုင်ငံ ဥပဒေဆိုင်ရာ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရန်ကုန်တက္ကသိုလ်ဝင်း အတွင်း မြန်မာ-ဂျပန်နိုင်ငံ ဥပဒေဆိုင်ရာ သုတေသနစင်တာကို ထူထောင်ရေးနှင့် လည်ပတ်နိုင်ရေးတို့တွင် ပူးပေါင်း လုပ်ဆောင်ခြင်း၊ နှစ်ဦးနှစ်ဖက်သဘောတူညီချက်များအပေါ် မူတည်၍ အခြားသော ဆောင်ရွက်ချက်များကို လုပ်ဆောင်ခြင်းလုပ်ငန်းစဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏာဝိသိဋ္ဌပူဇာ ကျင်းပ

နေပြည်တော် ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်ကလပ် ကုမာရာ-ရာမကျောင်းတိုက်နှင့် ရေနံ့သာတောရ ပရိယတ္တိစာသင်တိုက်တို့၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသာမိသည် နိုင်ငံတော်က ချီးမြှင့်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ရရှိသဖြင့် အနယ်နယ်အရပ်ရပ်မှ ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ ဆရာတော်အား "ဂုဏာဝိသိဋ္ဌပူဇာ" မင်္ဂလာအခမ်းအနားကို ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးအုပ်စု တောင်ကလပ်ကျေးရွာရှိ ကုမာရာ-ရာမကျောင်းတိုက်၌ ကျင်းပသည်။

ယင်းနောက် ဦးသုမနက ဆရာတော်၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်၍ ကျောက်ပန်းတောင်း ခင်ညွန့်ညွန့်သန်းက စောင်းခေမာသီနှင့် တွဲဖက်၍ ရတုဖြင့်သီဆိုပူဇော်သည်။

လှူဒါန်း

ထို့နောက် ဆရာတော်အား ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းရာ ဆရာတော်က ယင်းအခမ်းအနားသို့ ကြွရောက်လာသော ဆရာတော်ကြီးများအား အာစရိယပူဇော်လှူဒါန်းခြင်း၊ အဘိုးအဘွားများအား သက်ကြီးပူဇော်လှူဒါန်းခြင်းတို့ကို ပြုလုပ်သည်။

ရေစက်ချ

ထို့နောက် မန္တလေးတိုင်းဒေသကြီး သံဃနာယက အကျိုးတော်ဆောင် ဓမ္မာစရိယအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသက ရေစက်ချ တရားတော်များ ဟောကြားကြောင်း သိရသည်။

ဦးမောင်(သဲကုန်း)

ညောင်ဦးမြို့နယ် ညောင်လှရွာ မူလတန်းကျောင်းဆောင် အန္တရာယ်ရှိနေ၍ ပြောင်းရွှေ့ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

ညောင်ဦးမြို့နယ် ညောင်လှကျေးရွာသည် မြင်းခြံ-ညောင်ဦးကားလမ်း ဘေးဝဲဘက်တွင် တည်ရှိသည်။ မူလတန်းကျောင်းသည် ယခင် အချိန်က ဧရာဝတီမြစ်ကမ်းပါးနှင့် ဝေးကွာသော နေရာတွင် တည်ဆောက်ထားရှိခဲ့သည်။ တစ်ဖက်ချောင်းခေါင်းရင်းဘက်တွင် သဲချောင်းရှိသည်။ ယခုအခါတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ပေ ၂၀ အကွာသာရှိတော့သည်။

ဝေးကွာ

ခေါင်းရင်းဘက် ချောင်းနှင့် ချောင်းကမ်းပါးမှလည်း ရှစ်ပေခန့်သာ ဝေးကွာတော့သည်။ "ခေါင်းရင်းဘက်မှာ တမာပင်ရှိနေလို့ပေါ့၊ တမာပင်မရှိရင် ကျွန်တော်တို့ ကျောင်းလေး ရေထဲပါတာကြာပါပြီ။

"ကျွန်တော်တို့ ကျောင်းက မြောက်ဘက်က ဧရာဝတီမြစ်၊ ခေါင်းရင်းဘက်က ချောင်းကမ်းပါးနဲ့ ဆိုတော့ အလွန်အင်မတန်အန္တရာယ်နဲ့ နီးကပ်နေပါတယ်။

"ကျောင်းဆောင်က အလျား ပေ ၆၀၊ အနံ ၃၂ ပေရှိပါတယ်။ ဆင်ဝင်ခန်းအပါအဝင် ဂငယ်ပုံ တည်ဆောက်ထားပါတယ်။ ကျောင်းသားဦးရေ ၈၂ ယောက်ရှိပါတယ်။ တမာပင်ကလည်း ချောင်းထဲပါရန် တည်းတည်းသာကျန်ပါတော့တယ်" ဟု ညောင်လှရွာသားတစ်ဦးက ပြောကြားသည်။

ညောင်လှရွာ ကျောင်းကလေးသည် ဆင်တဲဝချောင်းမှ ပွားပြီး ထွက်လာသော ချောင်းနှင့် နီးကပ်ပြီး မိုးသည်းထန် စွာရွာလျှင် အန္တရာယ်ရှိနေသည်။

ပြောကြား

မြစ်ရေကြီးချိန်တွင် လှိုင်းပုတ်ခတ်ပြီဆိုလျှင် ကမ်းပါးပြိုကျမှုမှာ တဖြည်းဖြည်း ကျောင်းနှင့် ကပ်လာပြီး ချောင်းကမ်းပါးနှင့် ရှစ်ပေအကွာသာ ရှိတော့ကြောင်း၊ သို့အတွက်ကြောင့် အန္တရာယ် ကျောင်းဆောင်ဖြစ်နေသည့် ကျွန်တော်တို့ ကျောင်းကလေးကို အမြန်ဆုံး ပြောင်းရွှေ့ပေးစေလိုကြောင်း ညောင်လှရွာသားတစ်ဦးက ပြောကြားသည်။

ကျော်ဌေး

အများပြည်သူဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်

မိတ္ထီလာ ဇွန် ၂၉

မိတ္ထီလာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူဗဟိုပြုအများပြည်သူဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းအဖြစ် စာအုပ်ပြပွဲနှင့် မိုဘိုင်းစာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်ခြင်းကို ဇွန်၁၃ ရက်က ရေဝေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ ဇွန် ၁၈ ရက်က ဖလံကျင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ ဇွန် ၂၀ ရက်က တည်ပင်ကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ဇွန် ၂၅ ရက်က ရေချိုကျေးရွာအခြေခံပညာအထက်တန်းကျောင်းတို့၌ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၂၀၀၀ ကျော်က စာအုပ်စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ခြင်းနှင့်အတူ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးတွင် ပြည်သူများပူးပေါင်းပါဝင်ရေးတို့ကို မိတ္ထီလာမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

မျိုးမင်း(သာစည်)

သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အခမ်းအနားတက်ရောက်သော တာဝန်ရှိသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုကြောင့် လာဘ်ပေးလာဘ်ယူမှုများအား လုပ်ကိုင်ဆောင်ရွက်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့လုပ်ကိုင်ဆောင်ရွက်နေကြသောကြောင့်လည်း နိုင်ငံပိုမိုဆင်းရဲနေရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လာဘ်ပေးလာဘ်ယူမှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်ရန် ဥပဒေများကို သတ်သတ်မှတ်မှတ် ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ အမြဲတမ်းကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ Spectrum အဖွဲ့နှင့် Gopac အဖွဲ့တို့မှ တာဝန်ရှိသူများ စုစုပေါင်း အင်အား ၃၄ ဦး တက်ရောက်ကြပြီး လွှတ်တော်နှင့်သက်ဆိုင်သော ကျင့်ဝတ်နှင့်ဝတ္တရားများ၊ လွှတ်တော်၏ကြီးကြပ်မှုဆိုင်ရာများ၊ ကုလသမဂ္ဂအဂတိလိုက်စားမှု ပပျောက်ရေးညီလာခံဆိုင်ရာများ၊ အဂတိလိုက်စားမှု၏ သဘောတရားဆိုင်ရာများ၊ ပွင့်လင်းမြင်သာမှုရှိသော ဘဏ္ဍာရေးနှင့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို အဆိုပါဟိုတယ်၌ ဇွန် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းမိသားစုများ၏ သား၊ သမီးများမှ ၂၀၁၂ - ၂၀၁၃ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နိုင်ငံတော်အနေဖြင့် ယနေ့လူငယ်များကိုလူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးနေခြင်းသည် တိုင်းပြည်အတွက်ဖြစ်သည်ကို နားလည်လက်ခံပြီး တော်သည်ထက် ပိုတော်အောင်၊ ကောင်းသည်ထက် ပိုကောင်းအောင် ကြိုးစားသွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုဆု

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ငါးဘာသာဂုဏ်ထူးရှင် မယမုံမြတ်ထွန်း **(ဝဲပုံ)** နှင့် နှစ်ဘာသာဂုဏ်ထူးရှင် မောင်ကျော်ဇင်ဝင်းတို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က တက္ကသိုလ်ဝင်တန်း အောင်မြင်သူနှစ်ဦးအားလည်းကောင်း၊ တာဝန်ရှိသူများက ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ချီးမြှင့်ပေးခဲ့

ယနေ့ အခမ်းအနားတွင် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော နိုင်ငံတော်သမ္မတရုံးမှ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နေပြည်တော်ကောင်စီမှ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီမှ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် သုံးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး၌ စက်မှုလယ်ယာမြေဧက(၂၀၀၀)စိုက်ကွင်းများ အကောင်အထည်ဖော်လျက်ရှိ

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်မှုလယ်ယာသုံး စက်ကိရိယာများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ခပေါင်းဆည်ရေသောက် စက်မှုလယ်ယာမြေဧက(၂၀၀၀) ဖော်ထုတ်ရေးစီမံကိန်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇွန်၂၈ ရက် နံနက် ၉ နာရီတွင် သွားရောက်ရာ ရှင်းလင်းဆောင်၌ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်နှင့် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်သန်းတို့က စက်မှုလယ်ယာမြေဧက ၂၀၀၀ မှ ဧက ၉၁၀ ဖော်ထုတ်ပြီးစီးမှု၊ မိုးစပါးအချိန်မီ စိုက်ပျိုးရန် သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်ပြီးစီးမှုများနှင့် အောင်ရေရရှိရန် ဆည်ရေသောက်စနစ် တည်ဆောက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်တိုင်းကျေးရွာနှင့် ရွာပုကုန်းကျေးရွာတို့မှ တောင်သူလယ်သမားများအားတွေ့ဆုံ၍ စက်မှုလယ်ယာမြေစနစ်၏ အကျိုးကျေးဇူးများ၊ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များ တောင်သူများထံ ဖြန့်ဖြူးပေးရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရေး၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ကူညီထောက်ပံ့ပေးရေး၊ ၉၁၀ ဧကနှင့် လုပ်ကွက်ငယ်များကို မိုးစပါးရာသီအချိန်မီနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် အပြည့်အဝ စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဖြူးမြို့နယ် ဖြူးချောင်းတမံစီမံကိန်းအနီးရှိ စက်မှုလယ်ယာမြေ ဘက်စုံသီးနှံ ဧက(၂၀၀၀)စိုက်ကွင်းသို့ သွားရောက်ပြီး သီးနှံအခြောက်ခံစက်များ၊ သီးနှံသိုလှောင်ရုံများ တည်ဆောက်နေမှုနှင့် ပုလဲသွယ်စပ်မျိုးစပါး ပျိုးပေါင်များကို ကြည့်ရှုစစ်ဆေးပြီး ရာသီအချိန်မီ ထွန်တုံးပိတ်နိုင်ရေးအတွက် တာဝန်ရှိသူများက ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေး အထက (၄) ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

မကွေး ဇွန် ၂၉

မကွေးမြို့ အထက(၄) RC နှစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က အဆိုပါကျောင်းတည်ရှိရာ မကွေးမြို့ အောင်မင်္ဂလာရပ်ကွက် သုခိတာလမ်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သီရိပျံချီ ဦးဇော်မင်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အီဂျစ်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ ရွှေတောင် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအိုက်ထွန်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) သီရိပျံချီ ဦးဇော်မင်းနှင့်ဇနီးဒေါ်ခင်မိမိ မိသားစုက မာတိမိဒိယာ စာသင်ခန်းတစ်ခန်းအတွက် ငွေကျပ် ၁၈၈ သိန်းတန်ဖိုးရှိ ကွန်ပျူတာ ၂၄ စုံနှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး Mr.Hany Riad Moawad က အမှတ်တရဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Mr.Yang Hou Lan က ကွန်ပျူတာရှစ်စုံကိုလည်းကောင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ သံအမတ်ကြီးများက ဗလာစာအုပ် ဒါဇင် ၄၀ နှင့် ခဲတံဒါဇင် ၄၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စမ်းမြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ မကွေးမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်သည် တန်ဖိုးငွေကျပ် ၃၀၃၇၈၉၀၀၀ အကုန်အကျခံ၍ ရွှေတောင်ကုမ္ပဏီက တည်ဆောက်လှူဒါန်းခြင်းဖြစ်သည်။ **ကိုပိုင်(ပတ္တမြား)**

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

သုဝဏ္ဏ၊ VIP ဗိုလ်ချုပ်ရွာ၊ ဆိတ်ငြိမ်ရပ်ကွက်၊ သံသုမာလမ်းနှင့် စရည်ပင်လမ်းထောင့်၊ သံသုမာလမ်းမကြီးဘေး၊ မျက်နှာစာနှစ်ဖက်ပါ၊ မြေအကျယ် ပေ ၈၀ x ပေ ၆၀၊ အသင့်နေထိုင်နိုင်သော နှစ်ထပ် RC၊ ဂရန်အမည်ပေါက်၊ Master Bedroom (၂) ခန်း၊ ရိုးရိုးအိပ်ခန်း (၂) ခန်း၊ ဧည့်ခန်းကျယ်၊ အဲယားကွန်း (၅) လုံး၊ ကြိုးဖုန်း (၂) လုံး၊ ပါဝါမီတာ၊ ဝန်ထမ်းမိသားစုနေထိုင်နိုင်သော နှစ်ထပ်ကားဂိုဒေါင်၊ ပတ်ဝန်းကျင်ကောင်း၍ စီးပွားရေးလုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ (ကျပ်သိန်း 20000)

ဆက်သွယ်ရန် ဖုန်း- ၀၉-၅၁၇၈၉၇၉၊ ၀၉-၇၃၂၂၄၄၀၀၊ ၀၉-၄၃၀၂၂၈၂၈၊ ၀၉-၅၅၀၄၀၇၁၊ ၀၁-၂၄၁၁၉၄၊ ၀၁-၂၄၆၇၉၂

နိုင်ငံတကာသတင်း

အနောက်နိုင်ငံများအနေဖြင့် တာလီဘန်တို့နှင့် ဆွေးနွေးသင့်ဟု နေတိုးဗိုလ်ချုပ်ကြီးနစ်ကာတာ ပြောကြား

ကဘူးလ် ဇွန် ၂၉

အနောက်နိုင်ငံများအနေဖြင့် အာဖဂန်တာလီဘန် အစိုးရကို ဖြုတ်ချခဲ့ပြီး ဆယ်စုနှစ်အကြာ တာလီဘန်တို့နှင့် ဆွေးနွေးသင့်ကြောင်း အာဖဂန်ရောက် ထိပ်တန်းနေတိုးဗိုလ်ချုပ်ကြီးက ပြောကြားလိုက်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ အကျပ်အတည်းကို ဖြေရှင်းရာတွင် နိုင်ငံရေးနည်းလမ်းဖြင့် ကိုင်တွယ်ခြင်းသည် ပိုမိုလွယ်ကူစေလိမ့်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး နစ်ကာတာက ပြောကြားလိုက်သည်။

ယင်းတို့အနေဖြင့် တာလီဘန်တို့နှင့် စေ့စပ်ဆွေးနွေးရန် ကြိုးစားနေကြောင်း ပြောကြားပြီးနောက် ၄င်း၏ မှတ်ချက်ကို ဂါးဒီးယန်း သတင်းစာက ဖော်ပြသည်။ ၂၀၁၄ ခုနှစ် နေတိုးတပ်များက အာဖဂန်မှ ထွက်ခွာပြီးနောက် အာဖဂန်တပ်ဖွဲ့များကို စစ်ရေးနှင့်ငွေရေးကြေးရေး ထောက်ပံ့ပေးရန်လည်း လိုအပ်လိမ့်မည်ဟု ဗိုလ်ချုပ်ကြီး ကာတာက ပြောသည်။ **(ဘီဘီစီ)**

နေတိုးဗိုလ်ချုပ်ကြီး နစ်ကာတာ

အီရန်ရေတပ် ရေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ရုရှားနှင့် အီရန် ပူးတွဲစစ်ရေးလေ့ကျင့်မည်

မော်စကို ဇွန် ၂၉

ရုရှားနိုင်ငံနှင့် အီရန်နိုင်ငံတို့သည် ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း ကက်စပီယံပင်လယ်၌ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်သွားရန် စီစဉ်နေကြောင်း ရုရှားရေတပ်ထိပ်တန်းတပ်မှူးတစ်ဦးက ပြောကြားသည်။

ရုရှားဒုတိယတပ်မှူး ယာဘူဘိုစကီးက အီရန်တပ်မှူးနှင့် ရုရှားဆိပ်ကမ်းမြို့ အက်စထရာခမ်း၌ ဇွန် ၂၈ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါ နှစ်နိုင်ငံသည် ၂၀၀၉ ခုနှစ်က ကက်စပီယံပင်လယ်အတွင်း စစ်သင်္ဘော ၃၀ နှင့်အတူ ပထမဆုံးအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်ခဲ့ကြသည်။ အီရန်နိုင်ငံက ရုရှားဆိပ်ကမ်းမြို့ အက်စထရာခမ်းသို့ တီဟီရန်နှင့် မော်စကိုအကြား ချစ်ကြည်ရေးဆက်ဆံမှုအဖြစ် ဒုံးကျည်များပစ်ခတ်နိုင်သော စစ်သင်္ဘောနှစ်စင်း စေလွှတ်ထားသည်။

အီရန်ရေတပ်အုပ်စုသည် ရုရှားနိုင်ငံ အဆိုပါ ဆိပ်ကမ်းသို့ ရောက်ရှိနေစဉ်အတွင်း ရုရှားစစ်တပ်နှင့် ဆိပ်ကမ်းများသို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း၊ ရုရှားထိပ်တန်းတပ်မှူးများ၊ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ပစိဖိတ်သမုဒ္ဒရာကို ခရီးရှည်ဖြတ်သန်းလာခဲ့သော ရုရှားရေတပ်အုပ်စုသည် ဧပြီ ၂၁ ရက်က အီရန်နိုင်ငံတောင်ပိုင်း ဘာဒါအဘတ်စ်ဆိပ်ကမ်း၌ ကျောက်ချရပ်နားထားသည်။

အီရန်ရေတပ်သည် မကြာသေးသည့်နှစ်များက နိုင်ငံတကာရေပိုင်နက်အတွင်း ကုန်တင်သင်္ဘောများနှင့် ဆီတင်သင်္ဘောများကို ပိုမိုကာကွယ်ပေးနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

အမေရိကန်နိုင်ငံ အနောက်ပိုင်း၌ အပူချိန်စံချိန်တင်

ကယ်လီဖိုးနီးယား ဇွန် ၂၉

အမေရိကန်နိုင်ငံအနောက်ပိုင်းဒေသများ၌ အပူလှိုင်းကျရောက်လျက်ရှိရာ ကမ္ဘာပေါ်တွင် စံချိန်တင်အပူရှိန်မြင့်မားမှုဖြစ်ပေါ်လျက်ရှိကြောင်း ဇွန် ၂၉ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဖီးနစ်နှင့်အရီဇိုးနားတို့၌ ဇွန် ၂၈ ရက်က အပူချိန် ၁၁၆ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်ခဲ့ကြောင်း၊ အပူလှိုင်းကျရောက်မှု ထပ်မံရက်ကြာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ ဒေသများရှိ မြို့ကြီးများ၌ အအေးခံစင်တာများ ဖွင့်လှစ်ထားရပြီး အပူလှိုင်းကြောင့် လေကြောင်းခရီးသွားလာမှု နှောင့်နှေးဖွယ်ရှိသည်။ လေယာဉ်အများစုသည် အပူချိန် ၅၂ ဒီဂရီစင်တီဂရိတ်အထိသာ အမြင့်ဆုံး အပူချိန်အတွင်း မောင်းနှင်နိုင်စွမ်းရှိသည်။

အပူချိန်လွန်စွာ မြင့်မားနေပါက လေကြောင်းသွားလာရေးအတွက် ထိခိုက်လာနိုင်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

(၃၇)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေး အောင်မြင်စွာပြီးမြောက်

ပေကျင်း ဇွန် ၂၉

(၃၇)ကြိမ်မြောက်အဖြစ် ကျင်းပခဲ့သော ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီအစည်းအဝေးပွဲသည် ၁၁ ရက်မြောက် ဆွေးနွေးပြီး ဇွန် ၂၇ ရက်က အောင်မြင်စွာပြီးမြောက်သွားပြီဖြစ်သည်။

အဆိုပါ(၃၇)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် အစည်းအဝေးပွဲသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ အိမ်ရှင်အဖြစ်လက်ခံကာ ဇွန် ၁၆ ရက်က စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။ ၁၁ ရက်ကြာမြင့်သည့် ၄င်းအစည်းအဝေးပွဲမှ ကမ္ဘာတစ်ဝန်း ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် နေရာဒေသ ၁၉ ခုတို့အား သတ်မှတ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ယခုအခါ ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာဒေသများမှာ ကမ္ဘာတစ်ဝန်း စုစုပေါင်း ၉၈၁ ခု ရှိသွားပြီဖြစ်သည်။

ယူနက်စကို ကမ္ဘာ့အမွေအနှစ်ကော်မတီသည် ယဉ်ကျေးမှုနှင့် အလှအပများဖြစ်ထွန်းတည်ရှိရာဒေသတို့အား ကမ္ဘာ့အမွေအနှစ်ဒေသများအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ ၄င်းအပြင် အဆိုပါကော်မတီမှ ပြည်တွင်းစစ်ပွဲများကြောင့် ပျက်စီးဆုံးရှုံးမှုများပြားလျက်ရှိသော ဆီးရီးယားနိုင်ငံရှိ နေရာဒေသ ခြောက်ခုကိုလည်း အန္တရာယ်ကျရောက်နေသော ကမ္ဘာ့အမွေအနှစ်နေရာများအဖြစ် သတ်မှတ်သေးသည်။ ဒမတ်စကတ်ရှေးဟောင်းမြို့တော်သည်လည်း အဆိုပါ ခြောက်နေရာထဲတွင် ပါဝင်လျက်ရှိသည်။ **နေခြည်**

ဂွါတီမာလာအနောက်ပိုင်း၌ လေယာဉ်ငယ်ပျက်ကျ လေယာဉ်ပေါ်လိုက်ပါသူ ခြောက်ဦးသေဆုံး

ဂွါတီမာလာစီးတီး ဇွန် ၂၉

ဂွါတီမာလာနိုင်ငံအနောက်ပိုင်းတွင် ဇွန် ၂၈ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ မက္ကဆီကိုနိုင်ငံသားနှစ်ဦးအပါအဝင် လေယာဉ်ပေါ်လိုက်ပါလာသူခြောက်ဦး သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးသမားများ၏ ပြောကြားချက်အရ သိရသည်။

အဆိုပါလေယာဉ်ပျက်ကျမှုသည် မက္ကဆီကိုနှင့်နယ်စပ်အနီး ဂွါတီမာလာနိုင်ငံအနောက်ပိုင်း နူဗိုပေါ်ဗီနာမြို့အတွင်း၌ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလေယာဉ်မှာ တစ်စင်းလုံးပျက်စီးခဲ့ကြောင်း မီးသတ်ဌာန၏ ပြောကြားချက်အရ သိရသည်။

ယင်းလေယာဉ်ပျက်ကျသည့် နေရာအနီး အပျက်အစီးများအတွင်း မက္ကဆီကိုနိုင်ငံသားနှစ်ဦး သေဆုံးနေသည်ကို ကယ်ဆယ်ရေးသမားများက တွေ့ရှိခဲ့သည်ဟု ဆိုသည်။

ဒေသဆိုင်ရာအာဏာပိုင်များက ယင်းလေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

ဂွါတီမာလာလေယာဉ်ပျက်ကျပြီးနောက် ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

မောင်မွှေး ရေးသားသည်

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အထူးအဖွဲ့၊ ခရိုင်များမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းများဆောင်ရွက်ရန် လိုအပ်သည့်ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ် ပြည်နယ်	ပစ္စည်းအမျိုးအစား	အရေအတွက်
၁။ ရှမ်း(တောင်)	ကတ္တရာ(၈၀/၁၀၀)	၄၁၀၀ တန်
၂။ ရှမ်း(မြောက်)	ကတ္တရာ(၈၀/၁၀၀)	၁၈၆၄ တန်
၃။ ရှမ်း(ရှေ့)	ကတ္တရာ(၈၀/၁၀၀)	၁၄၀၅ တန်

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၈-၇-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်သည့်အချိန် - ၁၆း၃၀ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံးတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၈၁-၂၁၂၀၁၆၊ ၂၁၂၁၆၂

အများသိစေရန်ကြေညာချက်

ဦးမိုးမင်းသန်း ၁၂/မဂတ(နိုင်)၀၀၆၅၇၃ဆိုသူသည် ကျွန်ုပ်၏မိတ်ဆွေ မစန္ဒာထွန်း ၁၂/ရကန(နိုင်)၀၃၈၉၈၁၏ နေအိမ်မှ ၂၅-၄-၂၀၁၁ရက်မှစ၍ ၄င်း၏သဘောဆန္ဒအလျောက် ထွက်ခွာသွားသည်ဖြစ်သဖြင့် ဦးမိုးမင်းသန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်လင်း LL.B အထက်တန်းရှေ့နေ

စဉ်-၂၆၆၅၂

ဖုန်း-၀၉-၄၂၁၀၃၆၀၇၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) **Web Offset Printing Machine (4 Colour)** ၁ လုံး
(ခ) **Spare Parts for Orient Web Offset** ၂၈ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်လိုအပ်သော လုပ်ငန်းသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Desktop Computer ၆ လုံး
(ခ) Laptop Computer ၂၀ လုံး
(ဂ) Copier A3 ၁ လုံး
(ဃ) D-800 Nikkon Camera ၁၀ လုံး
(င) Lens ၃ လုံး
(စ) Air Conditioner(5.0 HP) ၄ လုံး
(ဆ) D-7100 Nikkon Camera ၅ လုံး
(ဇ) Lens ၂ လုံး
(ဈ) Computer Core i7 Dell Optiplex 990 DT ၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉း၀၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန၊
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်တွင်းသတင်း

ပြည်ထဲရေးဝန်ကြီးဌာန၏ မိသားစုဝင် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများနှင့် ပညာသင်ထောက်ပံ့ကြေးများပေးအပ်

နေပြည်တော် ဇွန် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်းနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည်။

ယင်းပညာရည်ချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ကျောင်းသား ကျောင်းသူ ၅၀၉ ဦးအား ဂုဏ်ပြုငွေချီးမြှင့်ပြီး ပညာသင်ထောက်ပံ့ကြေးငွေများလည်း ပေးအပ်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ဒုတိယဝန်ကြီး၊ ရဲချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် ပညာသင်ထောက်ပံ့ကြေးရရှိသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ရှေ့ဖုံးမှ

အရင်ကထက်စာရင်တော့ ရေးသားတာတွေ အလွန်ကောင်းလာပါတယ်။

ရခိုင်ကိစ္စနဲ့မိတ္ထီလာကိစ္စကို နှိုင်းယှဉ်ကြည့်ရင် ရခိုင်ကိစ္စမှာအရေးအသားတွေက တစ်ဖက်သတ်ကျလွန်းတာ တွေ့ရပါတယ်။ မိတ္ထီလာကိစ္စကျတော့ အရေးအသားတွေ ထိန်းလာတယ်။ ဒါတွေက တိုးတက်လာတာဖြစ်ပါတယ်။ တချို့နေရာတွေမှာတော့ မီဒီယာတွေက သူ့ရဲ့ထင်မြင်ချက်ကို ရေးသားဖို့ရှိဦးမှာပါ။ ဒါကလည်း Freedom of Expression ကြောင့်ဖြစ်ပါတယ်။ ဘာမှလည်း စိတ်ပူစရာမရှိပါဘူး။ အစိုးရအနေနဲ့ မီဒီယာကို လွတ်လပ်ခွင့်ပေးထားမယ်။ ဆက်လုပ်ခွင့်ပြုထားမယ်။ သင်တန်းတွေ ဖွင့်ခွင့်ပေးထားမယ်ဆိုရင် သူဟာနဲ့သူ Capacity မြင့်လာတာနဲ့အမျှ ထိန်းသွားနိုင်မယ်။အဲဒီအတွက် စိတ်ပူစရာမရှိပါဘူး” ဟု ရှင်းလင်းပြောကြားသည်။

The Voice ဂျာနယ်မှ နေပြည်တော်တာဝန်ခံ ဦးထင်လင်းက “အခုလိုတွေ့ဆုံပွဲကို မကြာမကြာဆိုသော်လည်း အချိန်ကာလတစ်ခုတော့ တိတိကျကျသတ်မှတ်သင့်တယ်လို့မြင်ပါတယ်။ ဟိုတစ်လောတုန်းက နှစ်လတစ်ကြိမ်တွေ့မယ်ဆိုပြီး ပြောခဲ့ပါတယ်။ အခုနှစ်လတောင်ကျော်သွားပါပြီ။ မကြာမကြာတော့ မီဒီယာတွေနဲ့ ထိတွေ့မှုရှိပြီးတော့ သတင်းတွေကို တုံ့ပြန်စေချင်ပါတယ်။ ဝန်ကြီးဌာနသတင်းတွေကို ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူတွေကနေတစ်ဆင့် လျင်လျင်မြန်မြန် တုံ့ပြန်ခြင်းက ပိုမိုမြန်ဆန်မယ်လို့ထင်ပါတယ်။ ထိတွေ့တာထက်ပေါ့လေ။

လွှတ်တော်ထဲမှာ ဝန်ကြီးဌာနတွေက လာရောက်ဖြေဆိုရာမှာ ကျွန်တော့်အမြင် ပြောရရင်တော့ ဖြေဆိုချက်တွေကို လွှတ်တော်ဌာနကိုပေးသလို မီဒီယာတွေကိုလည်း ဖြန့်ဝေပေးသင့်ပါတယ်။ အဲဒီလိုမပေးတော့ ဖြေကြားချက် အသံဖိုင်ကို ပြန်ဖော်နေရတော့ အချိန်ကြန့်ကြာမှုနဲ့ တိကျမှုတွေမှာ စကားပြောပါတယ်။ ဖြေကြားချက်ရရင် ပိုပြီးတိတိကျကျ ဖော်ပြပေးနိုင်မယ်လို့ ထင်ပါတယ်။ ဝန်ကြီးဌာနက ပြောရေးဆိုခွင့်ပုဂ္ဂိုလ်တွေအနေနဲ့ အမြန်ဆုံးထိတွေ့ရရင် သတင်းတွေပိုပြီး မြန်ဆန်သွားပါမယ်။ နှစ်လတစ်ခါ ထိတွေ့တာထက် ပိုမိုမြန်ဆန်စေမယ်လို့ ပြောချင်ပါတယ်” ဟု ပြောပြသည်။

ပြည်သူ့ခေတ် ဂျာနယ်သတင်းထောက်ချုပ် ဦးညဏ်လှိုင်ဝင်းက “အခုလိုတွေ့တဲ့အချိန် နည်းတာတောင် အရမ်းအဆင်ပြေတယ်။ တချို့ကိစ္စတွေမှာ မေးချင်တာတွေအတွက် အဆင်ပြေတယ်။ ဒါပေမယ့် အခုလို အပြောင်းအလဲလုပ်နေတဲ့ နိုင်ငံတစ်နိုင်ငံမှာ ပြဿနာပေါင်းစုံနဲ့ ကိစ္စတွေက အရမ်းကို မြန်ဆန်စွာပြောင်းလဲနေပါတယ်။ ဒါကြောင့် အချိန်တိုင်းမှာ ဘယ်ဌာနနဲ့ ပတ်သက်ရင် ဘယ်သူ့ကို မေးရမယ်၊ ဘယ်သူ့ကို ဆက်သွယ်ရမလဲဆိုတာ လိုအပ်တယ်။

ဝန်ကြီးဌာနတွေအနေနဲ့ ဒီလိုပွဲမျိုးမှာ တွေ့နေကျ ဝန်ကြီးလေးငါးခြောက်ယောက်အပြင် ပိုမတွေ့ရဘူး။ ဒါမျိုးတွေမှာ တခြားဝန်ကြီးတွေလည်း တက်ရောက်စေချင်ပါတယ်။ ဦးရဲထွဋ်လည်းပြောတယ်လေ။ ပြောရေးဆိုခွင့်ပုဂ္ဂိုလ်တွေကို လေ့ကျင့်ပေးနေတယ်ဆိုတာထက် ဒီလိုပွဲမျိုးကို တက်ရောက်စေချင်တယ်။ ထိတွေ့ပြီး အချိန်နဲ့တစ်ပြေးညီ သတင်းတွေထုတ်ပြန်လာနိုင်အောင်လုပ်စေချင်ပါတယ်” ဟု ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားရာတွင် “အခုလို မီဒီယာတွေနဲ့ မကြာခဏတွေ့ဆုံခြင်းအားဖြင့် သူတို့သိချင်တာတွေကို မေးနိုင်သလို ကိုယ်ပြောချင်တာကိုလည်း ပြောပြနိုင်ပါတယ်။ သူတို့ပါမှ နိုင်ငံပြုပြင်ပြောင်းလဲရေးမှာ အားရှိမှာလေ။ ဒီဘက်ကာလမှာ မီဒီယာတွေရဲ့ သတင်းယူမှုတွေ၊ သတင်းထုတ်ပြန်မှုတွေ သိပ်ကောင်းပါတယ်။ ဒါပေမယ့် မသေချာတဲ့ သတင်းတွေ၊ ပုဂ္ဂိုလ်ရေးကိစ္စတွေကိုတော့ မစွပ်စွဲစေချင်ပါဘူး။ မသေချာရင် တရားစွဲနိုင်တယ်မဟုတ်လား။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ဖို့အတွက် မသင့်တာတွေ၊ လိုအပ်ချက်တွေကို ဝေဖန်၊ ထောက်ပြနိုင်ပါတယ်။ ဒါဆို သိပ်ကောင်းပါတယ်။

တစ်ဦးချင်းကို နိုင်ငံရေးနဲ့ ပတ်သက်ပြီး တိုက်ခိုက်တဲ့ အလုပ်မျိုးက မကောင်းပါဘူး။ တိုက်ခိုက်မယ့်အစား၊ စွပ်စွဲမယ့်အစား မှန်ကန်တဲ့သတင်းအချက်အလက်တွေအပေါ် မူတည်ပြီး ဝေဖန်တာ၊ ထောက်ပြတာက ပိုမှန်

The Voice ဂျာနယ်မှ နေပြည်တော် တာဝန်ခံ ဦးထင်လင်း။

ကန်တယ်လို့မြင်ပါတယ်။ ဒီမိုကရေစီရဲ့ သဘောအရ ဝေဖန်ရမယ်၊ မှန်တာကို သုံးသပ်ပြရမယ်၊ မိမိအမြင်ကို လွတ်လွတ်လပ်လပ် ပြောနိုင်တယ်၊ အဲဒီလို လုပ်ခြင်းသည်သာ ဒီမိုကရေစီကို လျှောက်လှမ်းရာမှာ တစ်တပ်တစ်အား ဖြစ်စေမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးကလည်း အားပေးပါတယ်။ ဝန်ကြီးဌာနတွေအနေနဲ့ မီဒီယာတွေနဲ့ တွေ့ပေးပါဆိုပြီး ပြောပါတယ်။ တစ်ဦးချင်း၊ တစ်ဖွဲ့ ချင်းတွေ့တာထက် အခုလို စုစုပြီး တွေ့ပေးရင်ပိုကောင်းတာပေါ့။ အခုမေးတဲ့ မေးခွန်းတွေကလည်း စုံတော့ တက်ရောက်လာတဲ့ သူတွေအားလုံး သိသွားပြီ။ ဒါမှပဲ Media Friendly ဖြစ်ပါမယ်။ ဒီနည်းလမ်းနဲ့ တိုင်းပြည်ကို တိုးတက်အောင် ဆောင်ရွက်သွားဖို့ လိုပါတယ်။ သူလည်း တိုင်းပြည်ကောင်းအောင် ထူထောင်၊ ကိုယ်လည်း ထူထောင်၊ ဒီလိုမျိုးပေါ့။ အစိုးရကို လက်ခုပ်တီးပြီး အားလုံးကောင်းပါသည်ခင်ဗျားလို့ လုပ်ဖို့မဟုတ်ပါဘူး။ အစိုးရမှားရင် အစိုးရကိုပြော၊ လွှတ်တော်မှားရင် လွှတ်တော်ကိုပြော၊ အားလုံးကို ထောက်ပြနိုင်ပါတယ်။ အဲဒီလိုနည်းနဲ့ ဒီမိုကရေစီ ရှေ့ခရီးကို သွားကြဖို့ဖြစ်ပါတယ်” ဟုပြောပြသည်။

မဆင့်ဆင့်အောင် (နိပွန်တယ်လီဗေးရှင်း)က ပြောကြားရာတွင် “အခုနိုင်ငံမှာ မီဒီယာပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတယ်လို့ ပြောပေမယ့် သိပ်အားမရသေးဘူး။ စတော့လုပ်နေကြပြီဆိုတာ ဟုတ်ပါတယ်။ ဒါပေမယ့် တစ်ခုခုကို သိချင်လို့ရှိရင် ဘယ်သူ့ကို မေးရမှန်းသေချာမသိဘူး။ အမေးခံရတဲ့လူတွေကလည်း သိပ်မဖြေချင်ကြဘူး။ အဲဒါမျိုးတွေ တွေ့ရတယ်။ နိုင်ငံအကြီးအကဲကို၊ အခြား

NHK သတင်းဌာနမှ သတင်းထောက် ဦးသီဟသွယ်။

သတင်းဖြစ်ပေါ်တဲ့ဌာနကို အင်တာဗျူးချင်တယ်၊ ဘယ်သူ့ကိုဆက်သွယ်ရမလဲဆိုတာ သေချာမသိဘူး။ ဝန်ကြီးဌာနအလိုက် Contact Person တွေကို ဖော်ပြပေးထားပေမယ့် သိပ်အဆင်မပြေဘူး။

တကယ့်ကို Right Person ရဲ့ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာပေါ့ ရချင်တယ်။ တကယ်လို့ တစ်ခုခုကြောင့် မေးတယ်၊ မြန်းတယ်ဆိုရင် Officially ပြန်ပြီးတော့ အကြောင်းပြန်ကြားပေးစေလိုတယ်။

အခုဆို မီဒီယာလောက ဖွံ့ဖြိုးလာတယ်၊ အရင်က ဒါမျိုးလုံးဝမရှိခဲ့ဘူးလေ။ အလွန်လည်းများပြားလာတာ အမှန်ပါပဲ။ များပြားလာတဲ့အတွက် ပိုပြီးတော့ ဖွံ့ဖြိုးလာတယ်လို့ ဆိုတာလည်း မှန်ပါတယ်။ မီဒီယာတွေ များလာပေမယ့် အခုနကပြောသလို မေးခွန်းတွေ မေးချင်ပေမယ့် လမ်းကြောင်းကို မသိတော့ ဆက်သွယ်ရခက်တာတွေရှိတယ်။ ပွင့်လင်းမြင်သာမှု အားနည်းသေးတယ်လို့ မြင်ပါတယ်။

ဆက်သွယ်ရမယ့်လူက တကယ့်ကို အမှန်အကန် Responsibility ရှိတဲ့လူ ဖြစ်ရပါမယ်။ ကျွန်မတို့ မီဒီယာသမားတွေအားလုံးမှာ အီးမေးလ်လိပ်စာတွေရှိတယ်၊ အဲဒီလို မေးလ်လိပ်စာတွေနဲ့ မေးတာ၊ ဖြေတာကိုလည်း လုပ်ပေးစေချင်ပါတယ်” ဟု သူ၏အမြင်ကို ဖြေကြားခဲ့သည်။

NHK သတင်းဌာနမှ သတင်းထောက် ဦးသီဟသွယ်က “ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်းပြောရရင် အခြားသော ဒီမိုကရေစီနိုင်ငံတွေမှာဆိုရင် ကက်ဘိနက် အစည်းအဝေးပြီးတဲ့

နိပွန်တယ်လီဗေးရှင်းမှ မဆင့်ဆင့်အောင်

အချိန်တွေမှာ ဘာတွေဆွေးနွေးဆုံးဖြတ်ခဲ့တယ်ဆိုတာ သိရဖို့အပြင် ကနေစောင့်နေပြီး မေးလို့ရတယ်။

အခုလည်း ဖြစ်ချင်တာကတော့ နိုင်ငံတော်သမ္မတကြီးတို့ အစည်းအဝေးလုပ်ပြီးတဲ့အခါ ဘာစီမံကိန်းတွေ၊ ဘာတွေကို လုပ်မယ်ဆိုတာကို ထွက်ပြီး ရှင်းပြစေချင်ပါတယ်။ အဲလို အခြေအနေမျိုးမရောက်သေးခင်မှာ ဒီလို တွေ့ဆုံပွဲတွေကျင်းပပေးတာလည်း ကောင်းပါတယ်။ ဒါပေမယ့် တွေ့ဆုံပွဲ တစ်ခုနှင့်တစ်ခု ကြားမှာ ဒီလိုမျိုးအချိန်ကြာတာတော့ မကောင်းပါဘူး။ မေးစရာတွေက များလာတာပေါ့။ တစ်ခါတလေလည်း မမေးနိုင်တဲ့အခြေအနေမျိုးတွေ ရှိတာပေါ့။ ရှိတဲ့အခါကျတော့လည်း ဘယ်ကိုမေးရမှန်းမသိဘူး ဖြစ်နေတယ်။ ဒုတိယဝန်ကြီးဦးရဲထွဋ်ကတော့ ရှိပေမယ့် ဆက်သွယ်ရတာ အခက်အခဲရှိတယ်။ သူ့မှာရော ကျွန်တော်တို့မှာရော အခက်အခဲရှိကြတာပေါ့။

ဆက်သွယ်ရတာ မချောမွေ့ဘူးပေါ့။ ဒါမျိုးလုပ်ပေးတာ ကောင်းပါတယ် ဒီထက်ပိုကောင်းတဲ့နည်းနဲ့ဆိုရင် ပိုအဆင်ပြေတာပေါ့။ ပြီးတော့ လွှတ်တော်မှာလည်း လွှတ်တော်အလျောက်၊ သမ္မတရုံးမှာလည်း သမ္မတရုံးအလျောက်ပေါ့နော်၊ မီဒီယာစင်တာထားပေးသင့်တယ်။ မီဒီယာတိုက်တွေအနေနဲ့လည်း ကိုယ်စားလှယ်တွေထားပေးမယ်။ ရုံးလာထိုင်ပြီးတော့ သတင်းလာယူခွင့်ရရင်တော့ပိုကောင်းပါတယ်”ဟုပြောပြသည်။ **(သတင်းစဉ်)**

မြဝတီဘဏ်လီမိတက်၏ မိုလ်အောင်ကျော်ဘဏ်ခွဲ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဦးထွန်းမြင့်(မန်နေဂျင်းဒါရိုက်တာ)
ဒူဝံသောက်ရေသန့်
Duwun Export Import Co.,Ltd.

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဖေဖေဦးဇင်မင်းဌေးနှင့် မေမေ ဒေါ်ချိုချိုမာတို့၏ သားရတနာလေးကို ၂၀၁၃ ခုနှစ်၊ ဇွန် ၂၇ ရက် (ကြာသပတေးနေ့)တွင် SSC Women's Centre ၌ သားဖွား/မီးယပ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးစိုးလွင်၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြမြချို၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဖြူဖြူဦးတို့အဖွဲ့က ကျန်းမာစွာ မွေးဖွားပေးခဲ့ပြီး ABC Medical Services နှင့် သားငယ်လေး၏ တစ်သက်တာလုံးအတွက် တန်ဖိုးရှိလှသော Cord Blood နှင့် Cord Tissue Stem Cells တို့ကို အောင်မြင်စွာ သိမ်းဆည်းနိုင်ခဲ့သည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ABC Medical Services

အမြန်ဝယ်လိုသည်

သီလဝါစက်မှုဇုန်၊ သာကေတ ကွေ့မ လုံးချင်း Duplex ၊ ကမာကြည် လုံးချင်းတိုက်ခန်း၊ မြင်တော်သာအိမ်ရာ တိုက်ခန်း၊ သဃ်န်းကျွန်း ကြီးပွားရေး အိမ်ရာတိုက်ခန်း။ **ဖုန်း-၀၉-၅၀၅၄၀၅၁၊ ၀၉-၃၃၁၇၆၁၆၉၊ ၀၉-၄၃၀၁၇၀၀၀**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အင်းစိန်မြို့နယ်၊ အောင်ဆန်းဈေးပိုင်းရပ်ကွက်၊ အောက်မင်္ဂလာဒုံဝဲယာ၊ အမှတ် ၉၂၅၊ ဦးတင်ဖေ-ဒေါ်စန်းရီတို့၏သား မောင်လှဟန်သည် မိဘ၏ ပြောဆို ဆုံးမမှုကို မနာခံသည့်အပြင် အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူသဖြင့် သားအရင်းအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။

၄င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ ကျန်ရှိမိသားစုနှင့် မပတ်သက်တော့ပါကြောင်း အသိပေးအပ်ပါသည်။

ဦးတင်ဖေ
၁၂/အစန(နိုင်)၁၁၁၁၀၉

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၁၆၃၆ ယာဉ် လက်ဝယ်ရှိသူ ဦးမျိုးသူရ ၇/ရကန(နိုင်)၀၀၁၅၈၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

အမည်ပြောင်း

ကချင်ပြည်နယ်၊ လွယ်ဂျယ်မြို့နယ်ခွဲ၊ အောင်သစ္စာရပ်ကွက်နေ ဦးရုံးရှင်၏သား အထက(လွယ်ဂျယ်) စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ဖူးစိန်အား မောင်စိုးမြင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးမြင့်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သတ်ပုံသတိဖြင့် ယှဉ်တွဲမှတ်စရာ

မောင်ခင်မင်(ဓနုဖြူ)

"ဦးရေ . . . တစ်ခုလောက်မေးပါရစေ။ 'ကြော်ငြာ' နဲ့ 'ကြေညာ'က အဓိပ္ပာယ်တူရဲ့သားနဲ့ ဘာဖြစ်လို့ စာလုံးပေါင်း နှစ်မျိုးကွဲနေတယ်ဆိုတာ ကျွန်တော် မရှင်းလို့ပါ"

မြန်မာ့အလင်းမှာ ကျွန်တော်ရေးနေသော ဆောင်းပါးများကို ဖတ်မိသော တူကလေးတစ်ယောက်က နယ်မှလှမ်းပြီး ဖုန်းဆက်မေးခြင်းဖြစ်ပါသည်။ သူက သူ့ဘာသာရပ်နှင့် ပတ်သက်သော ဆောင်းပါးတွေရေးစပြုနေသည့်အတွက် စာလုံးပေါင်းသတ်ပုံပြဿနာများ ကြုံနေပုံရသည်။ ကျွန်တော်က ရှင်းပြလိုက်ပါသည်။ "အေးကွယ် မင်းပြောသလို 'ကြော်ငြာ' နဲ့ 'ကြေညာ'က စာလုံးပေါင်းခပ်ဆင်ဆင်ဆိုတော့ မေးစရာပေါ့။ အဘိဓာန်မှာလည်း 'ကြော်ငြာ'ရော 'ကြေညာ'ရော သတင်းစကားစသည်တို့ကို 'အများကြားသိအောင် လုပ်သည်'လို့ အဓိပ္ပာယ်အတူတူဖွင့်ထားတာဆိုတော့ ရောထွေးစရာပေါ့"

'ဟုတ်တယ်နော်. . ဦး။ မြန်မာအဘိဓာန်စာအုပ်ထဲမှာ အဲဒီလို အဓိပ္ပာယ်အတူတူဖွင့်ထားတာ ကျွန်တော်သတိထားမိပါတယ်'

" ဒီစကားလုံးနှစ်လုံးရဲ့ အရင်းအမြစ်ကတော့ မတူဘူးကွဲ့။ အဲဒီအရင်းအမြစ်ကိုသိရင် စာလုံးပေါင်းမတူရတဲ့အကြောင်းလည်း နားလည်နိုင်တာပေါ့။ 'ကြော်ငြာ' ရဲ့ ရင်းမြစ်အဓိပ္ပာယ်က'အသံထွက်သည်၊ ဟစ်အော်သည်'လို့ အဓိပ္ပာယ်ရတယ်၊ 'ကယ်တော်မူကြပါဟူ၍ ကြော်ငြာလေ၏'လို့ ရှေးစာတွေမှာ ရေးတယ်၊ 'သီချင်းတကြော်ကြော်အော်ဆိုတယ်'၊ 'သူခိုးကို ငြာသံပေးပြီး လိုက်တယ်' ဆိုတဲ့စကားတွေကိုကြည့်ရင် 'ကြော်' ရော 'ငြာ'ရော အသံပေးပြီး ဟစ်အော်တဲ့အဓိပ္ပာယ်ရှိတာ သိနိုင်ပါတယ်။ ရှေးက 'တိုင်းသူပြည်သား လူအများတို့လေး. . . ဒူ' ဆိုပြီး မောင်းထုကြော်ငြာတာဟာလည်း ဟစ်အော်ပြီး အသိပေးတာပဲလေ၊ ဒီတော့ 'ကြော်ငြာ'ဆိုတာ အများသိအောင် အသိပေးတဲ့အဓိပ္ပာယ်ဖြစ်လာတာပေါ့၊ ခေတ်တွေပြောင်းလာတော့ အများသိအောင် လုပ်တဲ့နည်းတွေလည်း ပြောင်းလာတာပေါ့။ ဟစ်အော်ပြီး အသိပေးရာက စာနဲ့ရေးပြီး အသိပေးတာတွေလည်း ဖြစ်လာတယ်။ နံရံမှာ ပိုစတာကပ်တာ၊ ရုပ်ရှင်ရုံမှာ အရုပ်တွေနဲ့ဖော်ပြတာ၊ သတင်းစာထဲထည့်တာ၊ စာရွက် ကမ်းတာ၊ နောက်ဆုံး ရုပ်မြင်သံကြားမှာ အသံတွေ၊အရုပ်တွေနဲ့ပြတာအထိ 'ကြော်ငြာ'ရဲ့ အဓိပ္ပာယ်ဟာ တဖြည်းဖြည်းကျယ်ပြန့်လာတာပေါ့ကွယ်။ စာလုံးပေါင်း ကတော့ ရင်းမြစ်အဓိပ္ပာယ်အတိုင်း စာလုံးပေါင်းတာမို့ အဲဒီလိုစာလုံးပေါင်းရတာပါပဲ"

"ဟုတ်ကဲ့၊ ရှင်းပါပြီ ဦးရယ်။ 'ကြေညာ'ရဲ့ စာလုံးပေါင်းကရော" တူကလေးက ဆက်မေးသည်။

"ကြေညာကတော့ 'အောက်အရပ်နဲ့ အထက်အရပ်'ကို တွဲခေါ်တာပါ။ 'ကြေ'ဆိုတာ'အောက်'၊ 'ညာ'ဆိုတာ'အထက်'ပါပဲ။ အကြေအညာလို့လည်းသုံးတယ်။ မြန်မာနိုင်ငံရဲ့ အထက်ပိုင်းကို အညာ၊ အောက်ပိုင်းကို အကြေလို့ခေါ်တယ် မဟုတ်လား။ အထက်ရော အောက်ရော နေရာအနှံ့သိအောင် လုပ်တာကို 'ကြေညာတယ်'လို့ သုံးတာပါ။ အဲဒီရင်းမြစ်ကိုသိရင် စာလုံးပေါင်းကိုလည်း သတိထားမိနိုင်တာပေါ့ကွယ်"

ရှင်းပြလိုက်ရ၍ ကျွန်တော်လည်း တော်တော်မောသွားပါသည်။ တူကလေးလည်း ကျေနပ်သွားပုံရပါသည်။ နောက်နှစ်ရက်လောက်ကြာတော့ သူဖုန်းဆက်လာပြန်သည်။

"ဦးရေ---မေးစရာပေါ်လာလို့ပါ။ စာအုပ်တစ်အုပ်ထဲမှာ 'ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ'လို့ ရေးထားတာတွေ့လို့ပါ။ တစ်လုံးက ရရစ်နဲ့ 'ကြေ' လို့ရေးပြီး တစ်လုံးက ယပင့်နဲ့ 'ကျေ' လို့ရေးထားတယ်ဦးရဲ့။ အဲဒါရောမှန်ရဲ့လား။ ကွန်ပျူတာ စာစီတာမှားတာလားလို့ သိချင်လို့ပါ"

"အေး အဲဒီ 'ကြေ'နဲ့ 'ကျေ' ဟာလည်း အရင်းအမြစ်ချင်းကွဲပြားပါတယ်ကွယ်။ အကောင်အထည်ရှိတဲ့ ပစ္စည်းတွေ အရာဝတ္ထုတွေ ထိခိုက်ပျက်စီးသွားတာမျိုးကို ရရစ်နဲ့ 'ကြေ'လို့သုံးတယ်။ 'ထုလိုက်လို့ မုန့်မုန့်ညက်ညက်ကြေသွားတယ်'။ 'အကျီကြေနေလို့ မီးပူပြန်တိုက်ရတယ်'၊ 'သူ့အကျီက အကြေသားနဲ့ ချုပ်ထားတယ်' ဆိုတာမျိုးတွေပေါ့။ အကောင်အထည်မရှိတဲ့ စိတ်ပိုင်းဆိုင်ရာ ကိစ္စတွေ ပြေလည်သွားတာမျိုးကိုတော့ ယပင့်နဲ့ 'ကျေ' လို့သုံးတာပေါ့။ 'ဧည့်ဝတ်ကျေတယ်။ မကျေမချမ်းဖြစ်တယ်။ သင်ခန်းစာ ကျေညက်တယ်။ ကျေနပ်တယ်။ တာဝန်ကျေတယ်။ အမှုကျေအေးတယ်' ဆိုတာမျိုးတွေပေါ့။ ဒီတော့ မင်းမေးတဲ့ 'ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ' ဆိုတာက ကမ္ဘာကြီး ကြေမွပျက်စီးကွယ်ပျောက်သွားသော်လည်း နောင်အရှည်သဖြင့် ပြောစမှတ်တွင်တဲ့ ဥဒါန်းစကားကတော့ ကျေပျောက်မသွားဘူးလို့ ဆိုလိုတာလေ။ ကမ္ဘာကြီးက အကောင်အထည်ရှိတယ်။ ဥဒါန်းစကားက အကောင်အထည် မရှိဘူး။ ဒါကြောင့် ရရစ်ကြေနဲ့ ယပင့်ကျေ ခွဲသုံးတာလို့ မှတ်သားနိုင်ပါတယ်။ မြန်မာစာအဖွဲ့ကပြုစုတဲ့ မြန်မာအဘိဓာန်မှာလည်း အဲဒီစကားလုံးတွေကို အဲဒီသဘောအတိုင်း ဖွင့်ဆိုထားတာ လေ့လာကြည့်နိုင်ပါတယ်"

"ဟုတ်ကဲ့။ ရှင်းသွားပါပြီ ဦးရယ်။ စာလုံးပေါင်းသတ်ပုံတွေကို အဲဒီလို ဆင်တူတာချင်းတွဲပြီးမှတ်ရင် ပိုပြီးမှတ်မိနိုင်တာပေါ့နော်"

"အေး. . ဟုတ်တာပေါ့။ ဆင်တူနှစ်လုံးကို တွဲပြီးမှတ်တော့ ပိုမှတ်မိတာပေါ့။ စာလုံးပေါင်းသတ်ပုံ ပြဿနာဆိုတာကလည်း အဲဒီလိုအသံတူပြီး စာလုံးပေါင်းသတ်ပုံကွဲတဲ့ စာလုံးတွေကို မှားပြီးရေးမိတဲ့ ပြဿနာမဟုတ်လား။ ယပင့်နဲ့ ရရစ်၊ တသတ်နဲ့ ပသတ်၊ နသတ်နဲ့ မသတ်၊ ငသတ်နဲ့ ဉ သတ် (ဥ လေးသတ်) လုံးကြီးတင်ဆံခတ်နဲ့ ညသတ်၊ ပြီးတော့ ငြနဲ့ည၊ ယနဲ့ ရ၊ ဗနဲ့ဘ ဆိုတဲ့အတွဲတွေဟာ အသံတူပြီး စာလုံးကွဲလို့ အဲဒီစာလုံးတွေ မှားရေးမိတာပဲလေ"

"ဟုတ်ပါတယ် ဦး။ အဲဒီတော့ ဘယ်လိုတွဲပြီး မှတ်နိုင်တယ်ဆိုတာ နမူနာကလေး ရှင်းပြပါဦး ဦးရယ်"

"အင်း. . . 'တ သတ်'နဲ့ 'ပ သတ်'ဟာ ဆန့်ကျင်ဘက် အဓိပ္ပာယ်ရှိတယ်လို့ မှတ်သားကြတယ်။ တချို့စာလုံးတွေပေါ့။ စာလုံးပေါင်းတော့ အဲဒီလိုပြောလို့ မရဘူး။ ဆိုပါတော့။ 'ထုတ်'ဆိုတာ အပြင်ဘက်ကို ထုတ်တာ၊ 'ထုပ်' ဆိုတာ အထဲကို သွင်းတာလို့မှတ်ကြတယ်။ လခထုတ်တယ်၊ အိတ်ထဲက ပိုက်ဆံထုတ်တယ်ဆိုရင် တသတ်နဲ့ရေးတယ်။ အဝတ်နဲ့ထုပ်ထားတယ်။ မုန့်ကို စက္ကူနဲ့ ထုပ်ထားတယ်ဆိုရင် ပသတ်နဲ့ ရေးတယ်။ အဲဒီလိုပဲ 'ခတ်'ဆိုရင် အပြင် ထုတ်တာ၊ 'ခပ်'ဆိုရင် အတွင်းဘက်ကို ပို့တာ။ ဒါကြောင့် ခြေနဲ့ခတ်တယ်။ ခြင်းလုံးခတ်တယ်ဆိုရင် တသတ်နဲ့ရေးပြီး ရေခပ်တယ်၊ ဟင်းခပ်တယ်ဆိုရင် ပသတ်နဲ့ ရေးတယ်။ ဟင်းအိုးထဲ ဆားခတ်တယ်ဆိုရင် ကိုယ့်ဆီက အပြင်ကို ထုတ်လိုက်တာမို့ 'ခတ်'လို့ရေးပြီး အိုးထဲက ဟင်းကိုခပ်တယ်ဆိုရင်တော့ ကိုယ့်ဘက်ကို ယူလိုက်တာမို့ 'ခပ်' လို့ရေးတယ်။ အဲဒီလိုပဲ သရက်သီးကို လေးစိတ်စိတ်တယ်၊ အစိတ်စိတ်ကွဲတယ်ဆိုရင် ပြန့်ထွက်သွားတဲ့ သဘောမို့ တသတ်နဲ့ရေးပြီး မိုးစိပ်စိပ်ရွာတယ်။ အကွက်စိပ်စိပ်ဆိုရင်တော့ အနီးကပ်စုနေလို့ ပသတ်နဲ့ရေးတယ်လို့ မှတ်ကြတယ်။ စာလုံးပေါင်းသတ်ပုံ မှတ်မိအောင်လုပ်တဲ့ နည်းတချို့ကို ပြောပြတာပါ။ စာလုံးတိုင်းကိုတော့ အဲဒီလိုပုံသေမှတ်လို့ မရဘူးပေါ့။ အရေးကြီးတာကတော့'သတ်ပုံသတိ' ရှိဖို့ပါပဲ။ သတိထားရင် မမှားဘူးပေါ့ကွယ်"

ကျွန်တော်တယ်လီဖုန်း ချလိုက်ပါသည်။ တော်တော်လည်း မောသွားခဲ့ပါပြီ။ ။

"စာလုံးပေါင်းသတ်ပုံတွေကို အဲဒီလို ဆင်တူတာချင်းတွဲပြီးမှတ်ရင် ပိုပြီးမှတ်မိနိုင်တာပေါ့နော်"

"အေးဟုတ်တာပေါ့။ ဆင်တူနှစ်လုံးကို တွဲပြီးမှတ်တော့ ပိုမှတ်မိတာပေါ့" စာလုံးပေါင်းသတ်ပုံ ပြဿနာဆိုတာကလည်း အဲဒီလိုအသံတူပြီး စာလုံးပေါင်းသတ်ပုံကွဲတဲ့ စာလုံးတွေကို မှားပြီး ရေးမိတဲ့ ပြဿနာမဟုတ်လား။

ဂီတ၊ အလှနှင့် နေထိုင်မှုဆိုင်ရာပြပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

Myanmar Professional Services Co., Ltd. က ကြီးမှူးကျင်းပသော Musical Cosmetic with Living Expo 2013 (ဂီတ၊ အလှနှင့် နေထိုင်မှုဆိုင်ရာပြပွဲ ၂၀၁၃) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက် ၈ နာရီက ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ Myanmar Professional Services Co., Ltd. Managing Director ဒေါက်တာ ဇာနည်မောင်မောင်နှင့် Myanmar Music Trading Co., Ltd. Managing Director ဒေါက်တာ စိုးသူရဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပြပွဲတွင် ကုမ္ပဏီပေါင်း ၄၀ ကျော်မှ ပြခန်းပေါင်း ၈၀ ပါဝင်ပြသပြီး အဆင့်မြင့် အိမ်ခြံမြေ၊ ကွန်ဒို၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ပရိဘောဂများ ၊ လျှပ်စစ်ပစ္စည်းများ၊ မိတ်ကပ်နှင့် အလှအပဆိုင်ရာပစ္စည်းများ၊ Musical Instrument များ၊ Home Theatre၊ Karaoke System များစသည်တို့နှင့် ပတ်သက်သောဝန်ဆောင်မှုများကို ဇူလိုင် ၁ ရက်အထိ လေးရက်ကြာ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် ဇွန် ၂၉

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ ၂၀၁၃ ခုနှစ် ဇူလိုင်၃ ရက်တွင် ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်" ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်တွင် မော်လမြိုင်မြို့ သွေးသောက်ရပ်ကွက် ယောက်ကော်ဘုန်းတော်ကြီးကျောင်းရှေ့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးအုန်းမြင့်နှင့်ဇနီး မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်စန်းစန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဥပဒေချုပ်နှင့်ဇနီး၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဇနီးများ၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင်နှင့် မော်လမြိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်ဇနီး၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စန်းစန်းနှင့်တက်ရောက်လာကြသူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ အင်ကြင်း၊ ရင်ခတ်၊ ပိတောက်၊ စိန်ပန်းကြီး၊ ယင်းမာ၊ အနန်း၊ ငုရွှေဝါ၊ ထောက်ကြံ့နှင့် ဖန်ခါး အစရှိသည့် အရိပ်ရပင်နှင့် ပန်းအလှပင် စုစုပေါင်း ၃၁၂ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ရောက်ရှိခဲ့ကြပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက မိသားစုက ငွေကျပ်သုံးသိန်း၊ မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များက ငွေကျပ် တစ်သိန်းခွဲ စုစုပေါင်းငွေကျပ်လေးသိန်းခွဲကို ဇီဝိတဒါန သံဃာ့ဆေးရုံသို့ ထာဝရငွေပဒေသာပင် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(ပြည်နယ် ပြန်/ဆက်)

မီးရထားလုပ်ငန်းများ ဝန်ဆောင်မှုနှင့် လုံခြုံချောမွေ့မှု အဆင့်မြှင့်တင်

နေပြည်တော် ဇွန် ၂၉

ဂျပန်နိုင်ငံအစိုးရ၏ နည်းပညာဆိုင်ရာအကူအညီဖြင့် မြန်မာ့မီးရထား၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ တိုးတက်ရေးအတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်သည့် တွေ့ဆုံဆွေးနွေးခြင်း အခမ်းအနားကို ဇွန် ၂၈ ရက် မွန်းလွဲပိုင်းက မြန်မာ့မီးရထား ရုံးချုပ်(နေပြည်တော်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂျပန်နိုင်ငံမှ မြန်မာ့မီးရထား တိုးတက်ရေးအတွက် အကူအညီပေးမည့် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ Mr.Satoshi WAKASUG ဦးဆောင်သော ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ အင်ဂျင်နီယာများနှင့် မြန်မာနိုင်ငံမှ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းဦးဆောင်သော တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရထားကြောင့်ဖြစ်ပွားသော မတော်တဆမှုများ လျော့နည်းစေရန်၊ အမြန်နှုန်းများတိုးမြှင့်ရန်နှင့် သက်သာငြိမ့်ညောင်းမှုရရှိလာစေရန် ဝန်ဆောင်မှုပေးရေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်နိုင်ရန် ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်းမှ ရထားအသွားအလာ ထူထပ်သော ရန်ကုန်-ပဲခူးလမ်းပိုင်းမှ ၁၈ ကီလိုမီတာခန့်ကို ရှေ့ပြေးစီမံချက်အဖြစ် ဂျပန်အစိုးရထံမှ အကူအညီရယူဆောင်ရွက်သွားမည်ဟု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘူတာရုံဈေးခုံတန်းပေါ်တွင် အိပ်ပျော်ရာမှ သေဆုံး

ရန်ကုန် ဇွန် ၂၉

ဇွန် ၂၇ ရက် နံနက် ၉ နာရီက သယ်န်းကျွန်းမြို့နယ် ရဲစခန်းမှတာဝန်မှူး ဒုရဲအုပ်သန်းဇော်ထွန်း တာဝန်ဆောင်ရွက်နေစဉ် သယ်န်းကျွန်းမြို့နယ် ရထားဘူတာရုံအနီး ဈေးဆိုင်ခုံတန်းပေါ်တွင် လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ စခန်းမှူး ဒုရဲမှူးသိန်းဟန်သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဦးကျောက်ခဲ (၅၅နှစ်) ကျပန်း မ/၇ ရန်အောင်လမ်း ရန်အောင်ရပ်ကွက် သယ်န်းကျွန်းမြို့နယ်နေသူဖြစ်ပြီး အရက်အလွန်အကျွံသောက်သုံးသူ တစ်ဦးဖြစ်ကြောင်း သိရသည်။ ဦးကျောက်ခဲသည် ဇွန် ၂၆ ရက် ညပိုင်းက အရက်သောက်ပြီး ဘူတာရုံဈေးခုံတန်းပေါ်တွင် အိပ်ပျော်ရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ ဦးကျောက်ခဲ သေဆုံးခြင်းမှာ ဓမ္မတာအတိုင်း ဟုတ်မဟုတ် စစ်ဆေးနိုင်ရန် ဒုရဲအုပ်သန်းဇော်ထွန်းက တရားလိုပြုလုပ် တိုင်တန်းမှုကို မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(MLA)**

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

● *ကျောဖုံးမှ*

လေးများတွင် ဦးပိန်တံတားနောက်ခံ လာဘ်ကောင်လေးများ ပါဝင်သော ကတ်ပြား၊ ပုဂံရှုခင်းနောက်ခံ၊ အင်းလေးရှုခင်းနောက်ခံ၊ ရွှေတိဂုံဘုရားနောက်ခံ၊ နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိ အားကစားကွင်းနောက်ခံနှင့် ငွေဆောင်ကမ်းခြေ နောက်ခံကတ်ပြားလေးများ ဖြစ်သည်။

အဆိုပါအမှတ်တရပို့စကတ်လေးများတွင် အဖိုးတန်ကံကောင်းခြင်းလက်ဆောင်များလည်း ပါရှိမည်ဖြစ်ရာအနုပညာရှင်များ၊အားကစားသမားများ၊ အစီအစဉ် တင်ဆက်သူများဖြင့် ရန်ကုန်မြို့ သတ်မှတ်နေရာများ၌ အောက်တိုဘာ ၅ ရက်နှင့် ဒီဇင်ဘာ ၁ ရက်တို့တွင် ပါဝင်ဆောင်ရွက်ပေးကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကျောက်မဲမြို့တွင် ဘာသာရေးအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်းပြီး မြို့လုံးကျွတ် ယဉ်ကျေးလိမ္မာသင်တန်းတွင် တက်ရောက်သင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများအတွက် မြို့ပေါ်ရှိ One Added ပရဟိတအဖွဲ့က ဇွန် ၂၈ ရက်တွင် သန္တကာမီသီလရှင်ကျောင်းတိုက်အသစ်ကြီးရှိ သင်တန်းခန်းမ၌ တာဝန်ခံ ဆရာဆရာမများထံ ပေးအပ်လှူဒါန်းစဉ်။ မောင်မောင်(ကျောက်မဲ)

ရေတိုက်စားမှုကြောင့် မြေပြို၍ အန္တရာယ်ဖြစ်နိုင်သော ကားလမ်းမကြီးအား မြေထိန်းနံရံ တည်ဆောက်ပြီးစီး

လှိုင်ကော် ဇွန် ၂၉

လှိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် လမ်းပိုင်း တောင်ငူ-မော်ချီး-လှိုင်ကော်ကားလမ်းမကြီး မိုင်တိုင် (၁၇၂/၅ နှင့် ၁၇၂/၆)အကြား ဘောလခဲဘက်မှ ဖရူဆိုမြို့သို့ အဝင်လမ်းတွင် နှစ်စဉ်မိုးရေတိုက်စားမှုကြောင့် မြေသားနံရံများပြိုကျပျက်စီးလျက်ရှိရာ ကားလမ်းမနှင့် နှစ်ပေခန့်အကွာသာကျန်သဖြင့် မိုးများလာပါက အဆိုပါလမ်း ပြတ်တောက်သွားမည်ဖြစ်သည့်အတွက် ယခုနှစ်မိုးရာသီအမီ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

သွားလာနိုင်မည်

မြေထိန်းနံရံကို တည်ဆောက်ချိန် နှစ်လခန့်ကြာမြင့်ခဲ့ပြီး ပထမဦးစွာ ရေလမ်းကြောင်းကြိုတင်လွှဲ၍ အရှည်ပေ ၁၂၀၊ အမြင့် ပေ ၆၀ ကို ကျောက်စီမြေကာနံရံ နှစ်ဆင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါလမ်းကို ယခုကဲ့သို့ တည်ဆောက်ပေးလိုက်ခြင်းဖြင့် နောက်နှစ်ပေါင်း ၃၀ အထိ အန္တရာယ်ကင်းစွာ အသုံးပြုသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အချိန်မီပြုပြင်

ယင်းနေရာ လမ်းကြောင်း ပြတ်တောက်ပါက လှိုင်ကော်မြို့နယ်နှင့် ဘောလခဲ၊ ဖားဆောင်း၊ မော်ချီး၊ မယ်စဲ့၊ ရွာသစ်ကဲ့သို့ စသည့်ဒေသများ လမ်းကြောင်း ပြတ်တောက်သွားမည်ဖြစ်သည့်အတွက် ယခုလို အချိန်မီပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ပြည်နယ် ပြန်/ဆက်**

မန္တလေး ၁၆ မိုင်စစ်ဆေးရေးစခန်းအား ၂၄ နာရီ ဖွင့်လှစ်ဆောင်ရွက်ပေးနေ

မန္တလေး ဇွန် ၂၉

အများပြည်သူ သွားလာဆက်သွယ် ကူးသန်းရောင်းဝယ်ရေး မြန်ဆန် ချောမွေ့လွယ်ကူစေရန် မန္တလေးတိုင်းဒေသကြီး ၁၆ မိုင် စစ်ဆေးရေးစခန်း(ကျောက်ချော)မှ နေ့ရောညပါ ၂၄ နာရီ ဖွင့်လှစ်ပြီး စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံပိုင် သယံဇာတပစ္စည်းများကို ကာကွယ်ရန်၊ မူးယစ်ဆေးဝါးများကို ကာကွယ်တားဆီးရန်၊ ဖောက်ခွဲဖျက်ဆီးရေးသမားများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရန်၊ နိုင်ငံတော်အတွက် အခွန်အခ မကောက်ခံရသေးသော ပစ္စည်းများ ထွက်မသွားစေရန် စသည့်ရည်ရွယ်ချက် ငါးရပ်ဖြင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးစီး၍ အကောက်ခွန်ဦးစီးဌာနက ကြီးကြပ်ကွပ်ကဲလျက် သက်ဆိုင်ရာဌာနဆိုင်ရာ ဝန်ထမ်းများဖြင့် နေ့ရောညပါ အကောင်အထည်ဖော် ပူးပေါင်း စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ဇွန်လရောက်သည်အထိ ၁၆ မိုင်စစ်ဆေးရေးစခန်းကို ဖြတ်သန်း၍ တရုတ်နိုင်ငံမှ အသီးအနှံများနှင့် ရေထွက်ကုန်(အစို၊အခြောက်)၊ စက်သုံးဆီအမျိုးမျိုး၊ ရော်ဘာ၊ သီးနှံထွက်ကုန် အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ကျောက်စိမ်း၊ ခဲမဖြူအစရှိသည့် သတ္တုအမျိုးမျိုး၊ သံထည်၊ သွပ်ထည် ပစ္စည်းဟောင်းများ၊ ဆိုင်ကယ်၊ စက်ဘီးနှင့် ဆပ်ပြာအစရှိသည့် အလှကုန်များ၊ မော်တာ၊ အင်ဂျင်အစရှိသည့် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဘိလပ်မြေအပါအဝင် ဆောက်လုပ်ရေးပစ္စည်းစသည်တို့ကို ကုန်သွယ်လျက်ရှိသည်။ တင်သွင်းသူ၊ တင်ပို့သူများက သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အခွန်အခပေးဆောင်၍ တင်သွင်းတင်ပို့မှုများကို တစ်လလျှင် ယာဉ်ကြီး၊ ယာဉ်လတ်၊ ယာဉ်ငယ် စုစုပေါင်း ၁၆၆၄၉ စီးခန့် ဖြတ်သန်းလျက်ရှိကြောင်း သိရသည်။

တင်မောင်ဇော်(သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကာကွယ်တားဆီး

ပြင်ခရိုင် ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ပြင်ခရိုင် ကျေးရွာရှိ ရပ်ကွက်များတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဇွန် ၂၆ ရက် နံနက်ပိုင်းက ပြင်ခရိုင် တိုက်နယ်ဆရာဝန် ဦးဇော်မင်းသိုက် ဦးဆောင်ကာ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ အမျိုးသမီးရေးရာ၊ အရန်မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့များနှင့်အတူ ကျေးရွာအတွင်းရှိ နေအိမ်တို့မှ ရေအိုး၊ ရေခွက်၊ ညောင်ရေအိုး၊ ဘုရားပန်းအိုးအစရှိသည့် ရေတွင်ပေါက်ပွားနိုင်သော ပိုးလောက်လမ်းမခိုအောင်းနိုင်စေရန် အဘိတ်ဆေးခတ်ခြင်း၊ ခြင်များ မခိုအောင်းနိုင်အောင် ရေမြောင်းများ ဖောက်ထုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း ဆောင်ရွက်ကြပြီး ကျန်းမာရေးဌာနမှ ကျန်းမာရေး ဆရာ ဆရာမများက သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာများ ဟောပြောခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **ဟိုင်းကြီးကျွန်း(ပြန်/ဆက်)**

မှုခင်းသတင်းများ

ကားရထားကိုခဲဖြင့် ပစ်ပေါက်သူများအား ဖမ်းဆီးအရေးယူ

နေပြည်တော် ဇွန် ၂၉

ဇွန် ၂၁ ရက် ည ၁၁ နာရီ မိနစ် ၅၀ က ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတဘူတာသို့ ဆိုက်ရောက်လာသော အမှတ် ၁၈၄ အစုန် ကြံခင်း-ဟင်္သာတ RBE 2550 ကားရထားသည် စက်ခေါင်းရုံသို့ဝင်ရန် တွဲဆိုင်းလမ်းကြောင်း ရှန်တိန်ပြုလုပ်စဉ် ဟင်္သာတဘူတာနှင့် ဘုရားကုန်းဘူတာကြား မိုင်တိုင်အမှတ်(၁၀၉/၉-၁၀၉/၁၀)ကြားတွင် ရထားသံလမ်းကူးတံခါးကို ဂိတ်စောင့်ဦးကျော်စိုးက ပိတ်ထားခဲ့ရာ ဆိုင်ကယ်စီးလာသည့် လူငယ်များက ဆဲရေးတိုင်းထွာပြီး ဂိတ်တံခါးကိုဖွင့်ရန် ပြုလုပ်သဖြင့် ဂိတ်စောင့်ဦးကျော်စိုး၊ ရထားစက်ခေါင်းမောင်း ဦးစိုးမြတ်၊ စက်ခေါင်းမောင်းအကူ ဦးခင်အုန်းတို့က တားဆီးပြောဆိုခြင်းကြောင့် အဆိုပါလူငယ်များသည် ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထို့နောက် ည ၁၂ နာရီ ၅ မိနစ်ခန့်တွင် အဆိုပါ လူငယ်အဖွဲ့သည် ဟင်္သာတဘူတာရှိ မြန်မာ့မီးရထားတိုင်းရုံးရှေ့ ရထားလမ်းကူး ဘူတာဘက်ခြမ်းမှ နေ၍ RBE 2550 ကားရထား စက်ရုံဝင်ရန် ခုတ်မောင်းလာစဉ် ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ခဲ့သဖြင့် စက်ခေါင်း၏ ယာဘက်ခြမ်း မှန်နှစ်ချပ်နှင့် ဝဲဘက်ခြမ်းမှန်တစ်ချပ်တို့ ကွဲသွား၍ တန်ဖိုးငွေကျပ် ၆၀၀၀၀ ခန့်ပျက်စီးခဲ့ရာ ဆိုင်ကယ်စီးလူငယ်အဖွဲ့သည် ထွက်ပြေးသွားခဲ့သည်။

အမှုဖွင့်အရေးယူ

ဇွန် ၂၂ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဟင်္သာတဘူတာရုံပိုင်ချုပ် ဦးမျိုးအောင်ထွန်း၏ အကြောင်းကြားချက်အရ ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ ရထားကိုခဲဖြင့် ပစ်ပေါက်သူ ဟင်္သာတမြို့ ရွှေကူရပ်ကွက်နေ သီဟထွန်း (၂၄နှစ်) ပါ သုံးဦးကို ဖမ်းဆီးရမိသဖြင့် ဟင်္သာတမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုကိုရှုပ

မိဘအိမ်ကို သားဖြစ်သူက မီးရှို့ဖျက်ဆီး

သီပေါ ဇွန် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့နယ် ကျင်သီကျေးရွာ၌ ဇွန် ၂၄ ရက် နံနက် ၁၁ နာရီခွဲက မိဘနေအိမ်ကို သားဖြစ်သူက မီးရှို့ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဇွန် ၂၄ ရက် နံနက်ပိုင်းက ကျင်သီကျေးရွာနေ စိုင်းအွမ်နှင့်၄င်း၏ ဇနီးဖြစ်သူတို့ စကားများ ရန်ဖြစ်ကြရာ စိုင်းအွမ်၏ဖခင်က ဝင်ရောက်ဖျန်ဖြေရာ ဖခင်ဖြစ်သူအား ပြန်လည်ရန်လုပ်ပြီး နေအိမ်ကို မီးရှို့မည်ဟု ကြိမ်းမောင်းပြောဆိုထွက်သွားခဲ့သည်။

ထိုနေ့ နံနက် ၁၁ နာရီခွဲတွင် မိဘနေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး နေအိမ်ကို မီးရှို့ခဲ့ရာ ရေရှားပါးသည့် ကျေးရွာဖြစ်ခြင်းကြောင့် သီပေါမီးသတ်တပ်ဖွဲ့က သွားရောက်မီးငြိမ်းသတ်ပေးခဲ့သော်လည်း နေအိမ်ပြာကျသွားခဲ့ကြောင်း သိရှိရသည်။

မီးလောင်ကျွမ်းမှုတွင် အခြားနေအိမ်များသို့ ကူးစက်ခြင်း မရှိသော်လည်း မိဘအိမ်ကို မီးရှို့ခဲ့သူအား သက်ဆိုင်ရာရဲစခန်းက အမှုဖွင့်ထားပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိနေသည့် စိုင်းအွမ်ကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ဓာတ်ဆီလှယ်စဉ်မီးလောင်မှုဖြစ်ပွား၍ သမီးသေဆုံးပြီး ဇနီးမီးလောင်ဒဏ်ရာရ

မြစ်ကြီးနား ဇွန် ၂၉

မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မိုင်းနားဆိပ်နယ်မြေရှိ နေအိမ်တစ်လုံး၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားပုံမှာ အဆိုပါ ရပ်ကွက်ရှိ ဦးမခေါ်ဂမ်နန်(၅၃နှစ်) သည် ၄င်း၏ နေအိမ်သွပ်မိုး၊ ထရံကာ မြေစိုက်အိမ်အတွင်း ဓာတ်ဆီထည့်ထားသည့် ၁၃ ဂါလန်ဆံ့ ပလတ်စတစ်ပုံးအတွင်းမှ ငါးဂါလန်ဆံ့ ပုံးအတွင်းသို့ ဓာတ်ဆီလှယ်ထည့်နေစဉ် လျှံကျ၍ ဖယောင်းတိုင်မီးကို သွားရောက်ထိခိုက်မိပြီး ဇွန် ၂၆ ရက် ည ၈ နာရီက စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခြားနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိသော်လည်း ဦးမခေါ်ဂမ်နန်၏သမီးဖြစ်သူ မဆန်စောမ်(ခြောက်နှစ်)သည် မီးလောင်ကျွမ်းဒဏ်ရာများကြောင့် သေဆုံးသွားပြီး ဇနီးဖြစ်သူ ဒေါ်နန်တောင် (၃၉နှစ်)တွင် မီးလောင်ဒဏ်ရာများ ရရှိသဖြင့် မြစ်ကြီးနားပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရကြောင်း သိရှိရသည်။

မီးလောင်ရာသို့ မြစ်ကြီးနားမြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ယာဉ် သုံးစီး၊ စည်ပင်ရေကား တစ်စီး၊ စီတာပူရပ်ကွက်၏ မီးသတ်ယာဉ် တစ်စီး၊ မြို့မရဲစခန်းမှူးနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံများ စုပေါင်းငြိမ်းသတ်မှုကြောင့် ၁၅ မိနစ်အတွင်း အပြီးမီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ လူသေဆုံး ထိခိုက်စေခဲ့သူ ဦးမခေါ်ဂမ်နန်အား မြစ်ကြီးနားမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။ **တင်ဝင်းအောင်**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားများပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်

နေပြည်တော် ဇွန် ၂၉

သတင်းမှတ်စု-ကြံတိုင်းအောင်

ရွာမ သဘာဝဓာတ်ငွေ့စက်ရုံအတွင်း တည်ဆောက်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံး တာဘိုင်စက်များ တည်ဆောက်ပြီးစီးတော့မည်ဖြစ်၍ ဇူလိုင်လဆန်းပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားများပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း မကြာသေးမီက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက အဆိုပါစက်ရုံများသို့ သွားရောက်စစ်ဆေးစဉ်ထည့်သွင်းပြောကြားလိုက်သည်။

အဆိုပါ ရွာမသဘာဝဓာတ်ငွေ့စက်ရုံအတွင်း ထိုင်းအစိုးရကလွှဲပြောင်းလှူဒါန်းထားသော မဂ္ဂါဝပ် ၂၄၀ ဓာတ်ငွေ့တာဘိုင်စက်များနှင့် ၅၂ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များနှင့် ထိုင်းနိုင်ငံမှ ပညာရှင်များပူးပေါင်းကာ ယမန်နှစ်စက်တင်ဘာလမှ စတင်၍ တည်ဆောက်တပ်ဆင်လျက်ရှိရာ ယခုအခါ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရသည်။

ယင်းသဘာဝဓာတ်ငွေ့သုံး တာဘိုင်စက်များ အချိန်မီ လည်ပတ်အသုံးပြုနိုင်ရေးအတွက် ပညာရှင်များက အချိန်နှင့်တစ်ပြေးညီ ကြိုးစားလုပ်ကိုင်လျက်ရှိသည်။ ယင်းသဘာဝဓာတ်ငွေ့သုံး တာဘိုင်စက်များ လည်ပတ်ဓာတ်အားထုတ်လွှတ်ပေးနိုင်ပြီဆိုပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း ပုံမှန်ထုတ်လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားပမာဏထက် ဓာတ်အားမဂ္ဂါဝပ် ၂၉၀ ကျော် ထပ်မံတိုးမြှင့်ရရှိလာမည်ဖြစ်သည်။

၂၀၁၃ ခုနှစ် ဧပြီလစာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုဦးရေ ၇၅ ရာခိုင်နှုန်းသည် လျှပ်စစ်ဓာတ်အားရရှိနေပြီဖြစ်သည်။ ယခုသဘာဝဓာတ်ငွေ့ သုံးတာဘိုင်စက်များ လည်ပတ်ထုတ်လွှတ် ဖြန့်ဖြူးပေးနိုင်မည်ဆိုပါက လက်ရှိအိမ်ထောင်စု ဦးရေထက် လျှပ်စစ်ဓာတ်အားများ ပိုမိုရရှိလာမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားများ အမြန်ရရှိရေးအတွက် ပြည်တွင်းပြည်ပ ပုဂ္ဂလိကကုမ္ပဏီများ ဖိတ်ခေါ်၍ ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ယခုအခါ တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်သာ လျှပ်စစ်ဓာတ်အား ရရှိနေသည်။ ၂၀၁၅-၂၀၁၆ခုနှစ်မှ စတင်ကာ တစ်နိုင်ငံလုံးအိမ်ထောင်စု ဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ကို လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရေး အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ပါဝင်ရင်းနှီးမြှုပ်နှံမှုများဖြင့် ဓာတ်အားပေးစက်ရုံသစ်များ တည်ဆောက်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကြမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကြမ်း
(၂၀၁၃ခုနှစ်၊ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်- ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် **တောင်သူလယ်သမားများ၏အကျိုးစီးပွားကို မြှင့်တင်နိုင်ရန်** အလို့ငှာ ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **"တောင်သူလယ်သမားများ၏ အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေ"** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **"အစိုးရအဖွဲ့"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **"ဗဟိုအဖွဲ့"** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဗဟိုအဖွဲ့ကို ဆိုသည်။

(ဂ) **"လုပ်ငန်းအဖွဲ့"** ဆိုသည်မှာ ဗဟိုအဖွဲ့က ဖွဲ့စည်းပေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို ဆိုသည်။

(ဃ) **"ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့"** ဆိုသည်မှာ တောင်သူလယ်သမားများထုတ်လုပ်သော ကောက်ပဲသီးနှံများကို တိုက်ရိုက်ဝယ်ယူရောင်းချရန် ဗဟိုအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

(င) **"တောင်သူလယ်သမား"** ဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကိုဆိုသည်-

(၁) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ၊

(၂) ဆိုင်ရာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်းနှစ်ရပ်လုံးကို မိမိ၏အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီးမတည်စိုက်ထုတ်၍ လုပ်ငန်း လုပ်ကိုင်ချိန်တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်းများနှင့် ယင်းတို့နှင့်ဆက်နွယ်လျက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့်သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ။

(စ) **"စိုက်ပျိုးရေးလုပ်ငန်း"** ဆိုသည်မှာ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ၊ အစုအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကုမ္ပဏီဖွဲ့စည်း၍ဖြစ်စေ လုပ်ကိုင်သော အောက်ပါလုပ်ငန်းများကို ဆိုသည်၊ ယင်းစကားရပ်တွင် သဘောတူစာချုပ် ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော စိုက်ပျိုးရေးလုပ်ငန်းလည်း ပါဝင်သည်-

(၁) လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊
(၂) စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်း၊
(၃) ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်း၊
(၄) ဟင်းသီးဟင်းရွက်၊သစ်သီးဝလံ၊ပန်းမန်စိုက်ပျိုးရေးလုပ်ငန်း၊
(၅) မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်း၊
(၆) တိရစ္ဆာန်အစာစိုက်ပျိုးရေးလုပ်ငန်း၊
(၇) စွမ်းအင်အထောက်အကူပြု စိုက်ပျိုးရေးလုပ်ငန်း၊
(၈) သစ်တောစိုက်ပျိုးပြုစုထိန်းသိမ်းရေးလုပ်ငန်း၊
(၉) ဆည်မြောင်း၊တာတမံနှင့် မြေယာပြုပြင်ရေးလုပ်ငန်း။

(ဆ) **"မွေးမြူရေးလုပ်ငန်း"** ဆိုသည်မှာ ပုဂ္ဂလိကတစ်ဦးချင်းဖြစ်စေ၊ တစ်ဦးထက်ပို၍ဖြစ်စေ အစုအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကုမ္ပဏီဖွဲ့စည်း၍ဖြစ်စေ လုပ်ကိုင်သော အောက်ပါလုပ်ငန်းများကို ဆိုသည်၊ ယင်းစကားရပ်တွင် သဘောတူစာချုပ်ချုပ်ဆို၍ အကျိုးတူပူးပေါင်းဆောင်ရွက်သော မွေးမြူရေးလုပ်ငန်းလည်း ပါဝင်သည်-

(၁) စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် အသုံးပြုရန်၊ စားသုံးရန် သို့မဟုတ် ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရန် တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်း၊
(၂) ရေလုပ်ငန်းနှင့်ရေချို၊ ရေငန်ငါးမွေးမြူခြင်းလုပ်ငန်း၊
(၃) မျိုးတိရစ္ဆာန် သို့မဟုတ် မျိုးငါးမွေးမြူခြင်း၊ သားပေါက်ထုတ်လုပ်ခြင်းနှင့် မျိုးမြှင့်တင်ခြင်းလုပ်ငန်း၊
(၄) ပျားမွေးမြူခြင်းလုပ်ငန်း၊
(၅) ပိုးမွေးမြူခြင်းလုပ်ငန်း။

(ဇ) **"ထုတ်ကုန်ပစ္စည်း"** ဆိုသည်မှာ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်းမှထွက်ရှိလာသော ထုတ်ကုန်ပစ္စည်းကိုဆိုသည်။

(ဈ) **"သွင်းအားစု"** ဆိုသည်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့တင်ပို့ရောင်းချသည့် အချိန်အထိ ကုန်ကျစရိတ်များ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများ အားလုံးကို ဆိုသည်။

(ည) **"လယ်ယာကုန်ထုတ်အရင်းအနှီး"** ဆိုသည်မှာ လယ်ယာမြေများ၊ တောင်သူလယ်သမားများက စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစတင်ပြင်ဆင်ချိန် မှစ၍ ဈေးကွက်သို့တင်ပို့ရောင်းချသည့် အချိန်အထိ ရင်းနှီးမြှုပ်နှံထားရသည့် ကောက်ပဲသီးနှံမျိုးစေ့များ၊ ပျိုးပင်ပေါက်များ၊ သားပေါက်များ၊ ပြုစုကန်များ၊ ငါးမွေးကန်များ၊တိရစ္ဆာန်အစာများ၊ အသုံးချပစ္စည်းကိရိယာများ၊ စိုက်ထုတ်ရသည့် မိသားစုလုပ်အားများကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ **ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-**

(က) တောင်သူလယ်သမားများ အရင်းအနှီးရရှိရေးအတွက် သင့်တင့်သော ချေးငွေနှင့် အကူအညီများပေးရန်၊

(ခ) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့လည်းကောင်း၊ သမားရိုးကျ မိရိုးဖလာမွေးမြူရေးမှ ခေတ်မီမွေးမြူရေးသို့လည်းကောင်း ကူးပြောင်းနိုင်ရန် ထုတ်လုပ်ခွင့်၊ နည်းပညာနှင့်သွင်းအားစု ဆိုင်ရာတို့ကို ပံ့ပိုးကူညီရန်၊

(ဂ) တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှင့်ဈေးကွက်ရရှိရေးတို့အတ[…] ဆောင်ရွက်ရန်။

အခန်း(၃)
ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့်ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် အောက်ပါအစိုးရဌာန၊အစိုးရအဖွဲ့အစည်း၊[…] အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များ ပါဝ[…] တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဗဟိုအဖွဲ့ကို[…] ရမည်-

(က) ပြည်ထောင်စုအစိုးရစီးပွားရေးနှင့် ကူးသန်းရောင်းဝ[…] ဝန်ကြီးဌာန၊
(ခ) ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာန၊
(ဂ) ပြည်ထောင်စုအစိုးရ၊ သမဝါယမဝန်ကြီးဌာန၊
(ဃ) ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန[…]
(င) ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြေ[…] ဌာန၊
(စ) ပြည်ထောင်စုအစိုးရ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီ[…]
(ဆ) ပြည်ထောင်စုအစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွာ[…] တိုးတက်မှုဝန်ကြီးဌာန၊
(ဇ) မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအ[…]
(ဈ) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊
(ည) ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း၊
(ဋ) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊
(ဌ) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊
(ဍ) မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်း၊
(ဎ) တောင်သူလယ်သမားကိုယ်စားပြု အဖွဲ့အစည်းများ၊
(ဏ) အခြားသင့်လျော်သည့် အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်များ။

၅။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သ[…]

(က) တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ဖြ[…] သောဈေးကောင်းရ၍ ဈေးကွက်ရှိသည့်သီးနှံများကို လွ[…] စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တောင်သူလ[…] များ လိုအပ်သောချေးငွေ၊ အကူအညီများနှင့် သင့်တင့်[…] ဈေးရရှိရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ခ) တည်ဆဲဥပဒေများပါ တောင်သူလယ်သမားများ၏ အ[…] များကို တောင်သူလယ်သမားများ အမှန်တကယ် ခံ[…] အတွက် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) တောင်သူလယ်သမားများအား လိုအပ်သောချေးငွေနှင့် […] များရရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) **ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့**က တင်ပြသော ဝ[…] ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို ပြ[…] လွှတ်တော်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်းနှ[…] ပြည်သူသိရှိစေရန် ကြေညာခြင်း၊

(င) **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယ[…] လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊**

(စ) ဤဥပဒေ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို […] အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ပါက လုပ်ငန်း[…] များဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်း[…] သတ်မှတ်ခြင်း၊

(ဆ) တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေး[…] များဖွံ့ဖြိုးစေရန် သုတေသနလုပ်ငန်းများကို ထူထော[…] အားပေးခြင်း၊

(ဇ) တောင်သူလယ်သမားများအား စိုက်ပျိုးရေးနှင့် မွေးမြူရေ[…] များပေးခြင်း၊ ထုတ်ကုန်ပစ္စည်းဈေးကွက်နှင့် ဈေးနှု[…] သတင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊

(ဈ) ထုတ်ကုန်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာသ[…] ရောင်းချခွင့်နှင့် ပြည်ပသို့ တရားဝင် တင်ပို့ခွင့်[…]

လူနာရှင်များ၏ ပစ်ပယ်ခြင်းခံရမှုကြောင့် စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)တွင် စွန့်ပစ်လူနာဦးရေ တိုးပွားလာနေမှုအား အဖြေရှာရန်လို

စိတ်ဝေဒနာရှင်တစ်ဦး၏ ပန်းချီလက်ရာတစ်ခု။

ရန်ကုန် ဇွန် ၂၉

လူနာရှင်များ၏ စွန့်ပစ်မှုကြောင့် စိတ်ဝေဒနာသည် စွန့်ပစ်လူနာများ တဖြည်းဖြည်း တိုးပွားလာနေမှုသည် လက်ရှိတွင် ဝန်ထုပ်ဝန်ပိုးမဖြစ်သေးသော်လည်း ဝိုင်းဝန်းအဖြေရှာရန် လိုအပ်လျက်ရှိနေပြီဖြစ်ကြောင်း ဇွန် ၂၇ ရက်က ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီး (ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရွာသာကြီး) နှစ်ပတ်လည်ပျော်ပွဲရွှင်ပွဲနှင့်နိဗ္ဗာန်ဈေးပွဲတော် ကျင်းပစဉ် အဆိုပါဆေးရုံ၏ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စိုးက ပြောကြားသည်။

"ကျွန်တော်တို့ စိတ်ကျန်းမာရေးဆေးရုံမှာ မတ် ၃၁ရက်အထိ စာရင်းများအရ ဆေးကုသမှုခံယူနေတဲ့ စိတ်ကျန်းမာရေးဝေဒနာရှင် စုစုပေါင်း ၁၁၀၉ ဦး ရှိပါတယ်။ အဲဒီအထဲကမှ ၄၀၉ ဦးဟာ စွန့်ပစ်လူနာတွေပါ။ ဆေးရုံရဲ့ အတွင်းလူနာ ၁၁၀၉ ဦးမှာ ၄၀၉ ဦးက နာတာရှည်လူနာဖြစ်နေတာပေါ့။ လောလောဆယ် အသုံးပြုနိုင်တဲ့ခုတင် ၇၀၀ မှာ ၄၀၉ လုံးက သူတို့အတွက် အသုံးပြုနေရတာပေါ့။ ပြီးခဲ့တဲ့ ဒီဇင်ဘာကနေ မတ်လအတွင်းမှာပဲ စွန့်ပစ်လူနာ ၅၉ ဦးအထိ တိုးလာတယ်။ ဒီပုံစံအတိုင်းသာ သွားနေရင်တော့ ကျွန်တော့်အနေနဲ့ စိတ်ကျန်းမာရေးဆေးရုံမဟုတ်ဘဲ နာတာရှည်လူနာပြုစုရေးဂေဟာအဖြစ် ပြောင်းရမလိုဖြစ်နေပြီ" ဟု ပြောကြားခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ လူနာရှင်များသည် မရှိသောလိပ်စာ၊ လိပ်စာလိမ်နှင့်လိပ်စာတုများပေး၍ အချို့မှာ ဝေဒနာသည်၏ ဆွေမျိုးရင်းချာ ညီအစ်ကိုမောင်နှမများပင်ဖြစ်သော်လည်း ၎င်းတို့ကိုယ်တိုင်က လက်ခံလိုခြင်းမရှိသောကြောင့် ဖြစ်သည်ဟု သိရသည်။

ယခုအချိန်တွင် နိုင်ငံတော်က ထောက်ပံ့သောအသုံးစရိတ်၊ အလှူရှင်များ၏ သဒ္ဓါတရားဖြင့် ထိန်းထားနိုင်သော်လည်း နောင်တစ်ချိန် လူနာများ၏ စားဝတ်နေရေးနှင့် ဆေးကုသစရိတ်များ လောက်ငမှုမရှိမည်ကို စိုးရိမ်မိပြီး လက်ရှိဝန်ထုပ်ဝန်ပိုးမဖြစ်သော်လည်း ဝိုင်းဝန်းအဖြေရှာဖို့လိုပြီဖြစ်ကြောင်း၊ ဆေးရုံတွင် စိတ်ရောဂါခံစားရသူ လူနာများပြားလျက်ရှိနေသော်လည်း မြန်မာတစ်နိုင်ငံလုံးတွင် အမှန်တကယ် ကုသခံယူထိုက်သည့် လူနာ၏ နှစ်ရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိသာ ကုသပေးနိုင်သေးကြောင်းဖြင့်လည်း ဆေးရုံအုပ်ကြီးက ပြောကြားသည်။

အဆိုပါ စိတ်ကျန်းမာရေးဆေးရုံကြီး၏ နှစ်ပတ်လည်ပျော်ပွဲရွှင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်တွင် စိတ်ဝေဒနာရှင်များ၏ ခံစားချက်ပ[…] များကို ပြသခဲ့ပြီး အဝ[…] လည်း စားသောက်ဖွယ်[…] များ၊ အဝတ်အထည်အ[…] နှင့် အလှူငွေများကို ဝိုင်[…] ခဲ့ကြသည့်အပြင် ဘိုဘို[…] နူး၊ အက်စ်ကဲနက်၊ မီမိဝ[…] အဝင် နိုင်ငံကျော်[…] ကလည်း ဝေဒနာရှင်[…] သီချင်းများကို အားပါ[…] ဖျော်ဖြေခဲ့ကြသည်။

တေးသံရှင်ကေဂျ[…] တို့က ဒီပွဲကိုမေတ္တာနဲ့ […] အန်တီတို့ ဒီကိုလာရော[…] အခုမှမဟုတ်ပါဘူး။ […] ဆေးရုံမှာကတည်းက […] ခုနှစ်ကတည်းက မေတ္တာ[…]

သတင်းပေး[…]

ပြည်တွင်းသတင်း

င့်ဈေးကွက်ရရှိရေးတို့အတွက် ကူညီ

၏ လုပ်ငန်းတာဝန်များ

ာန၊အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက
လျော်သောပုဂ္ဂိုလ်များ ပါဝင်စေလျက်
မြှင့်တင်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်း

းနှင့် ကူးသန်းရောင်းဝယ်ရေး

ရေးဝန်ကြီးဌာန၊
ပမဝန်ကြီးဌာန၊
ရေးနှင့်အခွန်ဝန်ကြီးဌာန၊
စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး

ရးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊
ားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး

စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊
ျုပ်၊
သင်း၊
ပ်၊
းအဖွဲ့ချုပ်၊
ျားအသင်း၊
းပြု အဖွဲ့အစည်းများ၊
အစည်းနှင့်ပုဂ္ဂိုလ်များ။
အောက်ပါအတိုင်းဖြစ်သည်-
အကျိုးစီးပွားများကို ဖြစ်ထွန်းစေ
က်ရှိသည့်သီးနှံများကို လွတ်လပ်စွာ
ရေးအတွက် တောင်သူလယ်သမား
ကူအညီများနှင့် သင့်တင့်မျှတသော
ပေးခြင်း၊
သူလယ်သမားများ၏ အခွင့်အရေး
များ အမှန်တကယ် ခံစားနိုင်ရေး
ခြင်း၊
လိုအပ်သောချေးငွေနှင့် အကူအညီ
ခြင်း၊
းအဖွဲ့က တင်ပြသော ဝယ်ယူမည့်
ဝယ်ယူမည့်ဈေးကို ပြည်ထောင်စု
ျက်ဖြင့် သတ်မှတ်ခြင်းနှင့် အများ
င်း၊
အဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏
ခြင်း၊
လုပ်ငန်းတာဝန်များကို အကောင်
န် လိုအပ်ပါက လုပ်ငန်းကော်မတီ
ဖွဲ့များ၏ လုပ်ငန်းတာဝန်များ

က်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာ
လုပ်ငန်းများကို ထူထောင်ခြင်းနှင့်

စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာ
ည်းဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ
ဖြန့်ဝေခြင်း၊
တွင်း၌ လွတ်လပ်စွာသယ်ဆောင်
တရားဝင် တင်ပို့ခွင့်ရရှိရေးတို့

အတွက် ကူညီဆောင်ရွက်ခြင်း၊

(ည) ထုတ်ကုန်ပစ္စည်းများအား ပြည်ပသို့တင်ပို့ရောင်းချရာတွင် သက်ဆိုင်ရာကုန်သွယ်ဖက်နိုင်ငံများထံမှ တင်သွင်းခွင့်ခွဲတမ်းများ စဉ်ဆက်မပြတ်ရရှိရေး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) တောင်သူလယ်သမားများအား ထုတ်ကုန်ပစ္စည်းများကို အာမခံထားသည့်စနစ်၊ ကုန်လှောင်ရုံများတွင် အပ်နှံသည့်စနစ်၊ သီးနှံအပေါင်ထားသည့်စနစ်နှင့် လယ်ယာလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်များကို အလေ့အကျင့်များရှိစေရန် အားပေးကူညီခြင်း၊

(ဌ) မိမိ၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဎ) အစိုးရအဖွဲ့က တာဝန်ပေးအပ်သော တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာ အခြားတာဝန်များ ဆောင်ရွက်ခြင်း။

၆။ ဗဟိုအဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းအဖွဲ့တစ်ခုခုအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၇။ ဗဟိုအဖွဲ့တွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဗဟိုအဖွဲ့ကခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

အခန်း(၄)
ချေးငွေနှင့် အကူအညီများပေးခြင်း

၈။ ဗဟိုအဖွဲ့သည် အောက်ပါကိစ္စရပ်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည်-

(က) တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် သင့်တင့်သောအရင်းအနှီးရရှိရေးအတွက် နှစ်တိုနှစ်ရှည်ချေးငွေများကို သက်သာသောအတိုးနှုန်းဖြင့် စည်းကမ်းချက်များချမှတ်၍ ထုတ်ချေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။

(ခ) ပုဒ်မခွဲ(က)အရ ချေးငွေများထုတ်ချေးရာတွင် ထုတ်ချေးမည့်ငွေ၊ **သက်သာသော**အတိုးနှုန်း၊ ပြန်ဆပ်ရမည့် ကာလတို့ကိုသတ်မှတ်ခြင်း။

၉။ ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် တောင်သူလယ်သမားများ၏ သီးနှံစိုက်ခင်း၊ထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင်ဖြစ်စေ၊ အများပြည်သူကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ ဖျက်ဆီးခြင်းခံရလျှင် ဖြစ်စေ ယင်းတောင်သူလယ်သမားများအား လိုအပ်သော အကူအညီများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၀။ ဗဟိုအဖွဲ့သည် သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ဘေးရောဂါတစ်ခုခုကျရောက်၍ အများပြည်သူကျန်းမာရေးအလို့ငှာ ဥပဒေနှင့်အညီ သက်ဆိုင်ရာက ဖျက်ဆီးသုတ်သင်ခြင်းခံရသော မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် တောင်သူလယ်သမားများအား လိုအပ်သည့် အကူအညီများပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

၁၁။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများအား ချေးငွေနှင့် အကူအညီများ ပေးနိုင်ရန် လိုအပ်သောဘဏ္ဍာငွေရရှိရေးအတွက် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်။

၁၂။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများအား ချေးငွေနှင့်အကူအညီများ ပေးနိုင်ရေးအတွက် အစိုးရအဖွဲ့၏ အစီအမံဖြင့် ဆောင်ရွက်ရမည်။

အခန်း(၅)
ထုတ်လုပ်ခွင့်၊ နည်းပညာနှင့် သွင်းအားစုဆိုင်ရာ ပံ့ပိုးကူညီခြင်း

၁၃။ ဗဟိုအဖွဲ့သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တောင်သူလယ်သမားတိုင်း ဥပဒေနှင့်အညီလွတ်လပ်စွာရွေးချယ်စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(ခ) အရည်အသွေးမီသည့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အားပေးကူညီရန်၊

(ဂ) တောင်သူလယ်သမားများအား ဒေသ၊ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ပညာပေးရန်နှင့် ကူညီဆောင်ရွက်ရန်၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သော မိုးလေဝသ သတင်းအချက်အလက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ လယ်ယာမြေနှင့်စပ်ဆိုင်သည့် သတင်းအချက်အလက်များ၊ ပိုးမွှားရောဂါဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ရန်။

၁၄။ ဗဟိုအဖွဲ့သည် မွေးမြူရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) မွေးမြူထုတ်လုပ်မှုနှင့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်မားစေရန် တောင်သူလယ်သမားများအား မွေးမြူရေးဆိုင်ရာနည်းပညာများပေးရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ရန်၊

(ခ) ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက် ဈေးနှုန်းဆိုင်ရာသတင်း အချက်အလက်များ စုဆောင်းခြင်း၊ ဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးရန်၊

(ဂ) ပြည်တွင်းပြည်ပဈေးကွက်ရှိသော မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ရေးကို အားပေးကူညီရန်၊

(ဃ) မွေးမြူရေးလုပ်ငန်းထုတ်ကုန်ပစ္စည်းများထုတ်လုပ်ခွင့်၊ ရောင်းဝယ်ဖောက်ကားခွင့်နှင့် **ဥပဒေနှင့်အညီ သယ်ဆောင်ခွင့်ရရှိရေး**တို့အတွက် ကူညီဆောင်ရွက်ရန်၊

(င) မွေးမြူရေးလုပ်ငန်းနှင့် သက်ဆိုင်သော မိုးလေဝသသတင်းအချက်အလက်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များ၊ ကူးစက်ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို တောင်သူလယ်သမားများထံသို့ အလျင်အမြန်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ပေးရန်။

၁၅။ ဗဟိုအဖွဲ့သည် ပုဒ်မ ၁၃ ပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအားလည်းကောင်း၊ ပုဒ်မ ၁၄ ပါ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုအစိုးရ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအားလည်းကောင်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထို့ပြင် ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ လုပ်ငန်းတာဝန်များကို အခြားသင့်လျော်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုအားလည်း လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

အခန်း(၆)

၁၆။ ဗဟိုအဖွဲ့သည် တောင်သူလယ်သမားများက ကောက်ပဲသီးနှံများကို တိုက်ရိုက်ရောင်းချလိုပါက ဝယ်ယူနိုင်ရေးအတွက် **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၁၇။ (က) **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် ဝယ်ယူမည့်ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို ဗဟိုအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သတ်မှတ်၍ ဝယ်ယူနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်သော ဝယ်ယူမည့်ဈေးသည် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ ဝယ်ယူရောင်းချခြင်းနှင့်သာ သက်ဆိုင်စေရမည်ဖြစ်ပြီး တောင်သူလယ်သမားများ၏ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ကို ထိခိုက်ခြင်း မရှိစေရ။

၁၈။ **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် တောင်သူလယ်သမားများ၏ ထုတ်ကုန်ပစ္စည်းများကို ရောင်းဝယ်မှုပြုရာတွင် ပြည်တွင်း ပြည်ပဈေးကွက်ရရှိရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ ဈေးကွက်သစ်ရှာဖွေရေးနှင့် ဈေးကွက်သတင်းစုဆောင်းရေးတို့ကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရမည်။

၁၉။ **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ဗဟိုအဖွဲ့ကထုတ်ပြန်သည့် ဝယ်ယူမည့် ကောက်ပဲသီးနှံအမျိုးအစားနှင့် ဝယ်ယူမည့်ဈေးကို တောင်သူလယ်သမားများ သိရှိနိုင်ရန် အချိန်မီ ထုတ်ပြန်ကြေညာပေးရမည်။

၂၀။ **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် တောင်သူလယ်သမားများထံမှ ကောက်ပဲသီးနှံများကို ဝယ်ယူရာတွင် လိုအပ်သောရင်းနှီးငွေကို ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာငွေမှ ရယူသုံးစွဲရမည်။

၂၁။ **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့**သည် တောင်သူလယ်သမားများထံမှ ဝယ်ယူပြီးသည့် ကောက်ပဲသီးနှံများ ဖြန့်ဖြူးရောင်းချရာတွင်-

(က) **အရှုံးပေါ်ပေါက်ပါက** သက်ဆိုင်ရာကစိစစ်၍ ကြောင်းကျိုးဆီလျော်မှုရှိလျှင် ယင်းအရှုံးကို ပြည်ထောင်စုဘဏ္ဍာငွေမှ ကျခံနိုင်စေရန် စီစဉ်ဆောင်ရွက်ရမည်။

(ခ) **အကျိုးအမြတ်ရှိပါက** ယင်းအကျိုးအမြတ်ကို ပြည်ထောင်စုဘဏ္ဍာသို့ ထည့်သွင်းရမည်။

၂၂။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ကောက်ပဲသီးနှံရောင်းဝယ်ရေးကိစ္စများကို ဆောင်ရွက်စေနိုင်သည်။

၂၃။ ပြည်ထောင်စုအစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည်-

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို **ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့က** အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။

(ခ) ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့များက ကောက်ပဲသီးနှံဝယ်ယူရာတွင် သုံးစွဲမည့်ငွေများကို ထိန်းသိမ်းကြီးကြပ်ရမည်။

၂၄။ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့သည် မိမိလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို တစ်လလျှင်တစ်ကြိမ် ဗဟိုအဖွဲ့သို့ ပြန်လည်တင်ပြရမည်။

အခန်း (၇)
လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၂၅။ ဗဟိုအဖွဲ့သည် လုပ်ငန်းအဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ သင့်လျော်သောပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်စေလျက် ဖွဲ့စည်းပေးရမည်။

၂၆။ လုပ်ငန်းအဖွဲ့များသည်-

(က) ဗဟိုအဖွဲ့က ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(ခ) မိမိတို့၏ ဆောင်ရွက်ချက်များကို တစ်လလျှင်တစ်ကြိမ် ဗဟိုအဖွဲ့သို့ တင်ပြရမည်။

အခန်း (၈)
အထွေထွေ

၂၇။ အစိုးရအဖွဲ့သည်-

(က) ဗဟိုအဖွဲ့နှင့် ဤဥပဒေအရဖွဲ့စည်းသော လုပ်ငန်းကော်မတီအသီးသီး၏ ကုန်ကျစရိတ်ကို ကျခံရမည်။

(ခ) ဗဟိုအဖွဲ့နှင့် လုပ်ငန်းကော်မတီအသီးသီးတို့က ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်။

၂၈။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့နှင့် ဗဟိုအဖွဲ့တို့သည် လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

သတင်းပေးပို့သူ-ရဲခေါင်ညွှန့် ➤ ဓာတ်ပုံ-ဖိုးထောင်

ရှင်များ၏ ခံစားချက်ပန်းချီလက်ရာများကို ပြသခဲ့ပြီး အလှူရှင်များကလည်း စားသောက်ဖွယ်ရာနှင့် မုန့်များ၊ အဝတ်အထည်အသုံးအဆောင်နှင့် အလှူငွေများကို ဝိုင်းဝန်းလှူဒါန်းခဲ့ကြသည့်အပြင် ဘိုဘိုဟန်၊ ကေဂျာနူး၊ အက်စ်ကဲနက်၊ မီမီဝင်းဖေတို့အပါအဝင် နိုင်ငံကျော်တေးသံရှင်များကလည်း ဝေဒနာရှင်များနှင့်အတူ သီချင်းများကို အားပါးတရ သီဆိုဖျော်ဖြေခဲ့ကြသည်။

တေးသံရှင်ကေဂျာနူးက"အန်တီတို့က ဒီပွဲကိုမေတ္တာနဲ့ ကူညီတာပါ။ အန်တီတို့ ဒီကိုလာရောက်ကူညီတာ အခုမှမဟုတ်ပါဘူး။ တံတားလေးဆေးရုံမှာကတည်းကပါ။ ၁၉၉၇ ခုနှစ်ကတည်းက မေတ္တာနဲ့လာရောက်ကူညီတာ ဒီနေ့ထိပါပဲ" ဟု ဆိုသည်။ စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်) အနေဖြင့် အလှူရှင်များ၏ ပံ့ပိုးမှုနှင့်အတူ ဝေဒနာရှင်များအတွက် ရည်ရွယ်ကာ နှစ်စဉ် ဒီဇင်ဘာလနှင့် ဇွန်လများတွင် နှစ်ပတ်လည်ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးကြောင်း သိရသည်။ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)တွင် စိတ်ဝေဒနာသည်များအတွက် တစ်နေ့အသုံးစရိတ်သည် အကြမ်းဖျင်းအားဖြင့် ငွေကျပ် ခြောက်သိန်းခန့်ကုန်ကျပြီး ၂၀၀၄ ခုနှစ်တွင် ကောက်ခံခဲ့သော စာရင်းဇယားများအရ မြန်မာနိုင်ငံရှိ လူတစ်ထောင်တွင် ငါးဦးမှာ စိတ်ရောဂါခံစားနေရသည်ဟု သိရသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စိုး
စိတ်ကျန်းမာရေးဆေးရုံကြီး (ရန်ကုန်)။

ပရဆေးဥယျာဉ်ရှေ့၌ ဆိုင်ကယ်နှင့်မော်တော်ယာဉ်တိုက်မိ

နေပြည်တော် ဇွန် ၂၉

ယနေ့ညပိုင်းတွင် နေပြည်တော် သပြေကုန်းအပိုင်းအနီး၌ ဆိုင်ကယ်တစ်စီးသည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှမောင်းနှင်လာသည့်ကားတစ်စီးနှင့် တိုက်မိသဖြင့် တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဆေးကုသမှုခံယူ

ည ၇ နာရီ ၁၀ မိနစ်ခန့်တွင် ပျဉ်းမနားဘက်မှ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးသည် သပြေကုန်းအပိုင်းအနီး ပရဆေးဥယျာဉ် မီးပွိုင့်လမ်းဆုံ၌ ရှေ့မှဆိုင်ကယ်တစ်စီးကို ကျော်တက်ရာမှ ဆိုင်ကယ်ချင်းချိတ်မိပြီး တစ်ဖက်ယာဉ်ကြောအတိုင်း မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီး၏ ရှေ့ဘယ်ခြမ်းနှင့်တိုက်မိသည်။ ထိုသို့တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်လာသူ မောင်သန့်ဇင်ထွန်း (၂၀နှစ်)မှာ နေရာတွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာနှင့် အခြားဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး နောက်မှလိုက်ပါလာသူ မောင်ဟိန်းသက်ပိုင်(၂၃ နှစ်)မှာ ဒဏ်ရာများရရှိသဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံခွဲစိတ်ဆောင်၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

သန်းဦး(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ထမံသီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ဇီဝမျိုးစုံ မျိုးကွဲ ထိန်းသိမ်းရေးပညာပေး

ထမံသီ ဇွန် ၂၉

ဇီဝမျိုးစုံ မျိုးကွဲထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအနီးဝန်းကျင်တွင် နေထိုင်လျက်ရှိသော ဒေသခံပြည်သူများ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအကြောင်း သိရှိနားလည်လာစေရန်၊ သစ်ပင်သစ်တောများ၏ ဂေဟစနစ်အတွင်း အရေးပါပုံအကြောင်း သိရှိနားလည်လာစေရန်၊ သစ်တောဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအကြောင်းကို ပြည်သူများအတွင်း စိမ့်ဝင်ပျံ့နှံ့ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းကြောင့် သက်ရောက်မှုဆိုင်ရာအကြောင်းကို သိရှိနားလည်သဘောပေါက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ Wildlife Conservation Society (WCS) နှင့် သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ ပညာပေးလုပ်ငန်းကို ဇွန် ၁၄ ရက်မှ ၂၆ ရက်အထိ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာပြင်ပတွင် ဆောင်ရွက်လုပ်ကိုင်နေသော ရွှေမှော်လုပ်ငန်းဧရိယာများနှင့် နီးစပ်သည့် ဟော်ဆိုင်ကျေးရွာ၊ ရေပေါ်မီးကျေးရွာ၊ ယက်ဖကျေးရွာ၊ ထုံမလွတ်ကျေးရွာ၊ နမ့်ဖီးလင်းချောင်းဝစခန်းကျေးရွာတို့၌ Power Point များဖြင့် ရှင်းလင်းဟောပြောခြင်း၊ Video ပြကွက်များဖြင့် ပြသခြင်း ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူစုစုပေါင်း ၄၃၀ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ဒေသခံပြည်သူများ သာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြဿနာများတွင် ပါဝင်ပတ်သက်နေသော အခြားဒေသများမှ ပြည်သူများပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဗဟုသုတများ၊ အသိအမြင်များ ရရှိစေပြီး ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများအတွက် စိတ်ပါဝင်စားစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ ရရှိလာကြောင်း သိရသည်။

(သစ်တောဦးစီး)

မိုးရာသီသစ်ပင်စိုက်ပျိုး

ပုသိမ်ကြီး ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၁၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၄ ရက် နံနက် ၉နာရီက ရှင်တောင်ကုန်းကျေးရွာအုပ်စု ကျေးရွာအခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၌ ကျွန်းပင်၊ မဲဇလီနှင့် အော်ရီးရှား အစရှိသော အပင်ပေါင်း ၂၀၀ ကျော် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ အဆိုပါအခမ်းအနားကို မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းသူကိုနှင့် သစ်တောဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်စိုက်ပျိုးကြသည်။

ပျိုးထောင်ထားရှိ

၂၀၁၃ ခုနှစ် မိုးရာသီတွင် ပြည်သူများကို ဖြန့်ချိစိုက်ပျိုးရန် ယူကလစ်၊ ပျဉ်းကတိုး၊ ပိတောက်စသည့် သစ်ပင်မျိုးစုံ ၁၄၀၀၀၀ ပင်ကို ပျိုးထောင်ထားရှိပြီးဖြစ်သည်။

အဆိုပါ ပျိုးပင်များကို တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်နှုန်းဖြင့် ပျိုးပင် ၄၇၀၁ ပင်၊ တစ်အိမ်ထောင် သစ်မာပင် ၂၀ နှုန်းဖြင့် အပင် ၂၃၂၈၀၊ ထင်း၊ တိုင်၊ မျောအတွက် တစ်ရွာတစ်ဧက အပင် ၃၀၀၀ မိုးရာသီတွင် စိုက်ပျိုးရန် ဖြန့်ချိပေးခဲ့ကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ပင်လည်ဘူးမြို့နယ် ကင်းပန်းကျေးရွာ၌ အလင်းသစ်စာကြည့်တိုက်သစ်ဖွင့်လှစ်

ပင်လည်ဘူး ဇွန် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကင်းပန်းကျေးရွာပြည်သူများစုပေါင်းဆောက်လုပ်သော အလင်းသစ်စာကြည့်တိုက် အဆောက်အအုံ သစ်ဖွင့်ပွဲကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ထို့နောက် အလင်းသစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းလွင်တို့က အမှာစကားများ ပြောကြားကြသည်။

အဆိုပါ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၂၁ ပေ၊ အမြင့် ၁၁ ပေရှိ အဆောက်အအုံ ဖြစ်ပြီး ငွေကျပ် ၂၇ သိန်းကျော်ဖြင့် ကျောင်းထိုင်ဆရာတော် ဦးမဟောသဓနှင့် ကျေးရွာပြည်သူများက စုပေါင်းလှူဒါန်း ဆောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်စိုက်ထူ

မန္တလေး ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျုံးတောင်ဘက် ၂၆ လမ်းနှင့် ၇၈ လမ်းဆုံ၌ မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ဇွန် ၂၇ ရက် နံနက် ၆ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများဖြစ်ကြသော ဒေါ်ရီရီနွဲ့၊ ဒေါ်အေးအေးမြင့်နှင့် ဥက္ကဋ္ဌ ဒေါ်ငွေငွေအောင်တို့က မြေစိုက်ပိုစတာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေက မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက် စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်မောင်(မန္တလေး)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မှုခင်းသတင်းတိုများ

ကာယိန္ဒြေဖျက်ဆီး၍ နာကျင်အောင်ပြုလုပ်သူအား အရေးယူ

ရန်ကုန် ဇွန် ၂၉

ဇွန် ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် အင်းစိန်မြို့နယ်နေ အသက် (၁၄ နှစ်)ရှိ စတုတ္ထတန်းကျောင်းသူသည် ကျောင်းသွားတက်စဉ် အနောက်ရပ်ကွက်၊ ရွှေဥဒေါင်းလမ်းပေါ်တွင် နေလင်းထွန်း(၂၇ နှစ်) ကွမ်းယာရောင်း ၄ လမ်း ၁၅ ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူက နောက်မှလိုက်လာပြီး လက်နှစ်ဖက်ဖြင့် နောက်မှသိုင်းဖက်ကာ ဝဲ/ယာပါးနှစ်ဖက်လုံးကို လက်ဝါးဖြင့် ရိုက်နှက်ထွက်ပြေးသွားကြောင်း၊ ၎င်း၍နေအိမ်သို့ပြန်လာပြီး မိခင်အားပြောသဖြင့် နေလင်းထွန်းအပေါ် အရေးယူပေးပါရန် မိခင်က တရားလိုပြုလုပ်တိုင်တန်းမှုကို အင်းစိန်မြို့နယ်ရဲစခန်းမှ ဇွန် ၂၇ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ်ရဲမြင့်မှ ကာယိန္ဒြေဖျက်ဆီး၍ နာကျင်အောင်ပြုလုပ်သူ နေလင်းထွန်းအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(မြန်မာ့အလင်း)

အိမ်အပေါ်ထပ်တွင် ကြိုးဆွဲချသေဆုံး

မြို့သစ် ဇွန် ၂၉

မကွေးခရိုင် မြို့သစ်မြို့နယ် ဆင်ဖြူချီအုပ်စု မကြီးကုန်းလေးကျေးရွာတွင် ဇွန် ၂၈ နံနက် ၈ နာရီက နေအိမ်အပေါ်ထပ်ဘုရားခန်းရှေ့တွင် ကြိုးဆွဲချသေဆုံးမှုဖြစ်ပွားခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးက အချိန်နှင့်တစ်ပြေးညီဖုန်းဖြင့် အကြောင်းကြား ချက်အရ ဒုရဲအုပ် စိုးသန်းနှင့်တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးရာ ကြိုးဆွဲချသေဆုံးသည် ဒေါ်ခွေးမ(၈၀ နှစ်)ဖြစ်ကြောင်းနှင့် နေအိမ်အပေါ်ထပ်ဘုရားခန်းရှေ့တွင် ကြိုးဆွဲချသေဆုံးပြီး ပြင်ပဒဏ်ရာ မတွေ့ရကြောင်း ဒုရဲအုပ်စိုးသန်းနှင့်အဖွဲ့က အမှုကိုဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်သား)

တရားမဝင် နွားသယ်ဆောင်မှု သိန်းနီ၌အရေးယူ

သိန်းနီ ဇွန် ၂၉

သိန်းနီရဲစခန်းမှူး ဒုရဲမှူးဝင်းဇော်၊ နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်နေမျိုးနှင့်တပ်ဖွဲ့ဝင်များသည် ဇွန် ၂၇ ရက် မွန်းလွဲ ၂ နာရီက နယ်မြေသတင်းစုံစမ်းရန် သိန်းနီမှ ကွတ်ခိုင်အထွက် အေးရှားဝေါလ်တိုးဂိတ်သို့ ရောက်ရှိစဉ် လားရှိုးမှ ကွတ်ခိုင်သို့ ယာဉ်မောင်းမာတူး(၂၄ နှစ်) မိုင်းယော်ရွာ လားရှိုးမြို့တွင်နေထိုင်သူ မောင်းနှင်လာသော ယာဉ်အမှတ် (၃က/--)နစ်ဆန်းအမျိုးအစား ၁၂ ဘီး အစိမ်းရောင်ယာဉ်ကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ရဲစခန်းသို့ခေါ်ယူ၍သက်သေများရှေ့တွင်စစ်ဆေးရာ ဒေသနွားအရွယ်အစားမျိုးစုံ အထီး ၁၄ ကောင်၊ အမ ၃၁ ကောင်၊ စုစုပေါင်း ၄၅ ကောင်ကို ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မိုးကာအုပ်၍ သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် နွားများကို သယ်ဆောင်လာသူ မာတူးအား ဒုရဲအုပ် ထက်မြတ်ထွေးက တရားလိုပြုတိုင်တန်းရာ သိန်းနီရဲခစန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ပြန်/ဆက်)

စကားများရန်ဖြစ်ရာမှ ဇနီးကလင်ကို ဓားဖြင့်ထိုးသတ်

မန္တလေး ဇွန် ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆) ကွက်ပြင်(၃) သစ်တောလမ်းရှိ တရုတ်ဘုံကျောင်းတွင် အဆောက်အအုံဆောက်လုပ်နေသည့် လုပ်သားလင်မယားနှစ်ယောက်သည် ဇွန် ၂၆ ရက် နံနက် ၇ နာရီခွဲက စကားများရန်ဖြစ်ရာ ဇနီးက ခင်ပွန်းကို ဓားဖြင့်ထိုး၍ နေရာတွင်ပင်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ပြင်ဦးလွင်မြို့ တရုတ်ဘုံကျောင်းတွင် အဆောက်အအုံဆောက်လုပ်နေသည့် လုပ်သားများဖြစ်သော ဦးဝင်းဆန်း(၃၇ နှစ်) ချောက် မြို့နေသူနှင့် ဇနီးဖြစ်သူ ဒေါ်ခင်မျိုးဝင်း(၂၅ နှစ်) ဆိပ်ဖြူမြို့နေသူတို့သည် လင်မယားချင်း စကားများရန်ဖြစ်ရာ ဒေါ်ခင်မျိုးဝင်းက ခြောက်လက်မအရှည်ရှိ ဓားဖြင့်ထိုး၍ ဦးဝင်းဆန်းတွင် ဒဏ်ရာများရရှိခဲ့ပြီး နေရာတွင်ပင် သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ခင်မျိုးဝင်းအား ပြင်ဦးလွင်မြို့ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဖခင်အမည်မှန်

မမြင့်မြင့်ခင် ၁၂/ကမန(နိုင်)၁၀၅၄၀၈၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင် သန်းခေါင်စာရင်းအရ ဦးလှသိန်း ၁၂/ကမန(နိုင်)၀၀၀၄၀၁ ဖြစ်ပါကြောင်း။

ဦးလှသိန်း
၁၂/ကမန(နိုင်)၀၀၀၄၀၁

မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(ဂ)မှ မခင်ခင်ဝေ၏ မိဘအမည်မှန်မှာ ဦးအောင်နိုင်ထွန်း-ဒေါ်ငွေမြ ဖြစ်ပါကြောင်း။

ဦးအောင်နိုင်ထွန်း
၅/စကန(နိုင်)၀၃၃၆၆၂

ကျေးဇူးဆပ်ပါမည်

ကျွန်မ မဝေမောင်း ၁၂/ဗဟန(နိုင်)၀၅၄၂၄၄၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၅၃၇၉၆၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ကြီးပွားရေး)၊ လူနေရပ်ကွက်အမှတ်(ကြီးပွားရေး)၊ မြေကွက်အမှတ်(၄၂)၊ ခြံအမှတ်(၂)၊ ခရေလမ်းပေါ်ရှိ အလျား ပေ၆၀×အနံပေ၆၀၊ စတုရန်းပေအကျယ်အဝန်းအားဖြင့် ၃၆၀၀အကျယ်အဝန်းရှိသော မြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား ဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်နှင်းစန္ဒာမြင့် ၁၂/သဃက(နိုင်)၀၈၅၂၆၈ ထံမှ ကျွန်မ ဒေါ်ခင်ခင်မြ ၁၂/ဗဟန(နိုင်)၀၇၀၉၀၇နှင့် ဒေါ်မြင့်မြင့်ဝေ ၁၂/ဗဟန(နိုင်)၀၇၀၉၀၄နှစ်ဦးမှ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းရာ ရောင်းချသူမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီသဖြင့် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေချထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအစုံအလင်ဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ခင်မြ ၁၂/ဗဟန(နိုင်)၀၇၀၉၀၇
ဒေါ်မြင့်မြင့်ဝေ ၁၂/ဗဟန(နိုင်)၀၇၀၉၀၄ ဖုန်း-၀၉-၇၃၉၀၃၂၅၅

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ-

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၄/ခ)၊ ဧရိယာ ၀ဒသမ၃၀၆၉ဧကရှိ မြေပိုင်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ပြည်သာယာလမ်းမပေါ် မျက်နှာမူလျက် မြေကွက်ကြီး၏ အနောက်ဘက်ခြမ်း၏အစွန်ဆုံး ပေ၃၀×ပေ၇၀ခန့်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ၈/တောင်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ၃၇၂ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးတင်ဆန်းထွန်း(TTA-၀၆၉၈၃၁) အမည်ဖြင့်တည်ရှိသော မြေပိုင်မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူ ဦးတင်ဆန်းထွန်း (TTA-၀၆၉၈၃၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်မိုး
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၉၀)

ဦးအောင်မင်းနိုင်
LL.B, C.B.L, WIPO-DL-101(Geneva)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)

ဦးသန့်ဇော်လွင် LL.B, D.B.L အထက်တန်းရှေ့နေ (စဉ်-၃၈၇၃၁)
အမှတ် ၅၆၁၊ ပထမထပ်၊ M.A.C Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဘုန်းတော်ကြီးပညာသင်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၂၉

ဂျပန်နိုင်ငံအစိုးရ အသေးစား စီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ အကောင်အထည်ဖော်ခဲ့သော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ပခုက္ကူကျောင်းတိုက် အလယ်တန်းအဆင့် ဘုန်းတော်ကြီးပညာသင်ကျောင်း၊ ကျောင်းဆောင်သစ်အတွက် ဒေါ်လာ ၈၇၆၁၃ နှင့် မြိတ်မြို့ နတ်မော်ကျေးရွာ အလယ်တန်းအဆင့် ဘုန်းတော်ကြီးပညာသင်ကျောင်း၊ ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၄ ရက်နှင့် ၂၅ ရက်နေ့တို့တွင် ကျင်းပခဲ့သည်။

အလယ်တန်းအဆင့်ဘုန်းတော်ကြီးပညာသင်ကျောင်းကို မိဘမဲ့ကလေးများနှင့် ဆင်းရဲနွမ်းပါးသော ကျောင်းနေအရွယ် ကလေးငယ်များအတွက်ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ရာ နှစ်စဉ်ကျောင်းသားဦးရေ တိုးတက်လာပြီး ယမန်နှစ်မှစ၍ လက်ရှိကျောင်းသားအရေအတွက်နှင့် စာသင်ဆောင်မှာ လောက်ငမှုမရှိခဲ့ကြောင်း ရပ်ရွာလူထုက ကိုယ့်အားကိုယ်ကိုးတည်ဆောက်ရန် ကြိုးပမ်းခဲ့သော်လည်း ရန်ပုံငွေလိုအပ်ချက် ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ၊ ထောက်ပံ့ရေးအစီအစဉ်အရ ထားဝယ်မြို့ ပခုက္ကူကျောင်းတိုက်အလယ်တန်းအဆင့် ဘုန်းတော်ကြီးပညာသင်ကျောင်း ကျောင်းဆောင်သစ်အတွက် အမေရိကန်ဒေါ်လာ ၈၇၆၁၃၊ မြိတ်မြို့ နတ်မော်ကျေးရွာ အလယ်တန်းအဆင့် ဘုန်းတော်ကြီး ပညာသင်ကျောင်း ကျောင်းဆောင်သစ်အတွက် အမေရိကန်ဒေါ်လာ ၉၁၀၄၈ အကုန်အကျခံ၍ အထက်ပါ ဘုန်းတော်ကြီးပညာသင်ကျောင်း နှစ်ကျောင်းအတွက် သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်စီနှင့် အိမ်သာ၊ လျှော့ပ် လမ်း၊ သုံးရေရရှိရေးနှင့် ကျောင်းသုံးပရိဘောဂများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr.Hedeaki MATS-UO တက်ရောက်ခဲ့ပြီး ထားဝယ်မြို့ ပခုက္ကူကျောင်းတိုက်တွင် တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်စွမ်းအားနှင့် စက်မှုဝန်ကြီး ဦးဝင်းဆွေ၊ ကျောင်းထိုင်ဆရာတော် ဦးနန္ဒဝံသ၊ ကျောင်းဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ၊ မြိတ်မြို့ နတ်မော်ကျောင်းတိုက်တွင် ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်စိုး၊ ကော်မတီအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လူနာတင်ယာဉ် ကားတစ်စီးလှူဒါန်း

မြင်းမူ ဇွန် ၂၉

မြင်းမူမြို့နယ် ညောင်ရင်းကျေးရွာ ဉာတိသင်္ဂဟကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းသို့ မြင်းမူမြို့ဗန္ဓုလရပ်ကွက်ရှိ ညောင်ရင်းအထည်ဆိုင် မခင်စန်းဝင်း၊ ညီမမခင်စန်းမာ မောင်နှမတစ်စုက (MAZDA) လူနာတင်ယာဉ်တစ်စီး(**ယာပုံ**)နှင့် မိုးကာတဲသုံးခုတို့ကို အသင်းတည်နေရာ မြင်းမူမြို့နယ် ညောင်ရင်းရွာ ဇမ္ဗူဒီပါကျောင်းတိုက်အတွင်း၌ ရေစက်ချလှူဒါန်းခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဇမ္ဗူဒီပါကျောင်းတိုက်ဆရာတော် ဦးသောပါကနှင့်အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်မှ ဦးပါမောက္ခ(ဇမ္ဗူနွယ်)တို့က လက်ခံယူခဲ့ကြောင်း သိရသည်။

ကျန်းမာရေးကူညီပေးရာ၌ ဆေးရုံတက်ဝေဒနာရှင်များကို ဆင်းရဲချမ်းသာမရွေး တစ်သောင်းကျပ်၊ ငွေကြေးချို့တဲ့သူများကို သုံးသောင်းကျပ်၊ အရေးပေါ်လူနာများအတွက် ငွေကြေးအခက်အခဲရှိပါက အသင်းမှ လိုသလောက် ကုန်ကျစရိတ်ငွေကို ခေတ္တထုတ်ချေးပြီး ကူညီပေးမည်ဖြစ်ရာ အသင်းဖွဲ့စည်းပြီးချိန်မှစ၍ ယနေ့အထိ နာရေးကူညီမှုခုနစ်ဦး၊ ကျန်းမာရေးထောက်ပံ့မှု ၁၃ ဦးအနက် မသန်းဝင်း စစ်ကိုင်းဆေးရုံခွဲစိတ်ရန်အတွက် ငွေကျပ် ၈၃၀၀၀ ထောက်ပံ့ခဲ့သည်။ နာရေးကူညီရာတွင် သေဆုံးသည်မှစ၍ သင်္ဂြိုဟ်ပြီးစီးချိန်အထိ ငွေအင်အား၊ လူအင်အား၊ ပစ္စည်းအင်အားတို့ဖြင့် အခမဲ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း အသင်းဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောကြားသည်။

ကိုကိုနိုင်(မြင်းမူ)

လောက်ကိုင်၌ မူးယစ်တိုက်ဖျက်ရေးနေ့ ကျင်းပ

လောက်ကိုင် ဇွန် ၂၉

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အမျိုးသားကဇာတ်ရုံ၌ ဇွန် ၂၈ နံနက် ၁၀ နာရီက ကျင်းပရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးမြီးရှောက်ချန်းက ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သောသဝဏ်လွှာကို ကိုးကန့်ဘာသာဖြင့် ဖတ်ကြားပြီးနောက် လောက်ကိုင်ခရိုင် မူးယစ်တားဆီးရေး ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက မြန်မာဘာသာဖြင့် ဖတ်ကြားခဲ့သည်။ ထို့နောက် လောက်ကိုင်ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ဥပဒေအရာရှိ/ခရိုင်ဆရာဝန်များက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဥပဒေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ကျန်းမာရေးဆိုးကျိုးများ အကြောင်းကို ဆွေးနွေးပြောကြားခဲ့သည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်စာစီစာကုံး၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲ တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၄၄ ဦးအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့၊ အတွင်းရေးမှူး (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးအောင်ချိုဦးနှင့် တာဝန်ရှိ သူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ) (မြို့နယ် ပြန်/ဆက်)

မြိတ်မြို့နယ် ကလွင်ကျေးရွာ မီးသတ်ယာဉ်နေရာမဲ့နေ

မြိတ် ဇွန် ၂၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု၌ မီးဘေးအန္တရာယ်ကျရောက်ပါက မြိတ်မြို့ရှိ မီးသတ်တပ်ဖွဲ့အား အကူအညီပေးနိုင်ရန်အတွက် ဂါလန် ၃၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ် တစ်စီးကို အများပြည်သူ ကျေးရွာသားများ ကောင်းမှုအဖြစ် ငွေကျပ် ၂၆၅ သိန်းဖြင့် ဝယ်ယူထားပြီး ဖြစ်သည်။

သို့ရာတွင် အဆိုပါ ကလွင်ကျေးရွာအုပ်စု၌ မီးသတ်ရေသယ်ယာဉ်ကို မိုးလုံလေလုံ ရပ်နားထားရှိရန်အတွက် နေရာမရှိဘဲ တောရကျောင်းရပ် ဘုန်းတော်ကြီးကျောင်းအတွင်း ရပ်နားထားရှိရသည်မှာ တစ်နှစ်နှင့် လေးလခန့်ရှိနေပြီဖြစ်ပြီး ထိုသို့ကြာရှည်စွာ မိုးထဲလေထဲရပ်နားထားရပါက အများပြည်သူကောင်းမှုငွေကျပ် ၂၆၅ သိန်းတန် မီးသတ်ယာဉ်ကြီး ပျက်စီးယိုယွင်းလာနိုင်သည်။

သတိမှတ်ပေး

မီးသတ်ရေသယ်ယာဉ်ကြီး ထားရှိနိုင်မည့် မြေနေရာကို သက်ဆိုင်ရာက အတိအကျသတ်မှတ်ပေးရန် ကလွင်ကျေးရွာအုပ်စုမှ ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

မိုးသောက်(မြိတ်)

စာအုပ် စာပေ လူ့မိတ်ဆွေ

ဆရာထွေး အင်္ဂလိပ်စာသင်တန်း

Ph: 01-375970, 0951 72096, 0950 47516

ဦးအောင်ဝင်း

(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)

LCCI Level-I & II, III သင်တန်းများ

Aircon စာသင်ခန်းမ

LCCI

အနှစ်(၂၀)အတွေ့အကြုံကြောင့်

သင်ကြားမှုပြီးပြည့်စုံစေသည်။

အမှတ်(၂၉၀)၊ တတိယထပ်၊ ပန်းဆိုးတန်းလမ်း(အထက်)။

☎ 01-371741, 240824, 381350

အမည်ပြောင်း

ဦးမျိုးအောင်၏သား အထက(၂) ဒဂုံ၊ ပဉ္စမတန်း(B)မှ မောင်ရှိန်ဘုန်းမြင့်အား မောင်ဘုန်းရှိန်မြင့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဘုန်းရှိန်မြင့်

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၄၃)ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ် (၁၅၆၅/က) အကျယ်အဝန်း ၂၂'×၆၀' ပါမစ်မြေကွက်ဖြစ်ပြီး [illegible] ဦးကံညွှန့် ၁၂/မရက(နိုင်)[illegible] ဦးမြင့်(ဘ) ဦးမြင့်မင်း ၁၂/ဥကမ(နိုင်)[illegible] ကျွန်မဝယ်ယူရန် စရံငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင် ပါသည်။

ဒေါ်မွယ်မွယ်ဝင်း

[illegible]

ကိုမျိုးသူရွှေနှင့်အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ အမှတ်၁၆၂၊ စမ်းချောင်းလမ်းနေထိုင်သူ ဒေါ်တင်တင်ကြီး ၁၂/စခန(နိုင်)၀၀၇၇၅၂၏ ညွှန်ကြားချက်အရ သားဖြစ်သူ ကိုမျိုးသူရွှေ ၁၂/စခန(နိုင်)၀၀၇၅၇၀နှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ကြီးသည် ဒေါက်တာဦးသောင်းရွှေနှင့်ပေါင်းသင်းခဲ့ပြီး သားသမီးများဖြစ်သော (၁)မသီဂီရွှေ၊ (၂)ကိုစည်သူရွှေ၊ (၃)မကေသီရွှေ၊ (၄)မဥမ္မာရွှေ၊ (၅)ကိုမျိုးသူရွှေ၊ (၆)မကေခိုင်ရွှေ၊ (၇)မအိခိုင်ရွှေ စသည့် သားသမီးများ ထွန်းကားခဲ့ပါသည်။ သားငယ်ဖြစ်သူ ကိုမျိုးသူရွှေမှာ မိဘစကားကို နားမထောင်မှုများရှိခဲ့သောကြောင့် ၎င်းအား သွာနုတ္တသားအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှု ၈၄/၂၀၀၃တွင် ကြေညာပေးရန် လျှောက်ထားခဲ့ရာ ၂၀-၁၁-၂၀၀၃ရက်တွင် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်လည်း သားငယ်ကိုမျိုးသူရွှေမှာ ဒေါ်တင်တင်ကြီးနှင့်ပင် အတူနေထိုင်ပါသည်။ ကိုမျိုးသူရွှေ နောင်တရရှိစေရန် ရည်ရွယ်ချက်ဖြင့် သွာနုတ္တသားအဖြစ်ကြေညာပြီးနောက်ပိုင်း ၎င်း၏အမှားများကို တဖြည်းဖြည်း သိမြင်လာပြီး ဒေါ်တင်တင်ကြီးအား အကြိမ်ကြိမ်တောင်းပန်ခြင်း၊ လုပ်ကျွေးပြုစုခြင်း၊ ထဘီကို လျှော်ပေးသည်အထိ လိမ္မာရေးခြားရှိလာသည်ကို တွေ့ရပါသည်။ ၎င်း၏မိုက်မဲမှုများကိုလည်း နောင် တရပြီးဖြစ်သည့်အားလျော်စွာ ဒေါ်တင်တင်ကြီးအနေနှင့် တောင်းဆိုးပလုံးဆိုးကိုသာ ပစ်ချင်ပစ်မယ် သားသမီးအရင်းကိုတော့ မပစ်ပယ်နိုင်၍ ယခုကြော်ငြာသည့်ရက်မှစ၍ သွာနုတ္တသားအဖြစ်မှ ပြန်လည်ပယ်ဖျက်လိုက်ပြီး အမွေဆက်ခံခွင့်ရှိသောသားအဖြစ် အသိအမှတ်ပြုလိုက်ပါကြောင်း သားဖြစ်သူ ကိုမျိုးသူရွှေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်တင်ကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းဇော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၇၀)
အမှတ် ၃၅၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၃၁၄၅၆၃၇၊၀၉-၄၃၂၀၂၀၄၆

ပညာရည်ထူးချွန်ဆုချီးမြှင့်ရန်အတွက် လျှောက်ထားရန်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ရုပ်ရှင်၊ ဗီဒီယိုလောကသားများ၏ မိသားစုများမှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုရာတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါ အချက်အလက်များနှင့် ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက် နောက်ဆုံးထားပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ လျှောက်ထားနိုင်ပါသည်။

၁။ လျှောက်လွှာ
၂။ အစည်းအရုံးဝင်ကတ်ပြားမူရင်း၊ မိတ္တူ
၃။ သန်းခေါင်စာရင်းမူရင်း၊ မိတ္တူ
၄။ နိုင်ငံသားမှတ်ပုံတင်အမှတ်မူရင်း၊ မိတ္တူ
၅။ စာမေးပွဲအမှတ်စာရင်းမူရင်း၊ မိတ္တူ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

စိုင်းခန့်စိုးလင်း ၁၂/ဗဟန(နိုင်)၀၉၁၄၃၁နှင့် မမော်မော်ဦး ၁၂/သဃက(နိုင်)၁၆၇၆၀၄တို့သည် ၂၇-၆-၂၀၁၃ရက်တွင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

မောင်စိုင်းခန့်စိုးလင်း
၁၂/ဗဟန(နိုင်)၀၉၁၄၃၁

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ မသီရိစန္ဒာကို ၁၂/ကမရ(နိုင်)၀၆၂၂၃ ကိုင်ဆောင်သူနှင့် မောင်အောင်ဆန်းထွဋ် ၁၄/ပသန(နိုင်)၂၁၂၈၆၅ ကိုင်ဆောင်သူတို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၆-၆-၂၀၁၃ရက်တွင် ရန်ကင်းမြို့နယ် (၈)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် လူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်း။

မသီရိစန္ဒာကို
၁၂/ကမရ(နိုင်)၀၆၂၂၂၃

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုဒုံမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၅၉နေ မချိုချိုဦး ၁၀/မဒန(နိုင်)၁၆၆၂၈၁သည် မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စအဝဝကို ပြုလုပ်သွားပါသဖြင့် မချိုချိုဦး၏ ငွေကြေးကိစ္စနှင့် ပြဿနာအားလုံးကို ဦးကျော်လှိုင်မိသားစုနှင့် လုံးဝသက်ဆိုင်မှုမရှိကြောင်း အသိပေးကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

ဦးကျော်လှိုင်-ဒေါ်ခင်ဌေးရီ
အမှတ် ၁၅၉၊ ဗိုချုပ်လမ်း၊
မင်းတန်းရပ်၊ မုဒုံမြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား ဗိုလ်ကြီး သန့်ဇင်မျိုး ကိုယ်ပိုင်အမှတ် ၄၃၄၅၈၊ ၁၄/အဂပ(နိုင်)၁၅၆၅၃၂သည် မိဘတို့၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ် ဖောက်ဖျက်ကျူးလွန်ခဲ့ပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှ တာဝန်ယူတော့မည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင် ဦးဝင်းထိန်
၁၄/အဂပ(နိုင်)၀၁၀၁၂၄
မိခင် ဒေါ်ခင်မာဝေ
၁၄/အဂပ(နိုင်)၀၀၉၉၀၃
မွေ့ဝိဟာရလမ်း၊ စံပြရပ်၊ မဲဇလီကုန်းမြို့၊
အင်္ဂပူမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်တွင်းသတင်း

ဒိုက်ဦး၌ အခြေခံပညာကျောင်းအဆင့်မြှင့်

ဒိုက်ဦး ဇွန် ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သုံးခွစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့် ဖွင့်ပွဲကို ဇွန် ၂၃ ရက်က ကျင်းပရာ ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ တိုင်းပညာစစ်ဆေးရေး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် ဒိုက်ဦးမြို့နယ် မြို့မိမြို့ဖ ဦးသိန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး တို့က အမှာစကားပြောကြားပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဇော်မင်း ထွန်းက ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး လှူဒါန်းငွေနှင့် ပစ္စည်းများကို အလှူရှင်များက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပိန်းဇလုပ်သိန်းညွန့်

ဇွန် ၂၈ ရက် ည ၁၁ နာရီ ၁၀မိနစ်ခန့်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ရန်ကုန်-အင်းစိန်လမ်း မြန်မာထီးစက်ရုံရှေ့ရှိ လမ်းလယ်ခေတ် တိုင်ကို အင်းစိန်မှ ရန်ကုန်သို့ မောင်းနှင်လာသော ယာဉ်အမှတ် ၃ဂ/···· ကိုယ်ပိုင်ယာဉ်က ဝင်တိုက်မိစဉ်။

ရန်နိုင်ဝင်း(လှိုင်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၉-၆-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၇၆၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၃၆၇၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၉၀ - ၁၀၀၀	ကျပ်
ဥရောပ	တစ်ယူရို	၁၂၅၄ - ၁၂၇၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၉ - ၇၇၁	ကျပ်
ထိုင်း	တစ်ဘတ်	၃၂. ၁ - ၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆. ၃	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၅၉	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၆ - ၃၁၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ခေတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀	ကျပ်
၂။ငါးမြစ်ချင်း	တစ်ပိဿာ	၁၅၀၀ - ၃၀၀၀	ကျပ်
၃။ငါးရံ့	တစ်ပိဿာ	၃၇၀၀ - ၅၀၀၀	ကျပ်
၄။ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၁၉၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၁၂၅၀၀ -၂၅၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀ -၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၀၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၇၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၈၀-၄၄၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၁၇၅
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၃၀-၉၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၉၀၀-၉၈၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ပြည်သူက ချစ်သော၊ ပြည်သူ့ကို ချစ်သော
သုံးထပ်ဆင့်အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေမှ ကျေးဇူးတင်လွှာ

မဝါလက်ရှိဖြစ်ပွားနေသည့် ကိစ္စနှင့်ပတ်သက်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ပြဿနာများအပေါ် စိုးရိမ်ပူပန်စိတ်များ ဖြင့်နေ့စဉ်နှင့်အမျှ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်း၊ Email, Viber, Facebook, Internet များမှတစ်ဆင့်သော်လည်းကောင်း၊ ဝိုင်းဝန်းနှစ်သိမ့်အားပေးစကားပြောကြား သတင်းမေးကြသည့် ရဟန်းရှင်လူ၊ ပြည်သူများ၊ ပြည်တွင်းပြည်ပမှ မဝါကိုချစ်သော၊ မဝါကချစ်သော အနုပညာချစ်သူများ၊ မဝါရဲ့ပရိသတ်များ၊ အနုပညာ ညီအစ်ကို မောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆောက်လုပ်ရေးလုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များအပေါ် အကြံဉာဏ်ပေးကြသည့် ဗိသုကာပညာရှင်ကြီးများ၊ ဥပဒေကြောင်းအရ မေတ္တာဖြင့် အကြံဉာဏ်ပေးကြသည့် ဥပဒေ ပညာရှင်ကြီးများ၊ ၂၃-၆-၂၀၁၃ရက်တွင် မဝါကိုယ်တိုင်ရှင်းလင်းတင်ပြခဲ့သည့် စာနယ်ဇင်းရှင်းလင်းပွဲကြီးတွင် တလေးတစား လူကိုယ်တိုင်ကြွရောက် သတင်းယူခဲ့ကြသည့် မဂ္ဂဇင်း၊ ဂျာနယ်၊ နေ့စဉ်ထုတ်သတင်းစာများ၊ ရုပ်သံ ရိုက်ကူးရေးဆိုင်ရာ တာဝန်ရှိဝန်ထမ်းများ၊ စာနယ်ဇင်းဆိုင်ရာ အယ်ဒီတာချုပ်ကြီးများ အားလုံးကိုလည်းကောင်း၊ မဝါ အတွက် စိတ်ပူပင်၊ စိတ်သောကရောက်နေကြသော မဝါရဲ့ ချစ်သောပရိသတ်ကြီးအားလုံးကို မဝါရဲ့ ရင်ထဲက မဖော်ပြ နိုင်လောက်အောင် ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်းနှင့် မဝါရဲ့ အနုပညာသက်တမ်း နှစ် ၅၀တိုင်တိုင် မည်သူတစ်ဦး တစ်ယောက်အပေါ်မျှ မစ္ဆရိယစိတ်လုံးဝမထားခဲ့ဘဲ မိမိချစ်မြတ်နိုးသော အနုပညာဖြင့် ယနေ့တိုင် ရိုးသားစွာအနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦးအနေဖြင့် **သစ္စာပြုတိုင်တည်ပြီး ''တရားကို နတ်စောင့်ပါသည်''ဟူသော ခံယူချက်၊ သစ္စာပြုချက် တို့ဖြင့် အမှန်တရားကို ရဲရဲဝံ့ဝံ့ ဥပဒေကြောင်းအရ ပြန်လည်ဖြေရှင်းသွားမည်ဖြစ်ပါကြောင်း။**

မဝါကိုချစ်သော၊ မဝါကချစ်သော ချစ်ပရိသတ်ကြီးအားလုံး
ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းဖြင့်
သုံးထပ်ဆင့်အကယ်ဒမီ ဝါဝါဝင်းရွှေ

"စံချိန်တင်ရောင်းချရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း"

(၅၀) ကြိမ်မြောက်၊ ရွှေရတု မြန်မာ့ကျောက်မျက် ရတနာ ရောင်းချပွဲတွင်

၁၉၆၄ ခုနှစ်မှ စ၍ ၂၀၁၃ ဇွန်လတွင် ပြုလုပ်သည့် ယခုပွဲအထိ

မြန်မာနိုင်ငံတွင် ပြုလုပ်ရောင်းချခဲ့ပြီးသော ကျောက်မျက်ရတနာ ရောင်းချပွဲ

များအားလုံးတွင် စံချိန်တင် အများဆုံးရောင်းချနိုင်ခဲ့သည့် အတွက်

အထူးဂုဏ်ယူ ဝမ်းမြောက်ရပါကြောင်း

နာယက၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ
ဗဟိုအမှုဆောင်ကော်မတီဝင်များ
အလုပ်အမှုဆောင်ကော်မတီဝင်များ
အသင်းသူအသင်းသားများ
မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်

"ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း"

နောက်နောင်တွင်လည်း ယခုကျောက်မျက် ရောင်းချပွဲကဲ့သို့ စံချိန်များ ရရှိအောင်

ဆက်လက်ထိန်းသိမ်း ရောင်းချနိုင်စေရန်အတွက် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း

နာယက၊ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ
ဗဟိုအမှုဆောင်ကော်မတီဝင်များ
အလုပ်အမှုဆောင်ကော်မတီဝင်များ
အသင်းသူအသင်းသားများ
မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်

ကြော်ငြာ

ဆုတုံးပန် Tower မြေကွက်ကိစ္စနှင့်ပတ်သက်၍ ဒေါ်ဝါဝါဝင်းရွှေဘက်မှ Great Father Land Construction ၏ (၂၆-၆-၂၀၁၃) (၂၇-၆-၂၀၁၃)ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ ကြေညာချက်များအပေါ် တုံ့ပြန်ကြေညာခြင်း

[illegible]

၁။ [illegible] Tower [illegible] RC (၁၂)ထပ်(Basement နှင့် Penthouse အပါအဝင်) [illegible] Tower [illegible] PAE [illegible]

၂။ [illegible] (G.F.L.C) [illegible] Tower [illegible] (G.F.L.C) [illegible]

၃။ [illegible] (G.F.L.C) [illegible]

၄။ [illegible] (G.F.L.C) [illegible]

၅။ [illegible] (G.F.L.C) [illegible]

၆။ [illegible] (G.F.L.C) [illegible]

၇။ [illegible] (G.F.L.C) [illegible]

၈။ [illegible] (G.F.L.C) [illegible]

၉။ [illegible] (G.F.L.C) [illegible]

၁၀။ [illegible] (G.F.L.C) [illegible]

၁၁။ [illegible] (G.F.L.C) [illegible]

၁၂။ [illegible] (G.F.L.C) [illegible]

၁၃။ (၂၆-၆-၂၀၁၃)(၂၇-၆-၂၀၁၃)ရက်ထုတ် [illegible] (G.F.L.C) [illegible] PAE [illegible]

၁၄။ [illegible] (G.F.L.C) [illegible]

၁၅။ [illegible] (G.F.L.C) [illegible]

ဒေါ်ဝါဝါဝင်းရွှေ၏ညွှန်ကြားချက်အရ-

ဦး[illegible] B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-[illegible])
[illegible]
ဖုန်း-[illegible]

ဦးသန်းထွေး LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-[illegible])
[illegible]
ဖုန်း-[illegible]
E-mail Thanhtay.myanmar@gmail.com

ဦး[illegible]
LL.B,H.G.P,Dip in Business Law
Dip in Applied Psychology,Dip in Maritime Law,WIPO (Switzerland)
[illegible]
ဖုန်း-[illegible]

မိုးတွင်းကာလ ကျော်လွှားရမည့် စိန်ခေါ်မှုများ

ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတောင်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးကျသည်နှင့် တစ်ပြိုင်နက် ရေကြီးခြင်း၊ ရေလျှံခြင်း၊ မိုးရေတိုက်စား၍ လမ်းများပျက်စီးခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ပွားခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်း၊ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ခြင်ကျားအန္တရာယ်၊ အအေးမိတုပ်ကွေးဖျားနာခြင်းနှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရလေ့ရှိပါသည်။ နိစ္စဓူဝ လုပ်ကိုင်ဆောင်ရွက်နေကြသော မိသားစုစားဝတ်နေရေးနှင့်ကလေးများပညာဆုံးခန်းတိုင်တတ်မြောက်ရေးအတွက် လူမှုကိစ္စများကို မိုးရွာနေ၍ ရှောင်လွှဲမရနိုင်ပေ။ သို့ဖြစ်ရာ မိုးနှင့်အတူ တွေ့ကြုံရသော အခက်အခဲများကို ကြိုတင်ရှောင်ရှားနိုင်ရန်နှင့် ရင်ဆိုင်လာရပါက မည်သို့ဖြေရှင်းရမည်ကို မိမိတို့မိသားစု၊ ရပ်ကွက်၊ မြို့နယ်နှင့်အခြေခံပညာကျောင်းများအလိုက် ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။

ရန်ကုန်မြို့တွင် မိုးမကျမီအချိန်ကတည်းက ယာဉ်ကြောပိတ်ဆို့မှု အဆမတန် များပြားလျက်ရှိရာ မိုးတွင်းရောက်သည်နှင့်တစ်ပြိုင်နက် ထိုပြဿနာသည် အရေးတယူ ဂရုပြုကိုင်တွယ်ဖြေရှင်းရမည့် အချက်တစ်ချက်ဖြစ်လာသည်။ ပြီးခဲ့သော နွေရာသီတစ်လျှောက်လုံး ယာဉ်ရပ်နားရန်နေရာများ၊ လူသွားစင်္ကြံများကို တိုးချဲ့ပြုပြင်ခဲ့ရာ အတန်အသင့် နေရာရရှိလာသော်လည်း ပလက်ဖောင်းဈေးသည်များသည် ၎င်းတို့ဆိုင်ဖွင့်ရန်အတွက် ပြုပြင်ပေးထားသည့်အလား ဆိုင်ခင်းဈေးရောင်းလျက်ရှိသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုသည်မှာ သိသာစွာကျဆင်းမသွားဘဲဆက်လက်ပိတ်ဆို့လျက်ပင်ရှိသည်။

ထို့အပြင်မိုးရွာသွန်းမှုကြောင့်ပိတ်ဆို့လာသော ရေမြောင်းများမှ ရေလျှံမှုများဖြစ်ပေါ်တတ်ရာ လမ်း၊ မြောင်းသဲကွဲစွာမသိနိုင်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုကြောင့် ယာဉ်အန္တရာယ်စိုးရိမ်ရခြင်း၊ မိုးရေစိုခြင်းကြောင့် အအေးမိတုပ်ကွေး ဖျားနာမည်ကို ပူပန်ရခြင်းနှင့် ခြင်ကျားပေါက်ပွားမှုကြောင့် သွေးလွန်တုပ်ကွေးရန်ကို ကြောက်ရခြင်းစသော နောက်ဆက်တွဲပြဿနာများကို နေ့စဉ်နှင့်အမျှ တွေးတောပူပန်နေရလေသည်။

သို့ဖြစ်ပါ၍ မိုးတွင်းကာလတွင် ရင်ဆိုင်ရသော အခက်အခဲများအတွက် မီးပွိုင့်များ ကောင်းမွန်နေရန် စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်း၊ အရေးကြီးနေရာများတွင် လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရန် ကြိုတင်စီစဉ်မှုများပြုလုပ်ခြင်း၊ ယာဉ်ထိန်းရဲဦးရေ တိုးချဲ့တာဝန်ထမ်းဆောင်စေခြင်း၊ ပလက်ဖောင်းဈေးသည်များနှင့် ယာဉ်ရပ်နားရန်နေရာများကို တိတိကျကျကြပ်မတ်ခြင်း၊ စည်းကမ်း ချိုးဖောက်ပါက ထိရောက်စွာအရေးယူခြင်းစသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကုစားမှုများ စီမံဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် ရပ်ကွက်၊ မြို့နယ်အလိုက် ခြင်ကျားရန်ကာကွယ်ရေးအတွက်ပညာပေးအစီအစဉ်များအပြင် အစာမသန့်၊ ရေမသန့်မှုကြောင့် ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါ ကာကွယ်ရေး စီမံချက်များကို အခြေခံပညာကျောင်းများတွင်ပါ တစ်ပြိုင်နက်အကောင်အထည်ဖော်သင့်ပေသည်။ ကျောင်းပရဝဏ်အတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ လေဝင်လေထွက် ကောင်းမွန်စေရေးနှင့် ခြင်ခိုအောင်းနိုင်သော နေရာများနည်းပါးပပျောက်ရေး၊ ကျောင်းတွင်း ဈေးဆိုင်များတွင် ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအစာများရောင်းချခြင်း မပြုရေးတို့အတွက် စီမံချက်များဖြင့် မိဘ၊ ဆရာပူးပေါင်း၍ ထိရောက်စွာ ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

မိဘများဘက်ကလည်း မိမိကလေးအတွက် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကို စီမံလျက် စည်းကမ်းတကျ စားသောက်တတ်စေရန် သင်ကြားပြသထားသင့်ပေသည်။ ထို့အပြင် ခြင်ကျားအန္တရာယ် ကာကွယ်ရေးအတွက် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်များ ဝတ်ဆင်စေခြင်း၊ ခြင်မကိုက်နိုင်သော လိမ်းဆေးများလိမ်းပေးခြင်း စသည့်ကြိုတင်ကာကွယ်မှုများဆောင်ရွက်ထားရမည်ဖြစ်သည်။ မိုးတွင်းကာလဖြစ်သောကြောင့် ထီး၊ မိုးကာ၊ အနွေးထည်အပြင် ကျောင်းဝတ်စုံတစ်စုံကို ရေမစိုအောင်ထုပ်ပိုးထည့်ပေးထားကာ နွေးနွေးထွေးထွေးနေထိုင်စေခြင်းဖြင့် နှာစေး၊ ချောင်းဆိုး၊ အအေးမိခြင်း၊ တုပ်ကွေးဖြစ်ခြင်း စသော နာမကျန်းမှုများမှ ကာကွယ်နိုင်ရန်စီမံထားသင့်သည်။ ကိုယ်ခံအားကောင်းမွန်စေရန် နို့နှင့်နို့ထွက်ပစ္စည်းများအပြင် အာဟာရပြည့်ဝသောအစားအစာများ အစဉ်တစိုက်ကျွေးမွေးပြီး ဖျားနာလာပါက ဆေးမီးတိုနှင့်မကုသဘဲ နီးစပ်ရာ ကျန်းမာရေးဌာန၊ ဆေးခန်း၊ ဆေးရုံများသို့ အမြန်ဆုံး သွားရောက်ပြသသင့်ပါသည်။ သို့ဖြစ်ရာ တာဝန်ရှိသူများနှင့်မိဘပြည်သူများအနေဖြင့် နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသော မိုးရာသီနှင့်မိုးတွင်းကာလအခက်အခဲများကို ကြိုတင်စီမံမှုများဖြင့် ကျော်လွှားနိုင်ရန် သတင်းစကားပါးလိုက်ရပါသည်။

မိုးသူဇာစိုး

ဆောင်းပါးနှင့်နယ်သတင်း

လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

လယ်ဝေး ဇွန် ၂၉

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းသည် ရပ်မိရပ်ဖများနှင့်တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၅ ရက် ညနေ ၄ နာရီက လယ်ဝေးမြို့ မြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သန်းက မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများကို လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုဆွေးနွေးပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်ရပ်မိရပ်ဖများက ရပ်ကွက်အတွင်းဆောင်ရွက်မှုများကို တင်ပြခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ဒဏ်ရာရရှိသော တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

မူဆယ် ဇွန် ၂၉

ရှမ်းပြည်နယ် မူဆယ်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများသည် ဇွန် ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် မူဆယ်ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဇွန် ၂၅ ရက်က တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော မူဆယ်မူးယစ်၊ နမ့်ခမ်း (လှူပ်ရှား) အဖွဲ့မှ တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများပေးအပ်ပြီး အားပေးစကားပြောခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မျက်စိ၊နား၊နှာခေါင်း၊လည်ချောင်းရောဂါအထူးကုဆေးရုံကြီး
မန္တလေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၇-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီး
၂၃လမ်း၊ ၈၀-၈၁ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၂-၃၁၂၀၀၊ ၀၂-၂၁၁၀၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်ပါတီရုံးများတွင် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ကွန်ပျူတာ
(ခ) မိတ္တူကူးစက်

တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၅-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

၂။ တင်ဒါပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရုံး၊ မုံရွာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၇၁-၂၂၈၉၈၊ ၀၇၁-၂၃၂၄၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး၊ မန္တလေးမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့၊ ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီး၊ ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၇-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
မန္တလေးမြို့၊ ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံကြီး
၆၂ လမ်း၊ သိပ္ပံလမ်းတောင်ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၂-၈၀၃၃၉၊ ၀၂-၈၀၃၉၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

အပ်ချုပ်စက်များ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများရှိ သင်တန်းဆင်း ထူးချွန်သင်တန်းသူများကို အပ်ချုပ်စက်များ ဆုချီးမြှင့်ထောက်ပံ့ရန်နှင့် အရစ်ကျငွေပေးချေသည့်စနစ်ဖြင့် ဝယ်ယူလိုသူ သင်တန်းသူများကို ရောင်းချရန် အပ်ချုပ်စက်များဝယ်ယူရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေး လုပ်ငန်းကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ အပ်ချုပ်စက်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- အပ်ချုပ်စက်(Flying Man) ၄၅၆ စုံ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၆-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး ၂၄-၇-၂၀၁၃ရက် ၀၉း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ် ၄၂၊ နေပြည်တော် ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၄၁၇၊ ၀၆၇-၄၀၉၄၂၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်

ပစ္စည်းများဝယ်ယူရန်လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမည်	မှတ်ချက်
၁။	ပရိဘောဂ ပစ္စည်းများ	
၂။	ဓာတ်ခွဲခန်းသုံးပစ္စည်းများ	
၃။	ရုံးသုံးကွန်ပျူတာ၊ ပရင်တာ၊ မိတ္တူကူးစက်များ	
၄။	မော်တော်ဆိုင်ကယ်	
၅။	ထွန်စက်	
၆။	မြက်ဖြတ်စက်(ဂျိုင်းလွယ်)	
၇။	မြက်ဖြတ်စက်(4 Stroke)	
၈။	လေအေးပေးစက်	
၉။	ခေါက်လှေကား	
၁၀။	မီးဆိုင်း	
၁၁။	Compact Rice Mill	

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၉-၇-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၆၅၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ အမှတ်(၂၁)အကြီးစားစက်ရုံ (သထုံ)၊ ရော်ဘာပစ္စည်းစက်ရုံခွဲ(ရွှေဟင်္သာလမ်း)ရန်ကုန်တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါကုန်ကြမ်းပစ္စည်းခြောက်မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Coconut Coir	၇၀၀၀၀ ပိဿာ
၂။	Tarpaulin Fabric 1/21	၅၀၀၀၀ ကိုက်
၃။	Glue	၃၅၀၀ ပေါင်
၄။	Chemical Compound	၁၀၀၀၀ ပေါင်
၅။	Dye(Army Green)	၅၀၄၀ ပေါင်
၆။	Polyethylene	၂၈၈၉၆၀ ပေါင်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို ၁-၇-၂၀၁၃ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၁-၇-၂၀၁၃ ရက် ၁၃း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၅၀၅၈၊ ၀၆၇-၄၀၅၁၅၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လိုင်စင်မဲ့ယာဉ်များအား ဖမ်းဆီးအရေးယူ

မော်လမြိုင် ဇွန် ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ရိုးတန်းရှိ ကျိုက်သလွံဘုရား အနောက်ဘက်မုခ် ခတ်လှေကား အနီး လမ်းဘေးတွင် မြို့မရဲခစန်းမှ ဒုရဲအုပ်တိုးညွန့်၊ တာဝန်ရှိသူများနှင့် သက်သေများ ပူးပေါင်း၍ လိုင်စင်မဲ့ မော်တော်ယာဉ်များ လိုက်လံစစ်ဆေး နေစဉ် ရပ်ထားသည့် မော်တော် ယာဉ်အမှတ် ၉ခ/---- Hilux SURF အနက်ရောင်ယာဉ်ကို ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက စစ်ဆေး ရာ ယာဉ်မောင်းသူကို မတွေ့ရှိသဖြင့် မော်တော်ယာဉ်အား သက်သေများ ရှေ့၌ စစ်ဆေးကာ ပိုင်ရှင်မဲ့အဖြစ် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။ ယင်းကားသည် လိုင်စင်မဲ့ကားဖြစ်ပါ က သက်ဆိုင်ရာကတရားရုံးသို့တရား စွဲတင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။

ထိပ်တင်ထွန်း(မော်လမြိုင်)

ဆွစ်ဇာလန်မှအဖွဲ့နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ ကျန်းမာရေးနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်

မော်လမြိုင် ဇွန် ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ အစိုးရအဖွဲ့ရုံး လူမှုရေးဝန်ကြီးရုံးခန်း ၌ ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး လူမှုရေး ဝန်ကြီးရုံးခန်း၌ လူမှုရေးဝန်ကြီး ဒေါက်တာလှဦးအားဆွစ်ဇာလန်နိုင်ငံ သား Mr. Steven Lanjouw ကျန်းမာရေး ကွင်းဆင်းလေ့လာရေး အဖွဲ့၏ Ms. Arre Claive Hass-berger စီမံကိန်းရေးရာမန်နေဂျာ (SDC)ရန်ကုန် ဒေါက်တာနွယ်နွယ် အေး၊ ကျန်းမာရေးကွင်းဆင်းလေ့လာ ရေးတာဝန်ခံ ဒေါက်တာသက်ဝင်း အောင်၊ စီမံကိန်းရေးရာအရာရှိ (SDC)ရန်ကုန်အဖွဲ့တို့သည် မွန် ပြည်နယ်အတွင်းရှိ ကျန်းမာရေး ဆိုင်ရာများ၊ အစားအသောက် ဆိုင် ရာများ၊အလုပ်အကိုင်အခွင့်အရေးဆိုင်ရာ များ၊ပညာရေး၊ကျန်းမာရေး၊ အုပ်ချုပ် ရေးဆိုင်ရာများ၊ မွန်ပြည်နယ်အတွင်း ရှိလိုအပ်လျက်ရှိသည့်စာသင်ကျောင်း များဆောက်လုပ်ပေးရန်၊ ကျေးရွာ ဆေးပေးခန်းများ အသစ်ဆောက်လုပ် ပေးရန်၊ ငြိမ်းချမ်းရေးဆိုင်ရာများ၊ HIV/ AIDS ရောဂါဖြစ်နေသူများ အား ကူသကူညီဆောင်ရွက်ပေးရန် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် (SDC)အဖွဲ့က ဒေါ်လာသန်း ၃၀ အထိ အကုန်ကျခံမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်လျက်ရှိသည့် မြို့ များအား ကွင်းဆင်းဆောင်ရွက်ရန် အတွက်ဖြစ်ကြောင်း၊Swiss Agency for Development Cooperation (SDC)သည် ရန်ကုန်တွင် ရုံး စိုက်ထားကြောင်း၊ အခုလိုအပ်လျက် ရှိသောမြို့၊ ရွာများအား ကွင်းဆင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ပြော ကြားသည်။

ပြောကြား

လူမှုရေးဝန်ကြီးက လိုအပ်လျက် ရှိသော အရာများကို ကူညီမည်ဖြစ် ကြောင်း၊ ယခုလို ပူးပေါင်းဆောင်ရွက် မှုအတွက် ဝမ်းသာကြောင်းပြော ကြားခဲ့သည်။

ထိပ်တင်ထွန်း(မော်လမြိုင်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဟောပြော

နေပြည်တော် ဇွန် ၂၉

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပိန်းတောကျေးရွာ တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးပညာပေးဟောပြောပွဲကို ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပ သည်။**(အပေါ်ပုံ)** အဆိုပါ ဟောပြောပွဲ တွင် တပ်ကုန်းမြို့နယ်သစ်တောဦးစီး ဌာနဦးစီးအရာရှိ ဦးမင်းဆွေက ပြောင်းလဲဖြစ်ပေါ်လာနေသော သ ဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ် စေမည့်နေထိုင်မှုစနစ်ကျင့်သုံးရေးတွင် လူထုအတွင်း သဘာဝဂေဟဆိုင်ရာ အသိမြှင့်တင်ပေးရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တပ်ကုန်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနဦးစီးအရာရှိ ဦးတင်အုန်း ကျော်က သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းရေးနှင့် ထင်းလောင်စာလျှော့ချ သုံးစွဲရေးနည်းလမ်းများ ခေါင်းစဉ်ဖြင့် လည်းကောင်းအသီးသီး ဟောပြော ခဲ့ကြသည်။အလားတူ သစ်တောရေး ရာဝန်ကြီးဌာနမှသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီသည် ဒေသ ခံပြည်သူများအကြား ပညာပေး ဟောပြောပွဲများကို နေပြည်တော် ကောင်စီနယ်မြေရှိ မြို့နယ်များတွင် ပညာပေးဟောပြောလျက်ရှိကြောင်းသိ ရသည်။**ကျော်သူဝင်း(မြန်မာ့အလင်း)**

သထုံမြို့နယ်၌ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကျင်းပ

သထုံ ဇွန် ၂၉

မွန်ပြည်နယ် သထုံမြို့နယ်၏ ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက် ပျိုးပွဲတော်ကို ဇွန် ၁၅ ရက် နံနက် ၈ နာရီက ကြာပန်းကျေးရွာ သထုံ-ဘားအံကားလမ်းနံဘေး မြေနေရာ၌ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝင် ပြည်နယ်သစ်တောနှင့် သတ္တု ဝန်ကြီး ဦးဝင်းမော်ဦး၊ မြို့နယ်အထွေ ထွေအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်း နိုင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဌေးလွင်နှင့် ဝန်ထမ်းများ၊ ခရိုင် နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန် ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင် များ၊ ဒေသခံစစ်သည်မိသားစုဝင် များ၊ပြည်သူများတက်ရောက်ကြသည်။

စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ယူကလစ်၊ မဲဇလီ စသည့် အပင်ပေါင်း ၅၁၅ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှေးဦးပြုစုခြင်းများ အတွက် ကွင်းဆင်းလေ့လာ

မော်လမြိုင် ဇွန် ၂၇

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူး၍ မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ကြက်ခြေနီရုံး၌ ဖွင့်လှစ် သော လူထုအခြေပြုရှေးဦးပြုစုခြင်း (နည်းပြ)သင်တန်းမှ သင်တန်းနည်း ပြတာဝန်ခံ ဦးအုန်းသွင်ဦးဆောင်၍ သင်တန်းသား သင်တန်းသူ ၄၀ သည် ဖားအောက်ကျေးရွာနှင့် ကော့ ခမယ်ကျေးရွာနေပြည်သူများအား အဖွဲ့လေးဖွဲ့ခွဲ၍ ကျန်းမာရေးစစ် တမ်းကောက်ယူခြင်းနှင့် ကွင်းဆင်း လေ့လာခြင်းများကို ဇွန် ၂၄ ရက် နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

အဆိုပါ သင်တန်းသား သင်တန်းသူများ ပြည်သူနှင့်တွေ့ဆုံ ရာတွင် ရာသီဥတုအလိုက် ကြုံတွေ့ ရသော လူမှုရေး၊ ကျန်းမာရေး၊ စီး ပွားရေးအတွေ့အကြုံများကို အပြန် အလှန်ဆွေးနွေးခဲ့ပြီး ဆွေးနွေးမှုကို ဇွန် ၂၅ ရက်က ထပ်မံတွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိပ်တင်ထွန်း(မော်လမြိုင်)

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အမှတ်(၂)၊ ဆေးဝါးစက်ရုံ (အင်ရောင်း) (ကျောက်ဆည်)အတွက် လစဉ် မီးထိုးဆီခွဲတမ်းများအား ချောက်မြို့မှ ကျောက်ဆည်စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် သယ်ယူလိုပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၂၇-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၇-၂၀၁၃ ရက် ၁၆:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့် မီးထိုးဆီသယ်ယူရေးနှင့်ပတ်သက်၍ အောက်ပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ Fax- ၀၆၇-၄၀၈၁၉၅

မောင်ကံသာညိမ်း အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

"ကံသာ" တိုင်းရင်းအထူးကုဆေးခန်းနှင့် ဆေးဝါးထုတ်လုပ်ရေး၏သားရတနာ **မောင်ကံသာညိမ်း** (ဆဒဂ-၁၁၈)သည် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သောကြောင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ရှေ့ဆက်ရမည့် ဘဝခရီးတစ်လျှောက် အောင်မြင်မှု အဆင့်ဆင့်ကို ရယူပိုင်ဆိုင်နိုင်ပါစေဟု တောင်းဆုခြွေလျက် . . .

ဆရာကျော်စိုးဝင်း+ဒေါ်စောစောမိုးမိသားစု၊ နေပြည်တော်
ဆရာဝင်းဇော်+ဒေါ်စီစီမော်
အောင်ထိပ်တန်း တိုင်းရင်းအထူးကုဆေးခန်း နှင့် ဆေးဝါးထုတ်လုပ်ရေးမိသားစု

ဖခင်အမည်မှန်

အထက(၅)၊ မရမ်းကုန်းမြို့နယ်၊ ပထမတန်း(D)မှ မောင်သန့်နေသွင်၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးမြင့် ၁၂/ဒဂမ(နိုင်)၀၁၅၂၄၈ ဖြစ်ပါသည်။

G.T.I ကျောင်းသား ကျောင်းသူဟောင်းများ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆရာကြီး ဆရာမကြီးတို့အား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုအလှူငွေလှူဒါန်းပေးအပ်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

မြန်မာ A.G.T.I အသင်း(Myanmar A.G.T.I Society) အနေဖြင့် (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် အသက်(၇၀)အထက် ဆရာကြီး ဆရာမကြီးတို့အား လစဉ်ကျန်းမာရေးစောင့်ရှောက်မှု အလှူငွေလှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို (၁၃၇၅ ခုနှစ် ဝါဆိုလဆန်း ၇ ရက်) ၁၄-၇-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၀၉:၀၀ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ **Function Hall** ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ အတူတကွ ကုသိုလ်ယူနိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

မြန်မာ A.G.T.I အသင်းအမှုဆောင်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
လေယာဉ်ဆီတင်သွင်းဖြန့်ဖြူးရောင်းချခွင့်ပြုရန်အတွက်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတ်မှတ်နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ လေယာဉ်ဆီများကို ပြည်ပမှ အဆက်မပြတ်တင်သွင်းဖြန့်ဖြူးရောင်းချနိုင်သည့် ပြည်တွင်းပြည်ပ ကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် အောက်ပါလိပ်စာသို့ လိပ်မူ၍ အဆိုပြုလွှာများကို တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည် -

စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၆)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၁၃၅၊ ၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၁၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့်၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှအခြေခံ(အဆင့်၁) အစားအစာထုတ်လုပ်ရေး သင်တန်း တက်ရောက်ပြီးသူ ဖြစ်ရမည်။
၆။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့် ၂) (စီမံ/ဘဏ္ဍာ)	- စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရရှိပြီး စာရင်းကိုင် ပညာအခြေခံကျွမ်းကျင်သူ
	(အခန်းဌာန) (အစားအစာနှင့်အဖျော်ယမကာဌာန)	- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့်(၁)သင်တန်း တစ်ခုအောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ။ ၈-၇-၂၀၁၃ ရက်မှ ၃၀-၈-၂၀၁၃ ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၈၃၆

မေတ္တာရပ်ခံပန်ကြားလွှာ

၁။ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၅၅၊ မြန်မာမွတ်စလင် အမျိုးသမီးသာသနာ့ရိပ်သာသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ကျော်မှယနေ့အထိ တည်ရှိလျက်ရှိပါသည်။

၂။ အဆိုပါ အမျိုးသမီးသာသနာ့ရိပ်သာကို ယခုအခါ သာသနာရေးဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီးငါးဖွဲ့မှ တာဝန်ယူစီမံခန့်ခွဲ အုပ်ချုပ်လျက်ရှိပါသည်။

၃။ အထက်ပါအမျိုးသမီးသာသနာ့ရိပ်သာတွင်ရှိ အားကိုးရာမဲ့ (ယသင်မ်) မိန်းကလေး ၇၅ ဦးရှိပါသည်။ ၎င်းတို့၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များကို စနစ်တကျစီမံ ခန့်ခွဲလျက်ရှိပါသည်။

၄။ ဖော်ပြပါ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေး ၇၅ ဦးအား အစိုးရ အလယ်တန်းနှင့်အထက်တန်း ကျောင်းများတွင် အတန်းပညာရပ်များကို သင်ယူစေသည့်အပြင် သာသနာ့ပညာရပ်များကိုလည်း စနစ်တကျ အထူးသင်ကြားပေးလျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ အားကိုးရာမဲ့(ယသင်မ်)မိန်းကလေးများ၏ လိုအပ်ချက်များအတွက် အစ္စလာမ်သာသနာဝင် အလှူရှင်များ၏ ပံ့ပိုးကူညီမှုများသည် အထူးလိုအပ်လျက်ရှိနေပါ ကြောင်းနှင့် ယခုရမဒ္ဒါန်(ဥပုသ်)လမြတ်တွင် လူကြီးမင်းတို့၏ ဆင်းရဲသား၊ ဒါနကြေးဖြစ်သော (ဇကားသ်၊ ဖီတရာ၊ လိလ္လာ)စသည့် အလှူငွေများကို အမျိုးသမီးရိပ်သာသို့ပေးပို့လှူဒါန်းကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

မွတ်စလင်မ်အမျိုးသမီးသာသနာ့ရိပ်သာ(ယာယီ)
ကြီးကြပ်ရေးကော်မတီ
ဖုန်း-၀၁-၃၇၃၈၇၈၊ ၀၉-၅၀၄၇၀၀၄၊ ၀၉-၇၃၁၆၄၉၈၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရွာမ(တိုးချဲ့) ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး စီမံကိန်းအတွက်လိုအပ်သော Differential Relay & Synchronizing Ficilities တို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

မကွေးတိုင်းဒေသကြီး တရားလွှတ်တော် ပညာသင်ထောက်ပံ့ကြေး ပေးအပ်

မကွေး ဇွန် ၂၉

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်၏ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂၁ ရက် နံနက်က တိုင်းဒေသကြီး တရားလွှတ်တော်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိန်ထွန်းက အမှာစကားပြောကြားပြီး ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်အတွက် တိုင်းဒေသကြီးလွှတ်တော်ရုံးမှ ဝန်ထမ်းများ၏ သားသမီး ၁၃ ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၅၀၀၀၀ကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး၊ တရားရေးအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် ၎င်းတို့၏သားသမီးများ တက်ရောက်ကြသည်။

မကွေးလှမြင့်

စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးသည့်အတွက် စိုက်ပျိုးလုပ်ကိုင်သူများ ဝမ်းသာလျက်ရှိ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ စံချိန်မီရပ်ကွက်တွင်ရှိသော မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်(ဦးစီး) ဦးလှသွင် ဦးဆောင်၍ တံတားမြို့နယ်ခွဲအမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းကြိုင် ကြီးကြပ်ကာ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ တောင်သူလယ်သမားများထံ ၂၀၁၃ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ယင်းဘဏ်တွင် ဇွန်၂၅ရက်က လယ်ယာမြေတစ်ဧကအတွက် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးရာ လယ်ယာမြေစိုက်ပျိုးလုပ်ကိုင်သူလယ်သမား ၉၃ ဦးကို ထုတ်ချေးပေးကာ လယ်မြေဧက ၆၉၈ ဧကအတွက် စုစုပေါင်းထုတ်ချေးငွေ ၆၉၈ သိန်းဖြစ်ကြောင်း သိရသည်။

မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ကျောက်တန်းမြို့နယ် ၆၄ ရွာတွင် တံတားမြို့နယ်ခွဲ အမှတ်(၁)ရပ်ကွက်တွင်ရှိသော လယ်ယာစိုက်ပျိုးလုပ်ကိုင်သူလယ်သမားကြီးများသည် ၂၀၁၂ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေများပြန်လည်ပေးဆပ်ရာတွင် ပထမဦးဆုံးစိုက်ပျိုးစရိတ်ထုတ်ချေးငွေများကို အကျေအလည်ပေးဆပ်ထားသည့်လယ်သမားကြီးများဖြစ်သည့်အတွက် တစ်ဦးကစေတနာ တစ်ဦးကမေတ္တာစကားနှင့်အညီ ကျောက်တန်းမြို့နယ်အတွင်း မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း သိရသည်။

တံတားကျော်လွင်

စိုက်ပျိုးစရိတ် ထုတ်ချေးမည်

မြောင် ဇွန် ၂၉

မြောင်မြို့နယ် တွင်းကြီးမြစ်ရေတင် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် မြစ်ရေတင်ဌာနက ရေများလွှတ်ပေးနေရာတောင်သူလယ်သမားများသည် ရေယူကြ၊ ပျိုးထောင်ကြ၊ ထွန်ယက်ကြဖြင့် ပျော်ပျော်ပါးပါးလုပ်ကိုင်နေကြသကဲ့သို့ ကျေးရွာအဆင့် တာဝန်ရှိသူများကလည်း ၂၀၁၂ခုနှစ် စိုက်ပျိုးရာသီကဲ့သို့ ၂၀၁၃ ခုနှစ်တွင်လည်း ဇေယျာပဒေသာ ဖောင်ဒေးရှင်းနှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ စိုက်ပျိုးစရိတ်များ အချိန်မီထုတ်ချေးနိုင်ရေးအတွက် စာရင်းပြုစုကာတင်ပြနိုင်ရေးဆောင်ရွက်နေသည်။ လယ်သမားကြီးတစ်ဦးက **"ဒီနှစ်လည်း မနှစ်ကလို စိုက်ပျိုးစရိတ် ထုတ်ချေးမှာဆိုတော့ ရေရလို့လည်း ကျေးဇူးတင်ပါတယ်၊ စိုက်ပျိုးစရိတ် ချေးငွေရမှာမို့လည်း ကျေးဇူးတင်ပါတယ်၊ စိုက်ပျိုးစရိတ်အတွက် ပူပင်သောကကင်းဝေးစွာနဲ့ စိုက်ပျိုးရတာလည်း လယ်သမားဘဝမှာ ရခဲလှစွာသော မဟာလာဘ်ကြီးတစ်ပါးပါပဲ၊ အားလုံးကိုကျေးဇူးတင်တာတော့ ရိုးရိုးသားသား ဝန်ခံပြောဆိုတာပါပဲ"**ဟု ဆိုသည်။ ၂၀၁၂ ခုနှစ်က နိုင်ငံတော်မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ၇၁ ပြားသာ အတိုးနှုန်း သတ်မှတ်၍ထုတ်ချေးခဲ့ကြောင်း သိရသည်။

တွင်းကြီးဝမ်းမောင်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သွေးတိုးရောဂါ(High Blood Pressure)

အာရောဂျံပရမံလာဘံဟူသော ဆိုရိုးစကားအရ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ လူ့သက်တမ်းစေ့နေနိုင်ရေးအတွက် ရောဂါဘယကင်းရှင်းရမည် ဖြစ်သည်။

လူတို့အများဆုံးဖြစ်ပွားသော ရောဂါများထဲတွင် လူသိများသော ရောဂါတစ်မျိုးသည် သွေးတိုးရောဂါဖြစ်သည်။ သွေးတိုးရောဂါသည် အချိန်မရွေး၊ ဆင်းရဲချမ်းသာမရွေး လူတန်းစားစုံဖြစ်ပွားနိုင်သောရောဂါ ဖြစ်သည်။ သွေးတိုးရောဂါဖြစ်ပွားခြင်းတွင် အငန်ဓာတ်ပါသော အစားအစာများ၊ အဆီများသော အစားအစာများစားခြင်းသည် သွေးတိုးရောဂါ ဖြစ်ပွားနိုင်သော အဓိက အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

ဆေးပညာနယ်ပယ်တွင် **အသံတိတ်လူသတ်သမား**ဟု တင်စားခေါ်ဝေါ်သော သွေးတိုးရောဂါသည် မိမိကိုယ်တိုင်က အစားအသောက် အနေအထိုင် ဆင်ခြင်ပါက ကြိုတင်ကာကွယ်နိုင်သကဲ့သို့ သွေးတိုးခြင်းကိုလည်း ဟန့်တားနိုင်သည်။

ဆေးကုသမှုနှင့်ဆိုင်သောအဖွဲ့အစည်းက သွေးတိုးရောဂါကို ၁၃၈/၈၉ mmHgအထက် သတ်မှတ်ကြသည်။ သွေးတိုးခြင်းကို အကောင်းဆုံးနှင့် အထိရောက်ဆုံး တိုင်းတာခြင်းမှာ မိမိအိမ်၌ရှိသော သွေးတိုးတိုင်းတာစစ်ဆေးပေးသည့် ကိရိယာဖြင့်တိုင်းတာခြင်းပင်ဖြစ်သည်။ သွေးတိုးခြင်းကိုလျော့နည်းအောင်မည်သည့်ဆေးဝါး(သို့မဟုတ်) သဘာဝရောဂါကုထုံးကို အသုံးပြုခြင်းသည် အဓိကမဟုတ်ဘဲ သွေးတိုးတိုင်းကိရိယာဖြင့်တိုင်းသည့်အခါ အသင့်တော်ဆုံးသွေးတိုးပမာဏသည် ၂၄ နာရီတောက်လျှောက် ၁၁၅/၇၅ mmHg ထက် လုံးဝမပိုရပါ။

အထူးသဖြင့်သွေးတိုးကင်းစေရန် နေ့စဉ် မိနစ်၃၀ လမ်းလျှောက်ပေးပါ။ သစ်သီးနှင့်ဟင်းသီးဟင်းရွက် များများစားပေးပါ။

ထို့နောက် Vitamin D3 ၏ ပမာဏကိုစစ်ပေးပါ။ ချို့တဲ့လျှင်နေ့တိုင်း Vitamin D3-2000 iu သောက်ပေးပါဟု သွေးတိုးရောဂါအတွက် အကြံပြုတင်ပြရေးသားလိုက်ရပါသည်။

ညီလေး

နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်/အထူးစီမံကိန်းအဖွဲ့များမှ တာဝန်ယူကြီးကြပ်လျက်ရှိသော (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာငွေ (ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ခရိုင်/အထူးအဖွဲ့	ကျောက်(ကျင်း)										ကျောက်(ကျင်း) စုစုပေါင်း	အခြားပစ္စည်း	
		၆"-၉"	၂"-၄"	၁"-၂"	၁/၂"-၃/၄"	၁/၄"-၃/၈"	၁/၈"-၃/၈"	၁/၈"-၁/၄"	၁/၄"-၃/၄"	ကျောက်စရစ်	သဲရော ကျောက်		တောသစ် (တန်)	မြစ်သဲ (ကျင်း)
၁။	ဘားအံခရိုင်	၂၈၅	၉၈၁	၁၉၃၅	၃၁၆	-	၂၀၀	၇၃	-	၆၀		၃၈၂၅	၆	၁၃
၂။	ကော့ကရိတ်ခရိုင်	-	၁၁၅	၈၅၀	၁၀၃	၆၅	-	၃	-	-		၁၁၄၀	-	-
၃။	ဖာပွန်ခရိုင်	-	၂၆၉၄	၁၆၁၁	၅၂၅	-	၁၆၀	-	-	-		၄၉၉၀	၂၁	၅၀
၄။	လမ်းအထူးအဖွဲ့(၉)	၇၁၅	၃၄၀၀	၅၁၃၆	၉၅၃	၃၇၆	-	-	-	၂၂၄	၈၀၀၀	၁၈၈၀၉	၇၁	၄၇၆
၅။	အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၁)	-	-	၉၇၀	၁၄၀	-	၉၈	-	၉၈	-		၁၃၀၆	-	-
၆။	တံတားအထူးအဖွဲ့(၁)	-	-	-	-	-	-	-	-	၆၀၀		၆၀၀	၁၀၅	၃၀၀
၇။	တံတားအထူးအဖွဲ့(၂)	-	-	-	-	-	-	-	-	၅၀		၅၀	၁၀	၂၅
၈။	တံတားအထူးအဖွဲ့(၆)	-	-	-	-	-	-	-	-	၁၉၈		၁၉၈	၁၀၀	၉၈
၉။	တံတားအထူးအဖွဲ့(၁၃)	-	-	-	-	-	-	-	-	၃၇၃		၃၇၃	၉၈	၁၈၆
	ကရင်ပြည်နယ်စုစုပေါင်း	၁၀၀၀	၇၁၉၀	၁၀၅၀၂	၂၀၄၁	၄၄၁	၄၆၀	၇၄	၉၈	၁၄၇၉	၈၀၀၀	၃၁၂၆၆	၄၁၁	၁၁၄၈

၂။ တင်ဒါတင်သွင်းရမည့်ရက် - (၃. ၇. ၂၀၁၃)မှ (၁၆. ၇. ၂၀၁၃)အထိ
တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန် - (၁၇. ၇. ၂၀၁၃)ရက် မွန်းလွဲ (၁၃:၀၀)နာရီ
တင်ဒါစိစစ်ရွေးချယ်ရမည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ ကရင်ပြည်နယ်

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် (၃. ၇. ၂၀၁၃) ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ကရင်ပြည်နယ်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

ဦးစန်းလွင်၏သမီး သုံးခွမြို့ မြို့မအလကအဌမတန်း(က)မှ မသဇင်ထွန်း ၁၂/သခန(နိုင်) ၁၃၀၉၆၁အား မသက်ဝေထွန်းဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ဇီးကုန်းမြို့ အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မလဲ့လဲ့ဝင်း၏ ဖခင်အမည်မှန်မှာ ဦးလှဌေး ၇/ဇကန(နိုင်)၀၂၇၂၃၂ ဖြစ်ပါသည်။

ဦးလှဌေး ၇/ဇကန(နိုင်)၀၂၇၂၃၂

အမည်ပြောင်း

အထက(၄)၊ ကြည့်မြင်တိုင်၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်စောခန့်ကျော်ဆက်အောင်အား မောင်ခန့်ကျော်ဆက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၅၊မြေကွက်အမှတ်၅၉/က၊ မြေကွက်တည်နေရာအမှတ်၅၉/က၊ မြင်သာ ၂ လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာ ဒေါ်ခင်သိန်း အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်သိန်း၁၂/ဥကတ(နိုင်)၀၉၃၂၈၆က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း သတင်းထုတ်ပြန်ကြေညာချက်

၁။ ၅-၆-၂၀၁၃ ရက်တွင်ကျင်းပသော မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၃-၂၀၁၅ခုနှစ် အမှုဆောင်သက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်အသစ်များကို သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ရန်အတွက် ၂၀၁၃ ခုနှစ် ဇူလိုင် ၂၆ ရက် (သောကြာနေ့) နံနက် ၁၀း၀၀နာရီတွင် အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်များရွေးချယ်ပွဲကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကံ့ကော်လမ်း၊ အမှတ် ၈၁-၈၂၊ ရန်ကုန်တိုင်းဒေသကြီး ကုန်စည်ဒိုင်အဆောက်အအုံရှိ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၌ ကျင်းပမည်ဖြစ်ပါသည်။

၂။ ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်အတွက် ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ကို အတွေ့အကြုံရင့်ကျက်၍ အများကြည်ညိုလေးစားသော ပြင်ပပုဂ္ဂိုလ်များက တာဝန်ယူဦးဆောင်ပေးမည်ဖြစ်ပါသည်။

၃။ လက်ရှိဆောင်ရွက်နေသည့် အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အားလုံးက နုတ်ထွက်ပေးကြမည်ဖြစ်ပြီး သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းပါ စည်းကမ်းချက်များနှင့် ကိုက်ညီပြီး အသင်းဝင်သက်တမ်းတစ်နှစ်ရှိသည့် အသင်းသားများ၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ စားအုန်းဆီတင်သွင်းဖြန့်ဖြူးသူများ၊ ဆီ လက်လီလက်ကား ရောင်းချသူများသည် အသင်းအမှုဆောင်အဖြစ် ရွေးချယ်ခံခွင့်ရှိပါသည်။

၄။ ရွေးချယ်တင်မြှောက်ပွဲသို့ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ၃၁-၃-၂၀၁၃ ရက်မတိုင်မီ ဝင်ရောက်ထားသော အသင်းသားများသည် တက်ရောက်မဲပေးခွင့်ရှိပါသည်။

၅။ မဲစစ်ဆေးသည့်စနစ်ရွေးချယ်အတည်ပြုသည့်စနစ်များကို ရွေးကောက်ပွဲကော်မရှင်၏ ဦးဆောင်မှုဖြင့်လွတ်လပ်သည့်ပြင်ပ Audit Firm မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရန် ကိုယ်တိုင်ဆန္ဒပြုလိုသူများနှင့် ဆန္ဒမဲပေးလိုသူများ ယူဆောင်လာရန်လိုအပ်သည့် အချက်များနှင့် Form ပုံစံများကို မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းရုံး ကြော်ငြာသင်ပုန်း၌ ကြည့်ရှုနိုင်ပါသည်။

၆။ ရွေးချယ်ခံရန် အဆိုပြုလိုသူများအနေဖြင့် ရွေးချယ်ခံလိုသူများ၏ ဆန္ဒပြုလွှာကိုလည်းကောင်း၊ ဆန္ဒမဲပေးလိုသူများအနေဖြင့် ဆန္ဒမဲပေးခွင့်ကတ်ပြားများကိုလည်းကောင်း ၁-၇-၂၀၁၃ ရက် နံနက် ၁၀း၀၀နာရီမှစတင်ပြီး ၁၅-၇-၂၀၁၃ ရက် ညနေ ၄း၀၀နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းအသင်းသို့ လာရောက်မှတ်ပုံတင်ပြီး ဆန္ဒမဲပေးခွင့်ကတ်ပြားများကို လာရောက်ထုတ်ယူနိုင်ပါသည်။

(ရွေးချယ်ခံရန် အဆိုပြုလိုသူများအနေဖြင့်လည်း ဆန္ဒမဲပေးခွင့်ရှိပါသည်။)

၇။ ရွေးချယ်ခံမည့် ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များကို ရွေးကောက်ပွဲကော်မရှင်မှစိစစ်ပြီး ၂၃-၇-၂၀၁၃ရက် မွန်းလွဲ ၁း၀၀နာရီတွင် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ကြော်ငြာသင်ပုန်း၌ ရွေးချယ်ခံရမည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်း ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

၈။ ရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်၍ အစီအစဉ် အသေးစိတ်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်ကို ဆက်လက်သိရှိလိုပါက မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးကော်မတီနှင့် ရုံးအဖွဲ့ ဖုန်း-၅၂၈၅၈၂၊ ၅၂၈၅၈၃၊ ၅၂၈၅၈၄တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒူရဲမှူးကြီး ဝင်းနိုင်ဦး(သတင်းတပ်ဖွဲ့၊နေပြည်တော်) + ဒေါ် စပယ်ဖြူ တို့၏ တစ်ဦးတည်းသော သား **မောင် ဘုန်းမြင့်ဟိန်း(မဆ-၂၅၀)** အထက-၁၊ ကျောက်ဆည်သည် ၂၀၁၃-ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပါသဖြင့် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း။

အန်တီဝါ(ထ-၁၊အင်းစိန်)၊ အန်တီမာ(မ-၉၊မရမ်းကုန်း)

ရွှေသွေးအိမ် ပညာရေးအကျိုးဆောင်နှင့် ဖုန်းအမျိုးမျိုးရောင်းဝယ်ရေး

ပြည်တွင်းသတင်းနှင့်မှုခင်း

စစ်ဆေးရေးဂိတ် ကွင်းရှောင်လမ်းမပေါ်၌ ဘိန်းဖြူများဖမ်းမိ

တာချီလိတ် ဇွန် ၂၉

ဇွန် ၂၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်က တာချီလိတ် မူးယစ်(အထူး)အဖွဲ့မှ ရဲတပ်ကြပ်ထူးအောင်၊ ရဲတပ်သားဝင်းမြင့်လှိုင်၊ ရဲတပ်သားညီခမ်းတို့ ပါဝင်သော အဖွဲ့သည် သက်သေ ဦးခင်မောင်မြင့်၊ ဦးသိန်းဇော်တို့နှင့်အတူ တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု ဟွေ့ရဲရွာအပေါ်ဘက် ဟွေ့ရဲစစ်ဆေးရေးဂိတ်နှင့် လွယ်တော်ခမ်းစစ်ဆေးရေးဂိတ်အကြား ကွင်းရှောင်လမ်းမပေါ်၌ မိုင်းဆတ်မှ တာချီလိတ်သို့ စိုင်းဆမ်(ခ)အားဝေ မောင်းနှင်လာသည့် ၁၅ယ/---- Dream 125 အမျိုးအစား အနက်ရောင်မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူဟုယူဆရသည့် အဖြူရောင်အမှုန့် အလေးချိန် ၂၈ ဂရမ်စီပါ နှစ်ပုလင်း၊ ၅၆ ဂရမ် ကာလတန်ဖိုး ၈ ဒသမ ၄ သိန်းကို သိမ်းဆည်းရမိကြောင်း သိရသည်။

မူးယစ်ဆေးဝါးနှင့်အတူလက်ဝယ်တွေ့ရှိသော စိုင်းဆမ်(ခ)အားဝေ ၃၁ နှစ်တာချီလိတ်မြို့နေသူကို**(အောက်ပုံ)** မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ တာချီလိတ်ရဲစခန်းက အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဈေးချိုတော်ဈေး သမအသင်းစည်းဝေး

သီပေါ ဇွန် ၂၉

ဈေးချိုတော်ဈေး သမဝါယမအသင်းလီမိတက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်း၏ ၂၁ ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန်၂၃ရက် မွန်းလွဲ ၁ နာရီက သီပေါမြို့ မြို့လယ်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အသင်းဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့်၂၀၁၂-၂၀၁၃ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးတက်ရောက်သူများထံမှ အတည်ပြုချက်ရယူသည်။ ထို့နောက် ယခုဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာနှင့် ကြိုတင်ဝင်ငွေခွန်များကို မြို့နယ်အခွန်ဦးစီးဌာနသို့အသင်းဥက္ကဋ္ဌ ဦးအေးကျော်ကပေးအပ်ပြီး အသင်းသားများ၏ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူ ၂၁ ဦးတို့အား ပညာရေး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဈေးချိုတော်ဈေးသမဝါယမအသင်းသည် ခေါင်းရွက်ဗျပ်ထိုး၊ ပုံကျဈေးသည်များအပြင် တည်ခင်းဆိုင်ဖွင့်ဈေးသည် ၅၆၇ ဦးနှင့် ဖွဲ့စည်းထားပြီး သာမန်ချေးငွေ၊ အထူးချေးငွေနှင့် အရေးပေါ်ချေးငွေများအတွက် အတိုးနှုန်းချိုသာစွာဖြင့် ငွေကျပ် ၃၇၆ သိန်းဖြင့် လည်ပတ်လျက်ရှိသဖြင့် အခြေခံလူတန်းစားများအတွက် အားကိုးအားထားရာ အသင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

မော်လူး၌ မိုးရာသီသစ်ပင်စိုက်ပျိုး

မော်လူး ဇွန် ၂၉

၂၀၁၃ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သစ်တောဦးစီးဌာနကကြီးမှူး၍ ဇွန်၂၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု ဟဲနုကျေးရွာ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မော်လူးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်၊ မော်လူးမြို့နယ်တာဝန်ခံ တောအုပ်ကြီး ဦးစောတင်ဝင်းနှင့်သစ်တောဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် အသင်းအဖွဲ့များ၊ ဒေသခံများက ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ စိန်ပန်း၊ ကုက္ကို၊ မဲဇလီအစရှိသည့် ပျိုးပင်ပေါင်း ၃၀၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

နီတိုး

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွ စိတ်ချမ်းသာ

သားသမီးအရေးကြောင့် လူသတ်မှုဖြစ်

တွံတေး ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အိုးဘိုအနောက်ရပ်ကွက် စံပြ(၂)လမ်း၌ သမီးဖြစ်သူကိစ္စနှင့်ပတ်သက်၍ အချင်းများရာမှ ဓားထိုးမှုတစ်ရပ် ဇွန် ၂၄ ရက် နံနက် ၁၀ နာရီက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စိုးမိုးကျော် (၁၇ နှစ်) သည် ၎င်းတို့စီးနင်းလာသော ပဲ့ထောင်ကို အိုးဘို အနောက်ရပ်ကွက် တွံတေးတူးမြောင်းဘေးရှိ ငွေပုစွန်ငါးဒိုင်အနီး ဆိုက်ကပ်၍ စံပြ ၂ လမ်းသို့အသွား အိုးဘိုအနောက်ရပ်ကွက် စံပြ ၄ လမ်းတွင် နေထိုင်သော အေးဝင်း (၃၆ နှစ်)နှင့် သမီးဖြစ်သူကိစ္စနှင့်ပတ်သက်ပြီး အပြန်အလှန် စကားများကြရာမှ အေးဝင်းက အသင့်ပါလာသော အရိုးအသွားကိုးလက်မခန့်ရှိ ဓားဦးချွန်ဖြင့် စိုးမိုးကျော်ကို ထိုးခဲ့ရာ စိုးမိုးကျော်သည် တွံတေးဆေးရုံသို့ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် သေဆုံးသွားသဖြင့် အေးဝင်းကို တွံတေးမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူခဲ့ကြောင်းသိရသည်။ **မျိုးလှိုင်(တွံတေး)**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်	အရေအတွက်
	(က)တည်ဆောက်ရေးလုပ်ငန်းများ		
၁။	ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်	(၁) လေးခန်းတွဲဝန်ထမ်းအိမ်ရာ ၃ထပ် (ရေမီးအပါအဝင်)(RCC) (၈၈'×၅၆')	(၂)လုံး
၂။	॥	(၂)ကွင်းတလင်း(ကွန်ကရစ်ခင်း) (၁၀၀'×၉၅')	(၂)ခု
၃။	॥	(၃)စိုက်ကွင်းစပါးမျိုးစေ့အအေးခန်း သိုလှောင်ရုံပေ(၄၀×၃၀×၂၀)(RCC) (အအေးခန်း၊ လျှပ်စစ်လုပ်ငန်းအပါအဝင်)	(၁)လုံး
၄။	॥	(၄)စိုက်ကွင်းနှင့်ဥယျာဉ်ခြံ ၂ခန်းတွဲ အိမ်သာ(ရေ၊ မီးအပါအဝင်)ပေ(၁၀×၅×၇)(RCC)	(၄)လုံး
	(ခ)လျှပ်စစ်မီးရရှိရေးလုပ်ငန်း		
၅။	ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်	(၁)11/0.4 KV 200 KVA Transformer နှင့် 11 KV လိုင်းတည်ဆောက်ခြင်း	(၁)လုံး
၆။	॥	(၂)33/11 KV 1000 KVA Transformer နှင့် Protection တည်ဆောက်ခြင်း	(၁)လုံး

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၉-၇-၂၀၁၃ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၆၅၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ် ၂၀၀၊ ဧရိယာ ဝဒသမ၀၉၇၈ကေရှိ ဦးကိုကို အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးကိုကို ၉/ပမန(နိုင်)၀၇၅၄၂၃ (ဘ)ဦးသာအောင်က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ ဦးထွန်းမြင့်လမ်း၊ မြေကွက်အမှတ်(၇၈၈)၊ အကျယ်အဝန်း(အလျားပေ ၄၀ × အနံပေ ၆၀)ရှိ ဦးဇော်မိုးအမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဒေဇီ ၁၃/ကတန(နိုင်) ၀၁၀၂၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝင်းဝင်းနွယ် B.A(Eco),H.G.P
အထက်တန်းရှေ့နေ
အမှတ် ၁၀၂၊ ဗိုလ်မင်းခေါင်လမ်း၊
(၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၁၃၁၂၁၉

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ

အထက်မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်နှင့်အသင်းဝင်မဟုတ်သော မိသားစုအားလုံး ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ အသင်းဝင်များ၏ ဂုဏ်ထူးရ(၂၀၁၂ ခုနှစ် မတ်လ) သားသမီးများစာရင်းကိုလည်းကောင်း၊ သက်ကြီးပုဂ္ဂိုလ်များ(အသက် ၈၀ နှင့်အထက်) စာရင်းကိုလည်းကောင်း၊ အထောက်အထားပြည့်စုံစွာဖြင့် **၇-၇-၂၀၁၃ရက်** နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ပေးပို့ပါရန်။

အစီအစဉ်

ကျင်းပမည့်နေ့ရက် - **၁၄-၇-၂၀၁၃ ရက်**
ကျင်းပမည့်အချိန် - **နံနက် ၈း၀၀နာရီ**
ကျင်းပမည့်နေရာ - မင်းလှဓမ္မရိပ်သာကျောင်း၊ ရေတာရှည်လမ်း (ဗဟန်းဈေးနှင့် ကြေးသွန်းဘုရားအနီး)၊ ဗဟန်းမြို့နယ်။

ဆက်သွယ်ရန်

ဒေါ်သန်းစိန်	ဖုန်း-၀၁-၆၈၂၄၇၉	ဒေါ်ကျော့ကျော့ဟန်	ဖုန်း-၀၉-၅၁၇၀၆၁၃
ဦးချစ်လှိုင်	ဖုန်း-၀၉-၄၂၁၀၆၀၅၆၉	ဦးမျိုးညွှန့်ဦး	ဖုန်း-၀၉-၇၃၁၄၇၃၁၅
ဦးဘိုမောင်	ဖုန်း-၀၉-၇၃၀၃၉၈၇၀	ဦးစိုးမြင့်	ဖုန်း-၀၉-၇၃၀၂၂၄၄၇

ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု
ဂုဏ်ထူး ဆီလီကွန်
ကိုယ်ပိုင်အထက်တန်းကျောင်း

ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်း ကျောင်းအပ်လက်ခံပြီ
Principal Dr.KHIN YU NWE
Ph.D (Chemistry)
ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်။
၆၉ (လုံးချင်းတိုက်)၊ ၁၄ လမ်း(အလယ်)
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၀၅၅၆၊ ၀၁-၂၂၄၄၇၀၊ ၀၉-၇၃၁၃၉၃၈၅

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ

အမွေဆက်ခံသက်သေခံလက်မှတ်စာဥပဒေပုဒ်မ-၃၇၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၆

ဒေါ်အေးကြည်
၁၂/ဗဟန(နိုင်)၀၇၉၆၄၈
အမှတ်(၉၆)၊ (၉၂)လမ်း
ကန်ရှေ့ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့ **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်ရှေ့ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၉၆)နေ ဒေါ်အေးကြည်ကကွယ်လွန်သူ ဦးလှအေး၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးလှအေးမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်ဆိုင် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးလှအေး ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၈ရက်)နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဒေါ်အေးကြည်၏ လျှောက်ထားချက်ကိုကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ်စာရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇွန် ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝိလ်မာထွန်းခင်)
ဒုတိယခရိုင်တရားသူကြီး(၃)၊
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဖခင်အမည်မှန်

အထက(၅)၊နေပြည်တော်၊ နဝမတန်း (ဂ)တွင်ပညာသင်ကြားနေသော မောင်ဝေယံကျော်စွာ၏ ဖခင်အမည်မှန်မှာ ဦးမင်းစိုး ၁၂/သလန(နိုင်)၀၃၅၈၅၉ ဖြစ်ပါသည်။

ဦးမင်းစိုး

အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူရပ်ကွက်၊ အထက(၂၂)၊ အဋ္ဌမတန်း(A)တွင် ပညာသင်ကြားနေသော ဦးသောင်းအေး၏သား မောင်သူထူးအောင်အား မောင်ဇော်လင်းနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဇော်လင်းနိုင်

ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၁၀)၊ တက္ကသိုလ်ဝင်တန်း(B)မှ မမိုးမိုးအေး (ကျောင်းဝင်အမှတ်-၆၉၅၇)၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၁၀/ပမန(နိုင်)၁၃၅၄၅၉ ဖြစ်ပါကြောင်း။ ဦးမျိုးအောင်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈က/၄၇၉၀၊ Toyota Corolla AE 91 S/L(4x2)ယာဉ်လက်ဝယ်ရှိသူ ဦးတင်အုန်း ၁၂/မရက(နိုင်)၁၂၁၆၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၆၊ မြေကွက်အမှတ် ၁၀၁၂၊ မြေကွက်တည်နေရာအမှတ် ၁၀၁၂၊ မင်္ဂလာသုခလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးဘလှိုင် AD-၀၁၇၃၇၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဘလှိုင်နှင့်ဇနီး ဒေါ်ခင်ရီ ကွယ်လွန်သဖြင့် ဒေါ်ရင်ရင်သန်း ၁၂/မရက(နိုင်)၀၁၄၉၀၃ ကတစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၆၃၁/၁၃(၁၄-၅-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဒေါ်တင်တင်စိုး ၁၂/ဥကတ(နိုင်)၀၄၇၃၈၃ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည် ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

30-6 (18).pmd 1 6/28/2013, 6:36 AM

ဖားကန့်တွင် ပါရမီလူမှုကူညီရေးအသင်း ကျောင်းသုံးဗလာစာအုပ်များပေးအပ်လှူဒါန်း

ဖားကန့် ဇွန် ၂၉

ကချင်ပြည်နယ် ဖားကန့်မြို့ မြို့မရပ်ကွက် ပါရမီလူမှုကူညီရေးအသင်းက ကျောင်းပေါင်း ခုနစ်ကျောင်းသို့ ဗလာစာအုပ် ၃၂၅ ဒါဇင် လှူဒါန်းပွဲကို ဇွန် ၂၁ ရက် နံနက် ၉နာရီက အဆိုပါကျောင်းများ၌ကျင်းပသည်။ **(အပေါ်ပုံ)**

လှူဒါန်းပွဲတွင် မြို့နယ်ပညာရေးမှူးနှင့် ပါရမီလူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးမြင့်အေး၊ အတွင်းရေးမှူး ဦးအောင်ဝင်းတို့က လှူဒါန်းရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားပြီး ဆက်လက်၍ မော်မောင်းလယန် ကျောင်းအုပ်ဆရာ ဦးမင်းလွင်၊ မျောက်ဖြူကျောင်းတာဝန်ခံဆရာ ဦးဘိုဘိုကျော်၊ ရှရော်ခကျောင်းအုပ် ဦးလီဘားဆာ၊ မန ကျောင်းတာဝန်ခံ ဒေါ်နန်းဇင်မေထွန်း၊ အေးမြသာယာ (မူလွန်ကျောင်း) ဆရာမ ဒေါ်သန်းသန်းစိန်၊ မရှိကထောင်အလက ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမိုး၊ သီလရှင်ကျောင်း တိုက်အုပ်ဆရာကြီး ဒေါ်ဓမ္မနန္ဒီတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ဖားကန့်မြို့ မြို့မရပ်ကွက်ရှိ ပါရမီလူမှုကူညီရေးအသင်းက လှူဒါန်းမှုမှာ ကာလတန်ဖိုးငွေကျပ် ၈၁၂၀၀၀ ဖြစ်ကြောင်းသိရသည်။

ဦးစိုးနိုင်ဦး(ဖားကန့်)

(၁၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

ပုဏ္ဏားကျွန်း ဇွန် ၂၉

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့လုံးကျွတ် (၁၇)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဇွန် ၆ရက်က မြို့မဇေတီဓမ္မာရုံကြီး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ၊ အပူဇော်ခံသက်ကြီး အဘိုးအဘွားများ၊ စေတနာရှင်ပြည်သူများ စုံညီစွာ တက်ရောက်ကြသည်။ **(ယာပုံ)**

အသက်(၈၀)နှင့်အထက် သက်ကြီးအဘိုး၊ အဘွား ၁၁၆ ဦးအား ရှိခိုးကန်တော့ပြီး လှူဖွယ်ဝတ္ထုများအား လှူဒါန်းပူဇော်ခဲ့ကြပြီး အသက်အကြီးဆုံး အသက်(၉၈)နှစ် အဘွား ဒေါ်မအေးသာနှင့် အပူဇော်ခံ အဘိုး၊ အဘွား ဇနီးမောင်နှံမင်္ဂလာစုံတွဲငါးတွဲအား ဦးထွန်းစံလှနှင့် ဇနီး မိသားစုတို့က ကျပ်တစ်သောင်းစီ လှူဒါန်းပူဇော်ကြသည်။

ထို့နောက် အပူဇော်ခံ သက်ကြီးအဘိုး အဘွားများကိုယ်စား အဘိုးအဘွားတစ်ဦးစီက ဝမ်းမြောက်ဆုပေးစကားများ ချီးမြှင့်ပေးကြပြီး ဦးရာဇ်တောင်ဘုရား သန့်ရှင်းရေးလူငယ်မောင်မယ်များက ကုသိုလ်ပြုလှူဒါန်းခဲ့ကြကြောင်း သိရသည်။

(မောင်ကြီးသျှင်)

သုံးဘီးဆိုင်ကယ်များ စိစစ်ပညာပေး

နေပြည်တော် ဇွန် ၂၉

ဇွန် ၁၉ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၏လမ်းညွှန်ချက်အရ တက္ကစီနှင့်အငှားယာဉ်များ စစ်ဆေးကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့မှ ပူးပေါင်း၍ ပျဉ်းမနားမြို့ မြို့မဈေး သုံးဘီးဆိုင်ကယ်ဂိတ်၌ တရားမဝင်ပြေးဆွဲနေသည့် နယ်ကျော် သုံးဘီးဆိုင်ကယ်များအား ပညာပေးကာလအဖြစ် ဆောင်ရွက်နေပြီး ဇွန် ၂၇ ရက်မှစ၍ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မအရ ဥပဒေစည်းကမ်းများနှင့် မညီညွတ်သော ယာဉ်နှင့် ယာဉ်မောင်းများကို ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြစ်ဒဏ်အနေဖြင့် ဒဏ်ငွေကျပ်တစ်သိန်းနှင့် ယာဉ်အား ခေတ္တသိမ်းဆည်းခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၄၅)

မိုးရာသီဘဏ်ချေးငွေ စတင်ထုတ်ချေး

ကျောက်ဖြူ ဇွန် ၂၉

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၃ ခုနှစ် မိုးရာသီဘဏ်ချေးငွေ ကျပ် ၃၇၂ သိန်းကို ဇွန် ၁၈ ရက်က စတင်ထုတ်ချေးခဲ့ပြီး ကျေးရွာအုပ်စု ၅၃ အုပ်စုက လယ်သမားများအား စပါးတစ်ဧကလျှင် ကျပ် တစ်သိန်းနှုန်းဖြင့် ဩဂုတ်လအတွင်း အပြီးထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုဌေး(IPRD)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာစပ်ပြကျေးရွာ ရွှေနံ့သာခန်းမ၌ မုဒိမ်းမှုနှင့်သက်ယက်မုဒိမ်းမှုများ ရှုတ်ချပွဲအခမ်းအနားကို ဇွန် ၂၃ရက်က ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ထွေး၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးမိုးခိုင်တို့က ကျေးရွာရပ်ကွက်အတွင်း မုဒိမ်းမှုများ ကင်းစင်စေရန် ဟောပြောစဉ်။ ဝင်းနိုင်(မြန်မာ့အလင်း)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ (၅၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါဆိုလပြည့်နေ့ ဓမ္မစကြာအခါတော်နေ့ (၅၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၅ခုနှစ် ဝါဆိုလပြည့်နေ့ (၂၂-၇-၂၀၁၃ ရက်) တနင်္လာနေ့ ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေ ၃၀၀၀ိ/-နှုန်းဖြင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ရွှေဘုန်းပွင့်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ်-၁၁၇/ခ၊ ဧရိယာ ၀ဒသမ၀၃၂၈ဧက၊ နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ်(၆)၊ အနီဃာလမ်း၊ ၁၅ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်အေးအေးဖြိုး ၁၂/မဂတ(နိုင်)၀၄၂၂၆၈ အမည်ပေါက်တည်ရှိပြီး ၎င်း၏မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၂၀၆/၂၀၁၂ (၂၂-၆-၂၀၁၂)ရရှိသူ ဦးစိန်ဝင်း ၁၂/ရကန(နိုင်)၀၅၇၂၂၄မှ လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဒေါ်မြတ်စုကို(အဖ-ဦးပေါက်ကျိုင်း) ၈/ပခက(နိုင်)၁၄၂၉၇၆
သိစေရန်ကြေညာခြင်း

ဒေါ်မြတ်စုကိုသည် ခင်ပွန်းဖြစ်သူ ဦးဝင်းမျိုးဦး ၁၀/မလမ(နိုင်)၀၀၅၀၃၀နှင့်အတူနေထိုင်သည့်အိမ်မှ ၂၅-၂-၂၀၁၃ ရက်တွင် ထွက်ခွာသွားရာ ယနေ့တိုင် ပြန်မလာပါ။ ခင်ပွန်းဖြစ်သူမှ ဇနီးနှင့်တွေ့ဆုံရန်အကြိမ်ကြိမ်ဖုန်းဆက်ပြီး တောင်းဆိုခဲ့ခြင်းကို လက်မခံငြင်းဆိုပြီး အတွေ့မခံရှောင်တိမ်းနေခြင်းများပြုမူဆောင်ရွက်ခဲ့ပါသည်။ ဦးဝင်းမျိုးဦးမှ ၁၁-၄-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင်လည်း ကြေညာခဲ့ခြင်းများရှိပါသည်။ သမီးဖြစ်သူ မခြူးမြတ်စန္ဒီကို၏ ရှေ့ရေးကိုထောက်ရှု၍ လင်မယားချင်းမကျေနပ်ချက်များ၊ လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းခြင်းဖြစ်ပါသည်။ **မိသားစုအတူတူနေထိုင်ရေး**ကိုသာ အဓိကထားသည်ဖြစ်၍ ဦးဝင်းမျိုးဦးအား အတွေ့မခံရှောင်တိမ်းနေခြင်းဖြင့် ပြဿနာပြေလည်သွားမည်မဟုတ်ပါ။ ဒေါ်မြတ်စုကိုအား ခင်ပွန်းဖြစ်သူနှင့်မတွေ့ရန် ပိတ်ပင်တားမြစ်ပြီး လက်ခံထားရှိခြင်းများ မပြုလုပ်ရန် ဦးဝင်းမျိုးဦးမှ မေတ္တာရပ်ခံပြီး ခင်ပွန်းဖြစ်သူထံ အမြန်ပြန်လာရန် ဒေါ်မြတ်စုကိုအား အသိပေးကြေညာလိုက်ပါသည်။

ဦးဝင်းမျိုးဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးနိုင်
တရားလွှတ်တော်ရှေ့နေ-စဉ်-၄၀၆၅/၈၇
အမှတ် ၆၈(ဒုတိယထပ်)၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၆၅၅၉၊ ၀၉-၅၄၀၁၂၉၂

မှတ်သုံ့ရာသီအတွက် ထီးလက်ဆောင်
၃၀၀၀၀ဖိုးဝယ်ယူသူတိုင်း ရုံမျက်မှန် တံဆိပ်ပါထီးတစ်လက်ရယူပါ။

ရွှေဘုံသာလမ်းအထက်၊ ၀၁-၂၄ဂ၂၄ဂ ၊ဂမိုင်လမ်းဆုံ၊ ၀၁-၆၅၂ဂ၀၂

BBS U HLA BU'S TOEFL
Intensive Course July 15 မနက်စမည် ph 220403
၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ (သိတာရုံအနီး)

တူဒေးစာအုပ်တိုက်
ကင်ဆာဝေဒနာသည်များကို အားပေးစောင့်ရှောက်ခြင်း
မေး-ဖြေ ၁၀၀
ဒေါက်တာ မာမာဆွေ
ကင်ဆာရောဂါဆိုင်ရာ အခြေခံအချက်အလက်များ၊ ကင်ဆာရောဂါကုသရေးနှင့် လူနာပြုစုစောင့်ရှောက်ရေးအတွက် စီမံခန့်ခွဲခြင်း၊ ကင်ဆာရောဂါခံစားနေရတဲ့ သင့်ရဲ့ချစ်သူ ခံနိုင်ရည်စွမ်းအားတိုးတက်အောင် ကူညီပေးဖို့အရေး၊ ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်ပါ စသည့် အခန်း ကိုးခန်းဖြင့် ကင်ဆာလူနာနှင့်မိသားစုများအားလုံးသာမက လူနာကိုချစ်ခင်ကြသည့်သူများအားလုံးပါ လူနာကို အားပေးစောင့်ရှောက်နည်း မေး-ဖြေ ၁၀၀ ကို ဆွေးနွေးထားသည့်စာအုပ်ကောင်းတစ်အုပ် ...
တန်ဖိုး - ၂,၀၀၀ ကျပ်
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်
- ဘိုထိုင်အိမ်သာ၊ ကိုယ်ပိုင်(ရေ၊ မီး)
- အလူမီနီယံအိပ်ခန်း(၁)၊ ကောနစ်
- ပေ(၁၂½×၅၀)ခန့်၊ စမ်းချောင်းမြို့နယ်
- ပြင်ဆင်ပြီး အသင့်နေတိုက်ခန်းသစ်
  ပထမထပ်-ကျပ်သိန်း ၃၄၀
  ဒုတိယထပ်-ကျပ်သိန်း ၃၁၀

(ပွဲစားမလို)၊ ဖုန်း-၀၉-၇၃၂၀၁၁၇၉

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၆-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ(ဂ)ပါ ကန့်ကွက်နိုင်ပါသည် ကြော်ငြာအမှတ်စဉ်(၉)တွင် လျှောက်ထားသူ ဒေါ်ကျင်ရွှေ ၁၂/မဂတ(နိုင်)၀၅၈၄၀၁၏ လျှောက်ထားသည့်အကြောင်းအရာကို အမည်ပြောင်းအစား မြေပုံကူး(အရောင်း)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုဆေးရုံကြီး အင်းစိန်
ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီးတွင် ၂၀၁၃-၂၀၁၄ခုနှစ်၊ အထူးခွင့်ပြုရန်ပုံငွေဖြင့် အဓိကဆေးဝါးများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူပြီး ချို့တဲ့လူနာများ၊ အရေးပေါ်လူနာများ၊ အရေးပေါ်ခွဲစိတ်လူနာများနှင့် မီးဖွားလူနာများအား အခမဲ့ ဆေးကုသမှုပေးမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။	**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်**	- ၁-၇-၂၀၁၃ရက်
	တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၃၁-၇-၂၀၁၃ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
အင်းစိန် အထွေထွေရောဂါကုဆေးရုံကြီး၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၄၀၅၂၃

သဘာဝအချိုရည်၊ ဂျယ်လီ၊ သစ်သီးယို၊ ရေခဲမုန့်၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
ရှားစောင်းလက်ပတ်အချိုရည်၊ အုန်းစိမ်းဂျယ်လီ၊ သီးစုံဂျယ်လီ၊ အားဖြည့်အချိုရည်၊ ဖျော်ရည်မျိုးစုံ၊ အဆီကျကျန်းမာရေးဖျော်ရည်၊ ပဲနို့၊ ပူတင်း၊ ဒိန်ချဉ်၊ ယိုး၊ ဒယားမစ်ရိုက်၊ ဖာလူဒါ၊ ဒိုဗီနီ၊ အသီးဖျော်ရည်၊ သီးစုံကော့တေး၊ အချဉ်ပေါင်း၊ ဆော့စ်၊ ကော်ဖီ၊ ကိတ်အမျိုးမျိုး၊ ပေါင်မုန့်အမျိုးမျိုး၊ ကွတ်ကီးအမျိုးမျိုး။ (အဂါနေ့တိုင်းသင်တန်းစတင်ပါသည်။)
ROYAL SUN စားသောက်ကုန်သင်တန်း အမှတ်-26၊ သစ်တောလမ်း၊ အလုံစာတိုက်အနီး၊ အလုံမြို့နယ်၊ ရန်ကုန်၊ 01-212651၊ 09-49308462

ပျော်ပျော်ပါးပါး ဈေးဝယ်သွား လွတ်လပ်ပျော်ရွှင်ခရီးစဉ် – ရန်ကုန် – ဘန်ကောက် – ပတ္တရား ခရီးစဉ်
Gracious Vacation
○ ကြယ်သုံးပွင့်အဆင့်ဟိုတယ် (နေ့စဉ်)
○ နံနက်စာ/နေ့လည်စာ/ညစာ (ဟိုတယ်/မြို့တွင်းစားသောက်ဆိုင်)
○ ညှိလမ်းညွှန် / လေယာဉ်လက်မှတ် / ဗီဇာ
○ Passport မရှိသေးသူများအတွက် ဝန်ဆောင်မှုပေးပါမည်။
အထူးဈေးနှုန်း 550,000/- ၃ည/၄ရက် ခရီးစဉ်
JULY 19 2013 ထွက်မည်
No. (104), First Floor, Bogyoke Road, Pazundaung Township, Yangon, Myanmar.
Tel : +95-1-297238, +95-1-8610589, +95-9-49761392

Gracious Vacation
ကုသိုလ်ထူးလို့ ရည်ဖူးမြော် ပုဒ္ဓဘဝဖြစ်စဉ်တော် ဗုဒ္ဓဂါယာ ခရီးစဉ်
✷ ကြယ်သုံးပွင့်အဆင့်ဟိုတယ် (နေ့စဉ်)
✷ နံနက်စာ/နေ့လည်စာ/ညစာ (ဟိုတယ်နှင့် မြို့တွင်းစားသောက်ဆိုင်)
✷ ညှိလမ်းညွှန် / လေယာဉ်လက်မှတ် / ဗီဇာ
✷ Passport မရှိသေးသူများအတွက် ဝန်ဆောင်မှုပေးပါမည်။
၁၁ည/၁၂ရက် ခရီးစဉ် အထူးဈေးနှုန်း
JULY 15 2013 ထွက်မည်
No. (104), First Floor, Bogyoke Road, Pazundaung Township, Yangon, Myanmar.
Tel : +95-1-297238, +95-1-8610589, +95-9-49761392

ကြေးမပို ဈေးချို ရွှေမြင့်မို့ရ် ဝါဆိုသင်္ကန်းများ
နိုင်ငံခြားမှ လာသော ပိတ်အမျိုးမျိုးကို ဝိနည်းတော်နှင့်အညီ အလျား အနံ အပြည့် ခိုင်ခံ့သေသပ်စွာ ကိုယ်ပိုင်စက်ရုံဖြင့် ချုပ်လုပ်ထားသော ရွှေမြင့်မို့ရ် ဝါဆိုသင်္ကန်းအမျိုးမျိုးကို ချိုသာသော အထူးနှုန်းများဖြင့် ရွှေမြင့်မို့ရ် သင်္ကန်းတိုက်မှ အနယ်နယ်အရပ်ရပ်သို့ လက်လီလက္ကား လိုသလောက် ဖြန့်ဖြူးလျက်ရှိပါသည်။ ခါးခွဲခါးဖြတ် နှစ်ဖက်လှ ဆိုဒ်လွန် အထူးချုပ်သင်္ကန်းများလည်း ရနိုင်ပါသည်။
ပင်ရင်း– ဦးစံမြတ်+ဒေါ်အမုံ၊ အမှတ် ၁၃၈၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၅၇၁၃၊ ၃၇၂၄၉၃၊ ၀၉–၅၁၆၅၅၄၂

စီးပွားရေးကြော်ငြာများ

အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် မြေအလှူရေစက်သွန်းချအမှူးပေးဝေရန်ဖိတ်ကြားခြင်း

အိန္ဒိယနိုင်ငံ၊ ကိုလ်းကတ္တားမြို့၊ ဇောဓိသုခပရဟိတ မြန်မာကျောင်း ဆရာတော်ဒေါက်တာနန္ဒောဘာသ ဦးစီး၍ ဗုဒ္ဓဂယာမြေမြတ်မဟာ၌ (၃၂၄၀၀)စတုရန်းပေရှိသောမြေကြီးကို သာသနဝတ္ထကမြေအဖြစ် မြန်မာနိုင်ငံနှင့်ပြည်ပနိုင်ငံများမှ စေတနာရှင်ဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ လှူဒါန်းငွေများဖြင့် ဝယ်ယူပြီးဖြစ်ပါသည်။ ၇-၁၂-၂၀၁၂ရက်(သောကြာနေ့)တွင် သာသနဝတ္ထကမြေကြီးပေါ်၌ မြေသန့်မင်္ဂလာအခမ်းအနားနှင့် မြေအလှူရေစက်ချပွဲအခမ်းအနားကို ပြုလုပ်ပြီးစီး၍ အဆိုပါအခမ်းအနားတွင် ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရမထေရ်မြတ်မှ ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှောက်တော်မူခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ပြုလုပ်သော အဆိုပါ ရေစက်ချမင်္ဂလာအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သော စေတနာရှင်တို့၏ လှူဒါန်းမှုအစုစုတို့ကို ဆရာတော်ဒေါက်တာနန္ဒောဘာသကိုယ်တိုင် ရေစက်သွန်းချ အမှူးအတန်းပေးဝေမည်ဖြစ်ပါသဖြင့် စေတနာရှင် သာသနာ့မြေ အလှူဒါယကာ၊ ဒါယိကာမများ ကိုယ်တိုင်ကိုယ်ကျ ဝမ်းမြောက်ဝမ်းသာ ရေစက်ချသာဓုအနုမောဒနာခေါ်ဆိုနိုင်ရန် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ကြားအပ်ပါသည်။

(၁) ၃၀-၆-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၀၀ နာရီမှ ၄း၀၀ နာရီအထိ ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ရွှေတိဂုံအရှေ့ဘက်မုခ်အနီး၊ ဗဟန်း။

(၂) ၇-၇-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃း၀၀ နာရီ ပါရမီဓမ္မာရုံ၊ နဝရတ်လမ်း၊ ပဒေသာမြို့သစ်၊ ပြင်ဦးလွင်မြို့။

ဆက်သွယ်ရန်-(၁) ဒေါ်သီတာ၊ မဇ္ဈိမဂုဏ် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးအဖွဲ့။ (မင်္ဂလာတောင်ညွန့်)ဖုန်း-၀၁-၂၉၆၄၄၆၊ ၀၁-၃၉၄၈၈၉၊ ၀၉-၅၀၁၃၅၂၂၊ ၀၉-၇၃၀၄၅၅၀၀

(၂) သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း(ပြည်လုံးချမ်းသာဆေးတိုက်)။ (ဗဟန်း) ဖုန်း-၀၉-၅၄၁၇၅၃၅၊ ၀၁-၅၄၉၀၄၃

မွေးနေ့မှာပဲလှူလှူ - အခါကြီးရက်ကြီးနေ့တွေပဲလှူလှူ

ပညာအလင်းပြတရား အိတ်ဆောင်ဆိုက်စာအုပ်များရပြီ။

(၁)လယ်တီ မဟာသရဏဂုံတော်ကြီးပါဠိတော် (နိုင်ငံခြားဂူလ်ဖီး စက္ကူချော) (၅၀၀ကျပ်)
(၂)ဓာရဏ၊ပရမိတ္တဇာလ၊အာဘိဏှသုတ်ပါဠိ (အသံထွက်၊မြန်မာပြန်)(သုံးစောင်တွဲ)(၂၀၀ကျပ်)
(၃)မင်းကွန်း ဦးဝိစိတ္တ မေတ္တာဘာဝနာတရားနှင့် မေတ္တသုတ်ပါဠိ၊အသံထွက်၊မြန်မာပြန် (၂၀၀ကျပ်)
(၄)အလိုတော်ပြည့်ဘုရားသမိုင်းနှင့် အဓိဋ္ဌာန်ပုတီးစိပ်နည်း(၂၀၀ကျပ်)
(၅)ဥပ္ပါတသန္တိ အထူးပရိတ်တော် အသံထွက်နှင့် အစီအရင်များ(စက္ကူချော) (၅၀၀ကျပ်)
(၆)ဇောဗျွင် + သဗ္ဗဇယ + ပထဝီဇယမန္တန်တော် ပါဠိနှင့် နိဿယ(၃ - စောင်)(၂၀၀ကျပ်)
(၇)ကွယ်လွန်သူမိဘများကိုကျေးဇူးဆပ်ရန်လှူဒါန်းအမျှဝေကောင်းမှု ကုသိုလ်ပြုနည်း(အကြမ်းစက္ကူ) (၂၀၀ကျပ်)
(၈)ဗုဒ္ဓယဉ်ကျေးမှုအခြေပြု၊ ပါဠိရွတ်ဖတ်ပုံ အသံထွက်ညွှန်းပါသည်။ ၁၁ကြိမ်မြောက်ရိုက်နှိပ်ခြင်း၊ (စက္ကူချော)(၇၀၀ကျပ်)
(၉)လူတိုင်းအတွက်ဘဝကူးကောင်းစေဖို့ နလုံးသွင်းဆင်ခြင်နည်းနှင့်လယ်တီ - ဝေဘူ - မိုးကုတ်ဆရာတော်ကြီးသုံးပါးတို့၏ဩဝါဒဓမ္မအနှစ်ချုပ်(၃၀၀ကျပ်)
(၁၀)မဟာသမယသုတ် ပါဠိတော်၊(တစ်သုတ်တည်းသီးသန့်)၊ပါဠိအသံထွက်၊မြန်မာပြန်၊စာလုံးကြီးဖြင့် ရိုက်နှိပ်ထားပါသည်။ (၇၅၀ကျပ်)
(၁၁)ခုနစ်ဆူစက်ပရိတ်နှင့်ဘုရာဂုဏ်တော်(၉)ပါး၊တရားဂုဏ်တော်(၆)ပါး၊သံဃာဂုဏ်တော်(၉)ပါး၊ဂုဏ်တော်(၂၄)ပါး ပွားများနည်း(၂စောင်တွဲ)(စက္ကူချော) (၂၀၀ကျပ်)
(၁၂)ဗုဒ္ဓပရိတ်တော်နှင့်အဋ္ဌရာယ်ကင်းဂါထာ(၁၀၀) ပေါင်းချုပ်(စက္ကူချော - ခန့်ချုပ် - ကတ်ထူဖုံး) (၁၅၀၀ကျပ်)
(၁၃)စိန္တာမုနိဘုရားရှိခိုးနှင့်စိန္တာမဏိဂါထာ(၃)ပုဒ်၊ စိန္တာမဏ မန္တန် အဖို + အမ ပါဠိနိဿယ(၃စောင်တွဲ) (၅၀၀ကျပ်)
(၁၄)ခင်ပွန်းကြီးဆယ်ပါး ဘုရားရှိခိုးနှင့်ပူဇော်ကန်တော့နည်း(ကန်တော့ပွဲပြင်နည်းပါသည်)(စက္ကူချော) (၁၀၀ကျပ်)

သတိ(အဝယ်မမှားစေရန်)
ပညာအလင်းပြအမှတ်တံဆိပ်ပါမှုအိတ်ဆောင်စာအုပ်ဟူ၍မေးမြန်းဝယ်ယူစေလိုပါသည်။
ပင်ရင်းဖြန့်ချိရေး - ပညာအလင်းပြစာအုပ်ဆိုင် (The Knowledge Book Shop)
☎ 01 290927, 09 50 28765
အမှတ်၁၃၀၊ဗိုလ်ချုပ်လမ်းနှင့်လေးဆယ့်ရှစ်လမ်းထိပ်၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်။
→ ဝယ်မရပါက နယ်မှ VPP မှာရန် ←
တင်တင်အေးပိဋကတ်စာပေ၊တောင်ဘက်ဈေးတော်ရုံ၊ရွှေတိဂုံဘုရားကြီးဈေး၊ရန်ကုန်မြို့။
သတိ(စာအုပ်တစ်မျိုးတည်း သို့မဟုတ် မျိုးစုံ) ၂၀အုပ်မှာယူပါရန်
☎ 01 383511၊ လိုင်းခွဲ - 181/187 09 51 64857
မန္တလေး { ထွန်းဦးစာပေ ဖုန်း 02-39891 02-72518
နဂါးစာပေ ဖုန်း 02-33267 02-39869

နှလုံး၊ သွေးလုံ‌း ဆေးလုံး ပျံမေတို့အစဉ်သုံး၊ ဧကမ္ဘာနန်ှင်းလုံး၊
ကေမ္ဘာ
သွေးသားသန့်ရှင်းရောဂါကင်းအသားအရေစိုပြေဆေး
အမှတ်-၂၈၊မြောက်ဖက်တန်း(အပေါ်ထပ်)ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့။ဖုန်း-၅၄၉၁၁၆
1010YR001475

ယနေ့မော်ဒယ်မြင့် ကားများအတွက် ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း

(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြုပုံ)

လုပ်ငန်းခွင်လက်တွေ့ Practical Center တစ်ခုကိုတိုးချဲ့ဖွင့်လှစ်ထားပါသည်။

အမှတ်စဉ် (၂၁) (၂၂) (၂၃) ပုံမှန်တန်းခွဲသစ်များကို ဇူလိုင်လ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

➤ အကြိုမိတ်ဆက် (အခမဲ့) သင်တန်းကို အပတ်စဉ် စနေနေ့တိုင်း ဖွင့်လှစ်ပါသည်။

မော်ဒယ်မြင့်ကားများကို ပြစ်ချက်ရှာဖွေစစ်ဆေးသော OBDII , OBDI စက်အမျိုးမျိုးရရှိနိုင်ပါပြီ။

Engine Doctor Engineering
No. 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
Aspect Management (Myanmar) Co.,Ltd
ရန်ကုန်၊ နေပြည်တော်နှင့် အခြားနယ်မြို့များအတွက်

၁။ လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ကျား/မ(၃၀)ဦး

- ကျန်းမာသန်စွမ်းပြီးရောဂါကင်းဝေးရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းရမည်။
- စကားအပြောအဆိုပြေပြစ်ကောင်းမွန်ရမည်။
- အသက် ၂၀ မှ ၄၅ အတွင်း ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
- စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းများ ဦးစားပေးပြီး အသက်လျှော့ပေါ့စဉ်းစားမည်။
- ညအိပ်ညနေအဆောင်နေမည့်သူများလည်း လျှောက်ထားနိုင်သည်။
- အရက်သေစာ သောက်စားသူများ လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

အရည်အချင်းရှိသောဝန်ထမ်းများဖြစ်စေရန် နိုင်ငံတစ်ကာအဆင့်မှီသော သင်တန်းများအဖြစ် စာတွေ့ လက်တွေ့များကို ကုမ္ပဏီမှ အခမဲ့သင်ကြားပို့ချပေးမည်။

စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မူရင်း CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။

Aspect Management (Myanmar) Co.,Ltd
အမှတ်(39-A)၊ဖိုးစိန်လမ်း၊(Holiday Restaurant ဘေးလမ်းမှဝင်ရန်)ဗဟန်း၊ရန်ကုန်မြို့။
Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

ကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးဇော်ခိုင်မြင့် ၁၂/မဂတ(နိုင်)၀၀၅၀၃၆၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ-

ကျွန်ုပ်တို့၏မိတ်ဆွေသည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အလျား×အနံ(4"x6") အရွယ်အစား (သို့မဟုတ်) အခြားအရွယ်အစားအမျိုးမျိုးရှိ အပြာရောင်ကတ်ထူပြားပေါ်တွင် ပုံ(၁)ပါအတိုင်း ရှေ့မျက်နှာအပေါ်အခြမ်း၌ အင်္ဂလိပ်အက္ခရာ (ROCKY®) ကို အဖြူရောင်ဖြင့်ရေးသား၍လည်းကောင်း၊ "y" စာလုံး၏ အပေါ်တွင် မှတ်ပုံတင်ထားကြောင်း ထင်ရှားစေရန် အင်္ဂလိပ်အက္ခရာ "R"စာလုံးကို စက်ဝိုင်းအတွင်း ထည့်သွင်းရေးသား၍လည်းကောင်း၊ ထို့အပြင် အပြာရောင်ကတ်ထူပြား၏ ဘယ်ဘက်အပေါ်ထပ်တွင် အင်္ဂလိပ်အက္ခရာဖြင့် Size-BL-30mm မှ Size-BL 65-mm ထိနှင့် Size-B-30 mm မှ Size-B-65 mm ထိနှင့် "No-747" ရေးသားဖော်ပြထားပြီး ညာဘက်အပေါ်ထိပ်တွင် အင်္ဂလိပ်အက္ခရာဖြင့် "Excellent Protection" ကို ရေးသားဖော်ပြ၍လည်းကောင်း၊ (ROCKY®)စာလုံး၏အောက်တွင်လည်း အင်္ဂလိပ်အက္ခရာဖြင့် HIGH QUALITY LOCKS ကို ရေးသားဖော်ပြထားပြီး ကတ်ထူပြား၏အောက်ခြေတွင် အင်္ဂလိပ်အက္ခရာဖြင့် "ROCKY® IS ESSENTIAL FOR SECURITY" ဟု ရေးသားဖော်ပြ၍လည်းကောင်း၊ ထို့အပြင် ကတ်ထူပြား၏ ဘယ်ဘက်နှင့်ညာဘက်တို့တွင် ကတ်ထူပြားအား ကန့်လန့်ဖြတ်လျက် အင်္ဂလိပ်အက္ခရာဖြင့် "CHROME PLATED HARDENED SHACKLE" စာသားနှင့် "Security Tech Japan" စာသားများကို ရေးသားဖော်ပြ၍လည်းကောင်း၊ ကတ်ထူပြား၏ ဘယ်ဘက်အပေါ်နား ROCKY® စာသား၏ အောက်ဘက်တွင် ဟေလိုဂမ်(Helogen)အဝိုင်းအဝန်းတွင် GENUINE HIGH QUALITY နှင့် ညာဘက်အပေါ်နား ROCKY® စာသား၏ အောက်ဘက်တွင် အထက်ဖော်ပြပါပုံ(၁)တွင် ပါရှိသည့်အတိုင်း အဖြူတံဆိပ်ဝိုင်းအဝန်းတွင် HIGH SECURITY LOCKS & EXCELLENT PROTECTION တို့ကို ဖော်ပြကပ်နှိပ်၍ လည်းကောင်း၊ အပြာရောင်ကတ်ထူပြား၏ နောက်ကျောဘက်တွင် ရေးသားဖော်ပြမည့် စာသားများ၊ တံဆိပ်များ၊ ကုန်ပစ္စည်းပုံများမှာ အောက်တွင်ဖော်ပြထားသော ပုံ(၂)ပါအတိုင်း ရေးသားကပ်နှိပ်ဖော်ပြပြီး၊ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းကာ ယင်းကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြုလျက် သော့နှင့် သော့ခလောက်အမျိုးမျိုးကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ပုံ(၁) ပုံ(၂)
၁၈၆၂/၂၀၁၁(၁-၃-၂၀၁၁) ၁၈၆၂/၂၀၁၁(၁-၃-၂၀၁၁)

ယခုအခါဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ကျွန်ုပ်တို့မိတ်ဆွေမှ ဖြန့်ဖြူးရောင်းချလျက်ရှိသော သော့နှင့် သော့ခလောက်အမျိုးမျိုးသည် ဈေးကွက်တွင် ကောင်းမွန်သော ဂုဏ်သတင်း၊ အရည်အသွေးများဖြင့် အောင်မြင်ကျော်ကြားလျက်ရှိပါသည်။ ထိုသို့ ကျွန်ုပ်မိတ်ဆွေ၏ နာမည်ကောင်းဖြင့် အောင်မြင်ကျော်ကြားလာသည့် ကုန်ပစ္စည်းအပေါ် အခွင့်ကောင်းယူလျက် လူ/ကုမ္ပဏီအချို့က အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် ဆင်တူယိုးမှား၊ ပုံတူပုံမှားပြုလုပ်ကာ သော့နှင့် သော့ခလောက်အမျိုးမျိုးကို တုပလျက်ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် အများပြည်သူများအနေဖြင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားစာလုံးစာသားများကို သေချာစွာသတိပြု၍ ဝယ်ယူအားပေးကြရန်နှင့် သော့၊ သော့ခလောက်တို့အား တွဲဆက်၊ ကပ်ချိတ်ထားသည့် အထက်ပုံများပါ ကတ်ထူပြားများပေါ်ရှိ အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသား၊ နံပါတ်၊ စကားလုံး၊ စာသားများ၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူကူးယူခြင်း၊ တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်းများပြုလုပ်ပြီး သော့နှင့် သော့ခလောက်အမျိုးမျိုးကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြော်ငြာခြင်း လုံးဝမပြုလုပ်ကြရန်နှင့် ဈေးကွက်အတွင်းရှိ တုပပြုလုပ်ထားသော ကုန်ပစ္စည်းများ (သော့နှင့် သော့ခလောက်အမျိုးမျိုး)အား ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်သတ္တပတ်နှစ်ပတ်အတွင်း အမြန်ဆုံးပြန်လည်သိမ်းဆည်းကြရန် သတိပေးတားမြစ်လိုက်ပါသည်။ ဤသတိပေးတားမြစ်ချက်ကို လိုက်နာခြင်းမရှိခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးဇော်ခိုင်မြင့်
၁၂/မဂတ(နိုင်)၀၀၅၀၃၆

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမေအောင်(၇၇၄၉)
တရားလွှတ်တော်ရှေ့နေ

ဒေါ်ကြည်သာဆွေ(၃၄၄၁၇)
အထက်တန်းရှေ့နေ

ဒေါ်ဝတ်ရည်သန့်(၂၉၉၉၀)
အထက်တန်းရှေ့နေ

အခန်း ၁၀၄(E) ပထမထပ်၊ တိုက် ၁၀/၁၂၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

စီးပွားရေးကြော်ငြာများ

အထူးကျေးဇူးတင်ရှိပါကြောင်း

အကြိမ်(၅၀)မြောက် ရွှေရတုမြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲအား ဖြစ်မြောက်အောင် အားပေးချီးမြှောက်ခွင့်ပြုပေးခဲ့ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တပ်မတော်မှတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ကျောက်မျက်ရတနာများအား လာရောက်တင်ပြရောင်းချပေးသောကုမ္ပဏီများနှင့် (ကျောက်မျက်ရတနာကုန်သည်)များ၊ ကျောက်မျက်ရတနာများ တူးဖော်နိုင်အောင် ရှာဖွေဖော်ထုတ်ပေးခဲ့ကြသည့် ဘူမိဗေဒပညာရှင်ကြီးများ၊ ကျောက်မျက်ရတနာရောင်းချပွဲအား အစဉ်အဆက်ဖြစ်မြောက်လာအောင် အားပေးပြုလုပ်ခွင့်ပြုခဲ့ကြသော ကျေးဇူးတင်ထိုက်သူပုဂ္ဂိုလ်များ၊ ကျောက်မျက်ရတနာပြပွဲသို့ လာရောက်ဝယ်ယူကြသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး၊ မိုးကုတ်၊ ဖားကန့်၊ မြစ်ကြီးနား)မှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းသူ၊ အသင်းသားအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်

ဖခင်အမည်မှန်ကြေညာခြင်း

ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာ(အထက) ကျောင်းတွင် ပညာသင်ကြားနေသော မနန်းဆိုင်ဆိုင်ဖောင်းနှင့် မနန်းလောဝ်အွန်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုင်းထွန်းလင်း ဖြစ်ပါကြောင်း။

ဦးစိုင်းထွန်းလင်း

မွေးသက္ကရာဇ်အမှန်ကြေညာခြင်း

နမ့်ခမ်းမြို့နယ်၊ နောင်စန့်ကုန်းရပ်၊ ရပ်ကွက်(၂)တွင်နေထိုင်သော ဦးစိုင်းစံဆာ၏ သမီး အထက(ခွဲ)တွင် ပညာသင်ကြားနေသော နန်းဆိုင်နွမ်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၀-၂၀၀၁ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်ကြေညာခြင်း

နမ့်ခမ်းမြို့နယ်၊ ရပ်ကွက်(၄)တွင် နေထိုင်သော ဦးယုံးချင့်၏သား မောင်ကျော်ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၁၉၈၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်ကြေညာခြင်း

နမ့်ခမ်းမြို့နယ်၊ ဝိန်းဆာကျေးရွာတွင် နေထိုင်သော အထက(၁)၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မနန်းဆိုင်မိုလင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းမောင်ထွန်း(ခ) ဦးစိုင်းအောင်မြင့် ဖြစ်ပါကြောင်း။

ဦးစိုင်းမောင်ထွန်း(ခ)ဦးစိုင်းအောင်မြင့်

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဝိဇဟိတဌာန) နှင့် တာဝတိံသာနတ်ပြည်သို့ကြွလှမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ဒေါက်တာဘဒ္ဒန္တ နရိန္ဒာဓိပတိ (ဓမ္မာစရိယ) သည် မြေတစ်ဧက ဝယ်ယူပြီးစီး၍ မဟာဇေယျသုခ သုံးထပ်ကျောင်းတိုက်ကြီးအား ဆောက်လုပ်လျက် ရှိရာ ဖောင်ဒေးရှင်း ပြီးစီး၍ မြေညီထပ် တိုင်ထူပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါနံ သံဃဿအဂ္ဂံဗုဒ္ဓေနဝဏ္ဏိတံ" (ဝိဟာရဟူ ကျောင်းအလှူကို ဆူဆူဗုဒ္ဓ ချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်စတုရန်းပေလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့်အောက်ပါအတိုင်းဆက်သွယ်၍ရက်ရောကြည်ဖြူစွာကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တနရိန္ဒာဓိပတိ၊ မဟာဇေယျသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။
ဖုန်း - ၀၀၉၁ - ၈၄၀၀ ၃၈၀ ၁၃၂၊ ၈၈၉၆ ၇၅၂၉၇၇၊ unarinda08@gmail.com

၂။	ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။	၀၁ - ၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၃၇၇၆၁၅၊ ၆၅၇၇၉၄
၃။	ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မင်္ဂလာတောင်ညွန့်။	၀၁ - ၂၉၆၄၄၆၊ ၀၉ - ၅၀၁၃၅၂၂
၄။	ဒေါ်မေသူမောင်၊ မေသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်။	၀၉ - ၅၁၉၂၄၄၈၊ ၀၉ - ၇၃၂၄၁၆၈၇၊ ၀၉ - ၅၀၁၂၄၇၀
၅။	ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်း။	၀၁ - ၅၃၂၀၈၆၊ ၀၉ - ၅၁၁၃၄၀၄၄၊ ၀၉ - ၅၁၈၈၃၇၆
၆။	ဒေါ်နီနီဝင်း၊ ရွှေမိုဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေ။	၀၁ - ၅၄၆၈၂၀၊ ၀၉ - ၅၀၂၁၁၉၂
၇။	တိုးတိုးရတနာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ လှည်းတန်း၊ ကမာရွတ်။	၀၁ - ၅၀၃၉၂၅၊ ၀၁ - ၅၂၇၅၃၉
၈။	ဒေါ်တင်မိုးအေး၊ ကျော်ကျော်ကားပစ္စည်းဆိုင်၊ ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။	၀၂ - ၅၁၅၄၀၅၀၊ ၀၉ - ၅၁၁၆၈၀၄

Victoria University College

Education for All

"အမိအရသင်ယူရမည့်ပညာရေး အခွင့်အလမ်းသစ်"

"Victoria University College နှင့်အမေရိကန် Lincoln University တို့၏ ပညာရေးပူးတွဲဆောင်ရွက်မှုအရ USA Hons: Degree ကို မြန်မာနိုင်ငံ Victoria University College တွင်သင်ယူခွင့်ရမည့်အခွင့်အလမ်း သိကောင်းစရာများ"

ဟောပြောမည့်သူ	-	ဒေါက်တာနေ နှင့်ပါမောက္ခချုပ်တစ်ဦး
ကျင်းပမည့်နေ့	-	၄.၇.၂၀၁၃ (ကြာသပတေးနေ့)
ကျင်းပမည့်အချိန်	-	နေ့လည် (၁း၀၀)နာရီမှ (၃း၀၀)နာရီ
ကျင်းပမည့်နေရာ	-	Traders Hotel Ball Room (One)

♦ ကျောင်းသား၊ကျောင်းသူများနှင့်မိဘများ၊ပညာရေးကိုစိတ်ပါဝင်စားသူအားလုံး(အခမဲ့)တက်ရောက်နိုင်ပါသည်။

♦ ဒေါက်တာနေ၏ "ပညာရေးဟောပြောပွဲမှတ်စုများ" စာအုပ်တစ်အုပ်စီလက်ဆောင်ပေးအပ်ပါမည်။

ကျောင်းသားရေးရာဌာန MMB Campus - အမှတ်(၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉၅၁၀၄၇၄၈။

အခန်းရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့၊ မေခ မလိခ အိမ်ရာရှေ့၊ လေးထောင့်ကန်လမ်းမကြီးအနောက် ပေ၅၀ လမ်းကျယ် မြေညီနှစ်ခန်းတွဲ(သို့) တစ်ခန်းချင်းတိုက်သစ်၊ အဖိုးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ **ဖုန်း-၀၉-၅၀၈၁၆၆၀**

တစ်ဦးတည်းဖြစ်ပါကြောင်း

